လယ်ယာ စီးပွား သတင်း
The Agri-Business News

မျှော်မှန်းချက် (Vision)

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ (31-7-2019) အမှတ် (၇၆၀)
www.moai.gov.mm

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသော ဘင်းမ်စတက်စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများ ပထမအကြိမ် အစည်းအဝေး ကျင်းပ

စီးပွားရေးပေါင်းစည်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့စေရေး၊ ဆင်းရဲမှုပပျောက်စေရေး၊ စီးပွားရေးတိုးတက်မှုညီမျှစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်

နေပြည်တော် ဇူလိုင် ၁၂

ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (BIMSTEC) စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် ပထမအကြိမ်အစည်းအဝေး (First BIMSTEC Ministerial Meeting on Agriculture 1st BAMM) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် Hilton Hotel, Grand Ball Room ၌ ကျင်းပသည်။ (အပေါ်ပုံ)

ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေး ကျင်းပ

အခမ်းအနားသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဘင်းမ်စတက်နိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းထွက်ကုန်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံရှိပြီး လူဦးရေ ၁ ဒသမ ၅ ဘီလီယံခန့်ရှိသဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေ၏ ၂၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ညီမျှခြင်းမရှိသော်လည်း တူညီသောစိန်ခေါ်မှုများ ရှိနေသည့်အတွက် စီးပွားရေးပေါင်းစည်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေး၊ ဆင်းရဲမှုပပျောက်စေရေး၊ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးတိုးတက်မှုညီမျှစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့စေရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ နီပေါနိုင်ငံတွင် ကျင်းပခဲ့သည့် ၄ ကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့်ကဏ္ဍများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုသည် ဘင်းမ်စတက်ဒေသတွင်းရှိ ပူးပေါင်းဆောင်ရွက်မှုဧရိယာ ၁၄ ခုအနက် တစ်ခုဖြစ်ပြီး ယခုကျင်းပသည့် အစည်းအဝေး၏ ဆောင်ပုဒ်သည် **"စားနပ်ရိက္ခာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲမှုအားခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးမှတစ်ဆင့် စိုက်ပျိုးထုတ်လုပ်သူများ သာယာဝပြောစေရေး"** ဖြစ်ပါကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေးပန်းတိုင် အထူးသဖြင့် ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှု ပပျောက်စေရေးပန်းတိုင်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိပါကြောင်း၊ ပထမအကြိမ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်းကို ၂၀၀၇ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပြီး ယခုပထမအကြိမ် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်သည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံး အထွေထွေအတွင်းရေးမှူးချုပ်၊ Ambassador M.Shahidul Islam က အမှာစကားပြောကြားသည်။

ထို့နောက် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများသည် စုပေါင်းမှတ်တမ်း

စာ - ၂ သို့

မြန်မာ-အိန္ဒိယ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲက ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၏ ပထမအကြိမ်အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားရေးရာဝန်ကြီး

H.E Mr.Parshottam Rupala အား နေပြည်တော် Hilton Hotel ညှိနှိုင်းခန်းမ ၌ လက်ခံတွေ့ဆုံ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးရေး နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေး ဆွေးနွေးကြသည်။ (ပုံ)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိသားစုများ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိသားစုများ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရုံးအမှတ် ၁၅ စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် နေပြည်တော် ဦးစီးပဓာန နာယက နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဂန္ထဝါစကပဏ္ဍိတမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အရှင်သူမြတ်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဝန်ကြီးဌာန မိသားစုများက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ (ပုံ)

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ရွတ်ဖတ်သရဇ္ဈာယ်တော်မူအပ်သော မေတ္တာသုတ်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရှိသေစွာနာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဇနီး ဒေါ်သန်းသန်းငွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်၏ ဦးစီးပဓာန နာယက နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဂန္ထဝါစကပဏ္ဍိတမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ပင့်သံဃာ အရှင်သူမြတ် ၁၈ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

MOALI ပြန်ကြားရေး

ဒုတိယဝန်ကြီး ဦးလှကျော်နှင့်ဇနီး ဒေါ်သန်းသန်းငွေ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရွှေဖုံး - မြန်မာနိုင်ငံ မှ

တင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို သရဖီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဘင်းမ်စတက်နိုင်ငံများအကြား စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုပြုခြင်း၊ ယမန်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးမှ ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို အတည်ပြုလက်ခံခြင်း၊ အစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် ဒုတိယအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေး ကျင်းပမည့်နေ့ရက်၊ နေရာနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခြင်းတို့ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက် ထုတ်ပြန်ကြသည်။

အစည်းအဝေးအပြီးတွင် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများသည် Gem Museum၊ Rice Processing Complex၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် ရိတ်သိမ်းချိန်လွန် သုတေသနဌာနတို့ကို သွားရောက်လေ့လာကြသည်။

အလားတူ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း ဘင်းမ်စတက်(BIMSTEC) စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော် Hilton Hotel ၌ ကျင်းပရာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါနှင့် ဘူတန်နိုင်ငံများမှ စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘင်းမ်စတက်ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးအတွက် မြန်မာနိုင်ငံ၏ အတွေ့အကြုံအားဖလှယ်မှုပြုခြင်းကို မြန်မာနိုင်ငံက ဆွေးနွေးတင်ပြခြင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့၌ ကျင်းပခဲ့သည့် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လုပ်ငန်းအဖွဲ့ ၆ ကြိမ်မြောက် အစည်းအဝေး၏ အစီရင်ခံစာကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၂၄ ရက်မှ ၂၅ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ကျင်းပခဲ့သည့် ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လုပ်ငန်းအဖွဲ့ ၇ ကြိမ်မြောက် အစည်းအဝေး၏ အစီရင်ခံစာကို ပြန်လည်သုံးသပ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် သတ်မှတ်ထားသော စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဘုံစီမံကိန်းခုနစ်ခုနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ ပထမအကြိမ် အစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

ဘင်းမ်စတက် ကိုယ်စား လှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများ
စိုက်ပျိုးရေးသုသေတနဦးစီးဌာနရှိမျိုးစေ့ဘဏ် လေ့လာ

လယ်ယာ စီးပွား သတင်း
The Agri-Business News
The Agri-Business News

အယ်ဒီတာချုပ်
မြတ်စိုး(လှိုင်)

အမှုဆောင်အယ်ဒီတာ
တင်ကြည်လှိုင်

သတင်းအင်အားစု
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းဌေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္ဇာလှိုင် (ဘားအံ)၊

ထုတ်ဝေသူ
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

ပုံနှိပ်သူ
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

ဒေါင်းစီးစာလုံး
သက်မော်

ဒီဇိုင်း
စိုးဟန်၊ နွယ်နီ

ဗလင်၊ ကာလာခွဲ
မြကျွန်းသာ

ကြော်ငြာ
လယ်ယာစီးပွားသတင်းအဖွဲ့

ဖြန့်ချိရေး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

ဆက်သွယ်ရန်
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း-၆၆၃၅၀၅
Email:agribusinessnews2000
@gmail.com

အယ်ဒီတာ့အာဘော်

စိုက်ပျိုးရေ၊ သောက်သုံးရေနှင့် ရေကြီးရေလျှံသတိထားရန် လိုအပ်

ယခုနှစ်မိုးရာသီ မိုးရွာသွန်းမှုနှင့်ပတ်သက်၍ "မိုးလယ်တွင် မုတ်သုံအားကောင်းနေသဖြင့် ပုံမှန်ထက်မိုးပိုနိုင်ကြောင်း၊ လက်ရှိတွင် မြစ်ရေလျှံပြီး ရေကြီးနစ်မြုပ်မှုများ ပေါ်ပေါက်နေသည့်ဒေသများမှာ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးများ၊ ထိုမှတစ်ဆင့် ညောင်ဦး၊ ချောက်၊ မကွေး၊ အောင်လံ၊ ပြည်နှင့်ဆိပ်သာစသည့်မြို့နယ်များ၊ ဒေသများသို့စုန်ဆင်းလာမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတနှင့်ဇလွန်စသည်တို့တွင်မူ မြစ်ရေဆင်းလာချိန်နှင့် ပင်လယ်ဒီရေအတက်အကျပေါ်တွင် မူတည်ကြောင်း၊ မိုးကလည်း ပြန်ကောင်းလာနိုင်၍ ရေဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပေါ့ဆ၍မရဘဲ အမြဲသတိရှိနေကြရန်လိုကြောင်း" မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက သတိပေးပြောဆိုထားကြောင်း သိရှိရသည်။

ထို့ပြင် "ဇူလိုင်၊ ဩဂုတ်နှင့်စက်တင်ဘာအတွင်း ရေကြီးပြီးနောက်ပိုင်း မိုးပိုလာဖို့ရှိတယ်"ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း သုံးသပ်သတိပေးထားသည်။

လက်ရှိတွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၁ ရက်၌ မန္တလေး၊ သပိတ်ကျင်းနှင့်စစ်ကိုင်းမြို့တို့၌ စိုးရိမ်ရေမှတ်ထက် တစ်ပေခန့်မြင့်တက်နေသည်ဆို၏။

ထိုအခြေအနေကြောင့် မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစ်ရေကြီး၊ ရေလျှံဖြစ်လာနိုင်သည့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူပြည်သူများ သတိပြုနေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်ထားသည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကြိုတင်ပြင်ဆင်မှုများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

လတ်တလောတွင် စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးများအတွင်း မြို့နယ်ခြောက်မြို့နယ်မှ လူဦးရေ ၈၀၀၀ ခန့်နှင့် ကျွဲနွားကောင်ရေ ၄၀၀၀ ကျော်၊ မြင်း၊ ဝက်နှင့်အိမ်မွေး တိရစ္ဆာန်ကောင်ရေ ၅၂၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ အရေးပေါ်ပြောင်းရွှေ့ထားရကြောင်း ကြားသိရသည်။

ထို့ပြင် ရေကြီးရေလျှံဖြစ်ပေါ်လာနိုင်သည့်ဒေသများထဲမှ ထီးချိုင့်၊ ရွှေဘိုနှင့်ကျောက်မြောင်းမြို့နယ်များမှ ဒေသခံ ၆၅၀၀ ခန့်နှင့် သပိတ်ကျင်းနှင့် စဥ့်ကူမြို့များမှ ဒေသခံ ၁၅၀၀ ခန့်ကိုလည်း ရေဘေးလွတ်ရာသို့ ကြိုတင်ကာကွယ်ရေးအနေဖြင့် ပြောင်းရွှေ့ထားကြောင်း သိရသည်။

ထိုသတင်းများနှင့်အတူ ကချင်ပြည်နယ်တွင် ဦးရေ ၂၂၀၀၀ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးရေ ၅၀၀၀ ခန့်၊ ရခိုင်ပြည်နယ်တွင် ဦးရေ ၁၀၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးရေ ၂၀၀၀ ခန့် ရေဘေးသင့်လျက်ရှိသည် ဆို၏။

ယခုကဲ့သို့ ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရသည့်ဒေသများနှင့် ရေဘေးဆိုက်ရောက်နေသည့်ဒေသများထဲတွင် အချို့မှာ စစ်ဘေးရှောင်ပြည်သူများပါ ပါဝင်နေသဖြင့် "မြွေပူရာကင်းမှောင့်"ဆိုသလို တစ်ပူပေါ်နှစ်ပူဆင့်ကာ ဒုက္ခခံစားနေကြရခြင်းဖြစ်သည်။

ထို့ပြင်လည်း အဆိုပါရေဘေးဒုက္ခကြုံတွေ့နေရသူများနှင့် ရေကြီးရေလျှံဒေသများထဲတွင် အများစုမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်အားရှင်များဖြစ်နေကြ၍ ရာသီချိန်ကိုက် လုပ်ငန်းခွင်မဝင်နိုင်ဘဲ ရိက္ခာထုတ်လုပ်မှုကိုပါ များစွာထိခိုက်ကာ "ဖွတ်မရ ဓားမဆုံး"အခြေအနေကိုပါ ကြုံတွေ့နေကြရခြင်းဖြစ်သည်။

ယခုမိုးလယ်၌ လက်ငင်းကြုံတွေ့နေကြရသည့်ဒေသများမှာ မြန်မာနိုင်ငံ၏ အသက်သွေးကြောမြစ်ကြီးလေးစင်းအနက်မှ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြီးနှစ်စင်း အပါအဝင် မြစ်ငယ်ချောင်းငယ်အသွယ်သွယ်ရှိသည့်ဒေသများ ဖြစ်ကြသည်။

ယမန်နှစ်ကဆိုလျှင် မိုးလယ်မိုးနှောင်းပိုင်း၌ သံလွင်နှင့်စစ်တောင်းမြစ်ကြီးနှစ်စင်းဖြတ်သန်းရာ ဒေသများ၌ပါ ကြီးမားစွာ ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့၍ ယခုနှစ်တွင်လည်း ကြိုတင်ပြင်ဆင်သတိထားကြရန် လိုအပ်မည်ဖြစ်သည်။

ရေကြီးရေလျှံဘေးဒဏ်ကြုံရပြီဆိုလျှင် စိုက်ပျိုးပြီး၊ စိုက်ပျိုးဆဲစိုက်ခင်းများသာမက မွေးမြူရေးလုပ်ငန်းများပါ ကြီးမားစွာ ထိခိုက်ပျက်စီးကြရသည်။

ထို့ကြောင့် ယင်းတို့ကို ပြန်လည်ထူထောင်နိုင်ရန် စိုက်ပျိုးရေ၊ မျိုးစပါး၊ ထွန်၊ ထယ်၊ စက်ကိရိယာ၊ ပိုးမွှားရောဂါကာကွယ်ဆေး၊ လူ့စွမ်းအား၊ ကျန်းမာရေးအတွက် သောက်သုံးရေနှင့် ဆေးဝါးစသည်တို့မှာ အထူးအရေးပါသဖြင့် သတိရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းကြိုတင် ပြင်ဆင်၊ ကာကွယ်၊ စောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပေသည်။ ။

ရေလှောင်တမံနှင့်ရေဘေးကာကွယ်ရေးတာများ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်နှင့်ပတ်သက်၍ ညွှန်ကြားချက်ထုတ်ပြန်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူစီမံ ထိန်းသိမ်းလျက်ရှိသည့် ရေလှောင်တမံနှင့် ရေဘေး ကာကွယ်ရေးတာများတွင် (Emergency Preparedness Plan - EPP)ပါ လုပ်ငန်းစဉ်များအတိုင်း ပုံမှန်စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းများ၌ အားနည်းမှု၊ လစ်ဟင်းမှုမဖြစ်ပေါ်စေရန် တာဝန်ရှိသူများအား ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

ထိန်းသိမ်းစီမံဆောင်ရွက်လျက်ရှိသည့် ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ရေဘေးကာကွယ်ရေးတာများတွင် ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan - EPP) များကို ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေး တာများ တစ်ခုချင်းအလိုက် ရေးဆွဲထားပြီးဖြစ်ကြောင်း၊ အဆိုပါ EPP လုပ်ငန်းစဉ်များအတိုင်း ပုံမှန်စောင့်ကြည့် စစ်ဆေးမှုလုပ်ငန်းများ၌ အားနည်းမှု၊ လစ်ဟင်းမှုမဖြစ်ပေါ်စေရန်အတွက် စီမံခန့်ခွဲနိုင်သည့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများအား ရေလှောင်တမံများတွင် အလှည့်ကျတာဝန်ခွဲဝေ၍ ညအိပ် အခြေပြုကာ အထူးဂရုပြုစောင့်ကြည့် စီမံရန်လိုအပ်သည့်အပြင် အရေးပေါ် ကာကွယ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အစီအမံများကိုလည်း ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ညွှန်ကြားချက်၌ ဖော်ပြပါရှိသည်။

EPP ပါ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လက်အောက်ရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အခြားပတ်သက် ဆက်စပ်သည့် ဌာနဆိုင်ရာများကိုလည်း ကြိုတင်အသိပေး ဆောင်ရွက်ထားရန်နှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ ထူးခြားသည့် အခြေအနေတွေ့ရှိပါက အထက်တာဝန်ရှိသူ အဆင့်ဆင့်သို့လည်းကောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်သို့လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ ချက်ချင်း သတင်းပို့တင်ပြခြင်းနှင့်အတူ လိုအပ်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တစ်ပြိုင်တည်း စီမံဆောင်ရွက်ကြရန် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ရေလှောင်တမံနှင့် ရေဘေး ကာကွယ်ရေးတာများ၏ တာဝန်ရှိသူများ အား အကြောင်းကြားပြီးဖြစ်ကြောင်း၊ ယခု ညွှန်ကြားချက်နှင့်ပတ်သက်၍ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို မပျက်မကွက်ပြန်လည် တင်ပြကြရမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက အသိပေး ထုတ်ပြန်ထားသည်။

MOALI ပြန်ကြားရေး

စိုက်ပျိုးရေးအခြေခံသင်တန်း ဆောမြို့နယ်တွင် ဖွင့်လှစ်

ဂန့်ဂေါ ဇူလိုင် ၅

ဂန့်ဂေါ ခရိုင် ဆောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးအခြေခံသင်တန်းကို ယနေ့နံနက် ၈ နာရီက အညာကတင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ရာ ဆောမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦးတို့အား ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ ပို့ချသည်။

ဇော်မျိုးသန့် (ဆောပြန်/ဆက်)

ရွှေခရုဥမြုံကာကွယ်နှိမ်နင်းမှု လက်တွေ့ကောက်ယူ အသိပညာပေးပွဲ ကျိုက်လတ်တွင် ပြုလုပ်

ကျိုက်လတ် ဇွန် ၂၈

မိုး စပါးစိုက်ပျိုးရာသီတွင် ရွှေခရုနှင့်ဥမြုံများကောက်ယူရှင်းလင်း အသိပညာပေးပွဲကို ယနေ့နံနက်က ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာအုပ်စု၌ ကျင်းပရာ တောင်သူ ဦးမြင့်သောင်း၏လယ်အတွင်းမှ ရွှေခရု အကောင် ၁၈ တင်းကျော်နှင့် ဥမြုံနှစ်တင်းခန့် ဖျက်ဆီးပေးခဲ့ကြောင်း သိရသည်။

သပြေထွန်း

ဝါထွက်လည်း ကောင်း၊ ပျားလည်း ရ အပြန်အလှန် သဟဇာတ

မောင်ငြိမ်းအောင် (တန့်ဆည်)

ဝါပင် သည် အလွန်ရှေးကျသောအပင်တစ်မျိုးဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀၀ မှ ၃၀၀၀၀ အချိန်ကပင် ဝါရိုင်းပင်မှသည် ဝါယဉ်ပင်အဖြစ် စိုက်ပျိုးခဲ့ကြသည်ဟု မှတ်တမ်းများက ဆိုသည်။ မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း ၁၀၀၀ ခန့်ကတည်းက ဝါပင်ကို စိုက်ပျိုးအသုံးချခဲ့ကြောင်း ဂျီအီးဟာဗေးက မြန်မာ့သမိုင်းတွင် ရေးသားခဲ့သည်။

အဝတ်အထည်ရက်လုပ်ရန် ဝါစိုက်ပျိုးထုတ်လုပ်မှု ကျယ်ပြန့်လာသည်နှင့်အမျှ ဝါပင်ကိုအခြေပြု၍ ပျားများသည်လည်း ပွားများလာခဲ့ကြသည်။ ဝါပင်၏ ဝတ်ရည်နှင့်ဝတ်မှုန်များကပင် ပျားများ၏အစာဖြစ်လာသည်။ ပျားရည်လည်း ရလာသည်။ ဝါပွင့်များဆီသို့ ပျားများ ကူးလူးပျံသန်းမှုများလာလေလေ ဝါထွက်နှုန်းကောင်းကာ ဂွမ်းမွေးအရည်အသွေးနှင့် ဝါစေ့တို့၏ အရည်အသွေးပါ ကောင်းလာစေသည်။ သို့ဖြင့် ဝါနှင့်ပျား အပြန်အလှန် သဟဇာတဖြစ်နေသည်။

ဝါပင်တွင် ဝတ်ရည်ထွက်သောနေရာ ငါးခုရှိသည်။ ၎င်းတို့မှာ အပွင့် (ပွင့်ဖတ်အတွင်းပိုင်းအောက်ခြေ)၊ ပွင့်ခံရွက်သုံးရွက်ဆုံသည့်နေရာ၊ ပွင့်ခံရွက်၏အောက်ခြေ၊ အရွက်အောက်မျက်နှာပြင်ရှိ အကြောများနှင့် အပွင့်၊ အရွက်နုတို့၏ အညှာတံတို့ဖြစ်သည်။

အညှာတံမှထွက်သော ဝတ်ရည်ရှိရာသို့ ပျားများလာရောက်ခြင်းမရှိသဖြင့် ဝတ်မှုန်ကူးရန်အကျိုးမပြုပါ။ ဝါပွင့် (ပွင့်ဖတ်၏အောက်ခြေ) မှထွက်သော ဝတ်ရည်များကိုသာ ပျားများနှစ်ခြိုက်ကြသဖြင့် ဝတ်မှုန်ကူးမှု၊ သန္ဓေအောင်မှုကိုလည်း အကျိုးဖြစ်စေပါသည်။ အပွင့်အပြင်ဘက် အခြားနေရာမှထွက်သော ဝတ်ရည်များသည် ဘေးဥပဒ်ဖြစ်စေမည့် ပိုးမွှားများကိုသာ ဆွဲဆောင်မှုရှိသည်။ သို့အတွက် ပန်းပွင့်၏ အတွင်းပိုင်း နူးညံ့သော အစိတ်အပိုင်းများကို ဘေးဥပဒ်မှ အလိုအလျောက် အကာအကွယ်ပေးပြီး ဖြစ်စေသည်။

ပွင့်ဖတ်အုံအတွင်းပိုင်းအောက်ခြေမှထွက်သော ဝတ်ရည်များသည် ပန်းမပွင့်မီရက်အနည်းငယ် (သို့မဟုတ်) နာရီအနည်းငယ်မှ စတင်ထွက်လေ့ရှိသည်။ ပန်းပွင့်သောနေ့ နေ့လယ် ၂ နာရီမှ ၃ နာရီခန့်တွင် ဝတ်ရည်အများဆုံးထွက်သည်။ ဝတ်ရည်ပမာဏမှာ ရာသီဥတု၊ အစိုဓာတ်၊ မြေဩဇာလုံလောက်မှုစသည်တို့အပေါ်တွင်သာ မူတည်သည်။ ဝတ်ရည်များများထွက်ချိန်တွင် ပျားများလာရောက် စုပ်ယူလေ့ရှိသည်။ ဝါပွင့်၏ အရောင်ပြောင်းသွားသည်နှင့်အမျှ ဝတ်ရည်ထွက်ရှိမှုလည်း ရပ်ဆိုင်းသွားသည်။ **ပျားများလာရောက်ချိန်မတိုင်မီနှင့် လာရောက်နေချိန်တွင် ပိုးသတ်ဆေးမဖျန်းမိစေရန် အထူးသတိပြုကြရသည်။**

ပျားများသည် ဝါဝတ်ရည်တွင် သကြားဓာတ်နည်းနေလျှင် နှစ်ခြိုက်မှုမရှိပေ။ ပျားများလာရောက်မှုလည်း နည်းသွားသည်။ ပျားများသည် ဆူးခရို့စ်၊ ဂလူးကို့စ်၊ မောလ်တို့စ်နှင့် ဖရပ်တို့စ်စသည့် သကြားဓာတ်များကို နှစ်ခြိုက်ကြသည်။ ၎င်းသကြားဓာတ်လေးမျိုး အချိုးညီညီပါဝင်နေမှုကို ပျားများပိုမိုနှစ်သက်ကြသည်။ ဝါပင်မှဝတ်ရည်သည် လိမ္မော်ပင်မှဝတ်ရည်ထက် ဆူးကရို့စ်ပါဝင်မှု ၂၄ ဆ လျော့နည်းနေသော်လည်း ဒက်ထရို့စ်နှင့် လီဗျူလို့စ်တို့မှာ နှစ်ဆကျော်ပါဝင်နေသဖြင့် သကြားဓာတ်ပါဝင်မှုအတူတူပင်ဖြစ်သည်။ ဝါပင်မှဝတ်ရည်တွင် မိုနိုသကြားစုစုပေါင်း ၂၁ ဒသမ ၄၆ ဒသမ ၉ ရာခိုင်နှုန်းအထိ၊ ဆူးခရို့စ်ပါဝင်မှုမှာ ၂ ဒသမ ၃ မှ ၇ ဒသမ ၆ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ဝါပွင့်ဖြိုင်ဖြိုင်ပွင့်ချိန်တွင် ပျားများလာရောက်မှုနည်းပြီး ပန်းစတင်ပွင့်ချိန်နှင့် ရာသီကုန်ချိန်၊ ဝါပွင့်လျော့သွားချိန်တွင် ပျားများလာရောက်မှုပိုများကြောင်း တွေ့ရသည်။ ပန်းပွင့်အတွင်းမှ ထုတ်လုပ်သောဝတ်ရည်သည် ပန်းပွင့်အပြင်မှ ထုတ်လုပ်သောဝတ်ရည်ထက် ပမာဏများသော်လည်း ပျားများကို ဆွဲဆောင်မှုနည်းပါးစေသည်။

ဝါစိုက်ပျိုးသောမြေတွင် စုပါဖော့ဖိတ်မြေဩဇာထည့်ပေးခြင်းသည် ဝတ်ရည်ထုတ်လုပ်မှု ၁၇၀ ရာခိုင်နှုန်းပိုစေပြီး၊ ပိုတက်စီယမ်မြေဩဇာထည့်ပေးခြင်းသည် ၁၃၀ ရာခိုင်နှုန်းပိုစေကြောင်း တွေ့ရသည်။ နွားချေး၊ မြေဆွေးထည့်ပေးခြင်းသည် ဝတ်ရည်အများဆုံးထွက်ရှိနိုင်သော်လည်း နိုက်ထရိုဂျင်မြေဩဇာထည့်ပေးခြင်းသည် ဝတ်ရည်ထုတ်လုပ်မှုအတွက် ထူးခြားမှုမရှိကြောင်း တွေ့ရှိရသည်။

ပွင့်ခံရွက်သုံးရွက်ဆုံရာနှင့် ပွင့်ခံရွက်အောက်ခြေတို့မှ ထွက်ရှိသော ဝတ်ရည်တို့သည် ပန်းမပွင့်မီ ရက်အတန်ကြာမှ ပန်းပွင့်ပြီးနောက် နှစ်ပတ်၊ သုံးပွင့်ခန့်အထိ ထွက်လေ့ရှိသည်။ သို့သော် ပန်းမပွင့်မီတစ်ရက်အလိုတွင် ဝတ်ရည်အများဆုံးထွက်သည်။ ပျားများသည် အခြားအင်္ဂါအစိတ်အပိုင်းမှ ဝတ်ရည်များထက် ထိုနေရာမှထွက်သော ဝတ်ရည်များကို ပို၍ ကြိုက်နှစ်သက်ကြသည်။

ဝါရွက်အောက်မျက်နှာပြင်ရှိ အလယ်ကြောအရင်းတွင် တစ်နေရာနှင့်ကပ်လျက်ရှိသော ဘေးကြောတစ်ခုစီပေါ်တွင် တစ်နေရာစီ စုစုပေါင်း သုံးနေရာမှ ဝတ်ရည်များထွက်သည်။ အရွက်တစ်ချင်းစီ၏ ဝတ်ရည်ထွက်ရှိမှုသည် အရွက်အရွယ်အစား အကြီးဆုံးမရွယ်မဖြစ်မီ အချိန်မှစ၍ နှစ်ပတ်သုံးပတ်ခန့်အထိ ကြာသည်။ ဝတ်ရည်ထွက်ရှိမှုသည် ဝါတစ်ပင်လုံး အပိန့်၊ အဖူးဝင်ချိန်မှစပြီး အရွက်သစ်များ ထွက်နေသမျှ အချိန်အထိ ကြာမြင့်သည်။ ပန်းပွင့်အတွင်းသို့ ပျားများ ၃၂ ကြိမ် လာရောက်လျှင် ပွင့်ခံရွက်ဆုံရာနေရာသို့ ၂၁၉ ကြိမ်၊ ပွင့်ခံရွက်အောက်သို့ ၅၈၀ ကြိမ်နှင့် အရွက်သို့ ၃၈၉ ကြိမ်လာရောက်ကြောင်း သုတေသနတွေ့ရှိချက်က ဆိုသည်။

ဝါနှင့်ပျားအပြန်အလှန်သဟဇာတဖြစ်မှုကို တင်စား၍ ဝါပင်ကို ပျားစာဟုခေါ်ဝေါ်ကြသည်။ တစ်ဧကမှ ပျားရည်ရရှိနိုင်မှုနှုန်းထားမှာ အယ်လ်ဖာဖာ၊ ကလိုဗာနှင့် အခြားပျားစာပင်များနှင့်နှိုင်းယှဉ်လျှင် ဝါပင်မှ ပျားရည်ထွက်ရှိမှုမများသော်လည်း ဝါပင်၏ပန်းပွင့်ရက်ကြာမြင့်ခြင်းကြောင့် အခြားပျားစာပင်များထက် ပျားရည်ရရှိမှုပိုများကြောင်း တွေ့ရှိရသည်။

ပျားရည်ထုတ်လုပ်မှုပမာဏသည် ဝါအမျိုးအစားပေါ်တွင်လည်း တည်မှီနေသည်။ ချည်မျှင်ရှည်ဝါ ခေါ် အီဂျစ်ဝါမျိုးသည် ချည်မျှင်လတ်ခေါ် (မြန်မာချည်မျှင်ရှည်ဝါ) မျိုးထက် ဝတ်ရည်ပိုထွက်ကြောင်း သိရသည်။ အီဂျစ်ဝါ တစ်ဧကမှ ပျားရည် ၂၆၇ ပေါင် ထွက်ရှိနိုင်ပြီး အမေရိကန်ဝါမှ ၆၆ ပေါင်မှ ၈၀ ပေါင်သာထွက်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ သို့ရာတွင် ဝါပင်တွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှားများကို ပိုးသတ်ဆေးနှင့်ကာကွယ်နှိမ်နင်းခြင်းမှာ ပျားများအတွက် အလွန်အန္တရာယ် ကြီးမားလှသည်။

ဝါပင်သည် သဘာဝမျိုးကူးစပ်နိုင်စွမ်းအား အနည်းငယ်သာရှိသည်။ အင်းဆက်ပိုးမွှားများဖြင့်သာ မျိုးကူးစက်ပေးနိုင်သည်။ ၎င်းတို့အနက် ပျားသည် အဓိကဖြစ်သည်။ အင်းဆက်မကူ၊ ပျားမကူပါက မျိုးအောင်မှု အလွန်နည်းသွားစေသည်။ သို့အတွက် **ဝါစိုက်ခင်းများအနီးတွင် ပျားမွေးမြူခြင်းလုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။ ဝါ နှစ်ဧကတွင် ပျားအုံ တစ်အုံနှုန်း မွေးမြူသင့်သည်။ သို့မှသာ ဝါလည်းအထွက် ကောင်း၊ ပျားရည်လည်း ရ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျိုးပြုမည့်လုပ်ငန်းဖြစ်သည်။**

ဝါပင်နှင့်တွဲ၍ ပျားမွေးမြူပါက ဝါထွက်နှုန်း ၃၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရသည်။ ဝါနှစ်ဧကတွင် ပျားအုံတစ်အုံထားပေးပါက ဝါထွက်နှုန်း ၁၉ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုသည်။ ဝါသီးအောင်မြင်မှု ၃၀ ရာခိုင်နှုန်း၊ ဝါပင်ပေါက် ၅ မှ ၁၀ ရာခိုင်နှုန်း၊ မျိုးစေ့အပင်ပေါက်နှုန်း ၅ ရာခိုင်နှုန်း ပိုလာနိုင်သည်။ ဝါပင်တစ်ပင်တည်း ဝတ်မှုန်ကူးပါက သီးလုံး ၇၀ ရာခိုင်နှုန်း၊ သီးလုံးတစ်လုံးမှ ဝါစေ့ ၂၇ စေ့သာရရှိနိုင်ပြီး ပင်ခြား ဝတ်မှုန်ကူးပါက သီးလုံး ၇၆ ရာခိုင်နှုန်း၊ သီးလုံးတစ်လုံးမှ ဝါစေ့၃၄ စေ့ခန့်အထိ ရရှိနိုင်သည်။ ဝါပန်းပွင့် ၁၀ ပွင့်တွင် ပျားတစ်ကောင်နှုန်းရှိလျှင် မျိုးကူးစက်ရန် လုံလောက်သည်။ ဝါပင်များတွင် ဝတ်မှုန်နည်းသွားသည့် အချိန်၌ ပျားများသည် ဝတ်မှုန်များကို ပို၍ စုဆောင်းကြသည်။

ဝါပင်ကို ပိုးသတ်ဆေးဖျန်းခြင်းသည် ပျားများအတွက် ကြီးစွာသော အန္တရာယ်ဖြစ်စေသည်။ ဝါဖျက်ပိုးမွှားပေါင်း ၇၀၀ ကျော်ခန့်ရှိသည်။ **ဝါနှင့်ပျားတွဲဖက်မွေးမြူပါက ဝါပင်လည်းပိုးမွှားကင်းစေ၊ ပျားများလည်း အန္တရာယ်ကင်းစေမည့်နည်းလမ်းကိုသာ အသုံးပြုရန် လိုအပ်သည်။**

ဝါစိုက်ပျိုးမှုအပိုင်းမှ ပိုးသတ်ဆေးကို လိုအပ်မှသာ ဆေးဖျန်းရန်၊ ပျားများအတွက် အဆိပ်အတောက်နည်းစေသည့် ပိုးသတ်ဆေးများကိုသာ အသုံးပြုရန်၊ အရည်ဖျန်း၊ အမှုန့်ဖျန်းပိုးသတ်ဆေးကို အသုံးမပြုဘဲ မြေကြီးအတွင်းထည့်သော အစေ့အမှုန့်တို့ကိုသာ အသုံးပြုရန်၊ ကွင်းထဲသို့ ပျားများမထွက်သောအချိန်၌သာ ဆေးဖျန်းရန်၊ အငွေ့ပျံစေသော ဆေးများကို ပျားအိမ်အနီးတွင် မဖျန်းမိစေရန်၊ အခြားသော ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းသော အသုံးပြုရန်တို့ ဖြစ်သည်။

ပျားမွေးမြူရေးအပိုင်းကလည်း ပျားအုံကို စိုက်ခင်းနှင့် ခပ်လှမ်းလှမ်းထားရှိခြင်း၊ ပိုးသတ်ဆေးဖျန်းထားချိန်တွင် အခြားပျားစာပင်များသို့ ပျားများသွားရောက်စေရန် လေ့ကျင့်ပေးခြင်း၊ ပိုးသတ်ဆေးဖျန်းနေချိန်နှင့် ဆေးမပြယ်သေးသောကာလတွင် ပျားများကိုလှောင်၍ မွေးခြင်းများဖြင့် အန္တရာယ်ကို ရှောင်ကွင်းနိုင်မည်ဖြစ်သည်။ ■

မိုးသီးနှံ စံပြကွက်၊ စမ်းသပ်ကွက်စိုက်ပျိုးကြမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့်သွင်းအားစုများ ချောက်မြို့နယ်တွင် ထောက်ပံ့

ချောက်မြို့နယ်တွင် မိုးသီးနှံစံပြကွက်၊ စမ်းသပ်ကွက် စိုက်ပျိုးကြမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနံ့ကောက်မျိုးစပါး ၅၀ တင်း ၊ မနောသုခ သုံးတင်း၊ ဆင်းပဒေသာ ၁၁ မြေပဲမျိုး ၂၀၄ တင်း၊ မကွေး – ၁၆ မြေပဲမျိုး ၃၆ တင်း၊ ရွှေတောင် ၈ ချည်မျှင်ရှည်ဝါစေ့ ၁၂၀ ပိဿာ၊ ရေဆင်း ၁၄ ပဲတီစိမ်း ခြောက်ပြည်နှင့် စိန်တလုံး ၂၅၀ ပင်နှင့် မိုးကာစများ ထောက်ပံ့ပေးအပ်သည်။ (ပုံ)

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

အကြွေစေသည် နှင်းဆီနီ

မြတ်စိုး(လှိုင်)

လူတစ်ယောက်ကို လူအများက လေးစားချစ်ခင်ကြခြင်းသည် "သူ့အသက်အရွယ်ကြောင့်မဟုတ်။ သူ့စိတ်ထား၊ သူ့ကိုယ်ကျင့်တရားနှင့် သူ့လုပ်ရပ်ကြောင့်ဖြစ်သည်"ဟူသည့် စကားရပ်ကို သူက သက်သေပြလိုက်ပါသည်။

သူနှင့်စတင်သိကျွမ်းခင်မင်ခဲ့သည်မှာ လွန်ခဲ့သောသုံးနှစ်ခန့်က ဖြစ်ပါသည်။

ထိုစဉ်က မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်ခန်းမဆောင်ကြီးထဲတွင် ကျင်းပသော စာကြည့်တိုက်မှူးများ ညီလာခံတွင် သူသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောမြို့နယ်ဦးစီးမှူးအဖြစ် တက်ရောက်လာကာ ရခိုင်ပြည်နယ်ကိုယ်စားပြု ဆွေးနွေးတင်ပြခဲ့သူဖြစ်သည်။

ဖျတ်လတ်သွက်လက်သည့် သူ့အသွင်၊ ပြုံးရွှင်ချိုသာသည့် မျက်နှာထား၊ ကြည်လင်ပြတ်သားသည့် သူ့အသံ။ အားတက်သရော ဆွေးနွေးသွားသည့် သူ့ဟန်ပန်တို့ကြောင့် သူ့ကို ကောင်းစွာမှတ်မိလိုက်ခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသောအခါ သူနှင့်ပို၍ရင်းနှီးသွားသည်။

ကျွန်တော်သည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရခိုင်ပြည်နယ်တာဝန်ခံဖြစ်သည်။

ထို့ကြောင့် သူ မောင်တောတွင် တာဝန်ကျနေစဉ်က စာကြည့်တိုက်များကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ခဲ့ရသည်။

သူ့ခများဝေးလံခေါင်ဖျားဒေသတွင် မိန်းမသားအမှုထမ်းဖြစ်နေလင့်ကစား ဘယ်သောအခါမျှညည်းညူသံ မကြားရ၊ အမြဲတက်ကြွ လန်းဆန်းလျက်ပင်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကို အစိုးရဝန်ထမ်းများ လုံးဝမပါသည့် NGO စစ်စစ်အဖြစ် ပြင်ဆင်ဖွဲ့စည်းရာတွင် ရခိုင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းကိုလည်း ပြင်ဆင်ဖွဲ့စည်းရန်ကိစ္စပေါ်ပေါက်လာခဲ့သည်။ ဦးစွာ အဖွဲ့ဝင်အမည်စာရင်းရရှိရေးအတွက် ပြည်နယ်ပြန်ကြားရေးဦးစီးဌာနကိုပင် အားပြုကာ အကူအညီတောင်းခံရတော့သည်။

တစ်နေ့မှာ ရခိုင်ပြည်နယ်ဦးစီးမှူးထံ ဖုန်းဖြင့်ဆက်သွယ်လိုက်ရာ ဖုန်းလက်ခံသူအသံရှင်မှာ သူဖြစ်နေသည်။

သူ့အသံကြားလိုက်ရတော့ ဝမ်းသာခြင်း နှစ်မျိုးခံစားလိုက်ရသည်။ ပထမဝမ်းသာခြင်းမှာ သူ စစ်တွေခရိုင်ဦးစီးမှူးအဖြစ် ရာထူးတိုးသွားခြင်းကြောင့်၊ ဒုတိယဝမ်းသာခြင်းမှာ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို စာကြည့်တိုက်လုပ်ငန်းများအတွက် အင်မတန်အားထားခင်မင်ရသည့်သူနှင့် ပြန်လည်ဆုံဆည်းခွင့်ရခြင်းကြောင့်။

ယနေ့စွမ်းအားပြည့် ရခိုင်ပြည်နယ်ဖောင်ဒေးရှင်းတစ်ခုကို ဘက်စုံမှ ကျွမ်းကျင်သူအသီးသီးဖြင့် အောင်မြင်စွာဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းမှာ သူ့စွမ်းအားနှင့် အကူအညီများစွာရခဲ့သောကြောင့်ဟု ဆိုရပါမည်။

ပြည်နယ်ဖောင်ဒေးရှင်းပြင်ဆင်ဖွဲ့စည်းရေးအခမ်းအနားသို့ ကျွန်တော်သွားရောက်သောအခါတွင်လည်း သူကိုယ်တိုင်လေဆိပ်မှာ လာကြိုပေးသည်။

အခမ်းအနားတွင် ဒုတိယပြည်နယ်ဦးစီးမှူးနှင့်အတူ သူကိုယ်တိုင်အစအဆုံးစီစဉ်ပေးရုံမက အခမ်းအနားမှူးအဖြစ်ပါ ဆောင်ရွက်ပေးခဲ့သည်။

ကျွန်တော် ရန်ကုန်သို့ပြန်မည့်ခရီးစဉ်တွင် လေကြောင်းလိုင်းတချို့လျှော့ချထား၍ လေယာဉ်လက်မှတ်အခက်အခဲကြားမှ သူ့မိတ်ဆွေကို ခက်ခက်ခဲခဲအကူအညီတောင်းကာ အပြန်လက်မှတ်တစ်စောင် မရရအောင် စီစဉ်ပေးခဲ့သည်။

ထိုမိတ်ဆွေမှာ လေယာဉ်လက်မှတ်ကိုင်ကာ လေဆိပ်မှလေယာဉ်ထွက်သည်အထိ ကျွန်တော့်ကိုကူညီစောင့်ရှောက်ပေးသွားသဖြင့် သူ့ကို ထိုသူမည်မျှလေးစားကြောင်း ပေါ်လွင်လှ၏။

မပြန်ခင်ည နှုတ်ဆက်ညစာကို သူနှင့်သူ့ခင်ပွန်းကိုယ်တိုင် စစ်တွေတွင်နာမည်ကြီးသည့် ထမင်းဆိုင်၌ ရခိုင်ဒေသအစာ ဟင်းလျာများဖြင့် အတင်းလိုက်၍ ဧည့်ခံကြသည်။

× × ×

ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီ ၃၅ မိနစ်။ ဖေ့စ်ဘွတ်ခ်ပေါ်မှာ "အားလုံးကို နှုတ်ဆက်ပါတယ်"၊ "သွားတော့မယ်နော်"တဲ့။

ဖေ့စ်ဘွတ်ခ်အကောင့်ပိုင်ရှင်နာမည်ကိုကြည့်လိုက်တော့ သူ့အကောင့်ဖြစ်နေပြီး ကွယ်လွန်နေသူ၏ဓာတ်ပုံကြောင့် ရုတ်တရက်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွား၏။ သို့သော် မျက်နှာအနည်းငယ်ဝနေပြီး သူနှင့်တော့ ခပ်ဆင်ဆင်။ ဒါဆိုရင်တော့ သူ မဖြစ်နိုင် သူ့အမလား၊ မိခင်လား။

ဘာကြောင့်ဆို အခုမှ သူ့အသက်က ၄၀ ကျော်ကျော်။ ကျန်းမာဖျတ်လတ်တုန်း။ သေစရာအကြောင်းမရှိ။

ချက်ချင်း သူ့ဖုန်းကို ဆက်ကြည့်တော့ ဖုန်းက အသံအကြာကြီးမြည်နေပြီး ကိုင်သူမရှိ။ ရင်ထဲမှာ နည်းနည်းတော့ စိုးရိမ်လာ၏။

ဒါနဲ့ပဲ ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း (စာရေးဆရာခညကျော်ဝင်း)ဖုန်းကို ဆက်လိုက်တော့မှ

"ဆရာရေ စိတ်မကောင်းစရာပဲဗျာ၊ ဒေါ်စမ်းစမ်းအောင် ဇူလိုင် ၈ ရက် မနက် ၆ နာရီက နှလုံးရောဂါနဲ့ ရုတ်တရက်ဆုံးသွားပြီ၊ အသက် ၄၂ နှစ်ပဲ ရှိသေးတယ်ဆရာ"

ရင်ထဲမှာ ဒိန်းခနဲဖြစ်ကာ မျက်လုံးတွေပါ ပြာဝေသွားသည်။ သြော် မနေ့တစ်နေ့က စစ်တွေမှာ ကြုံခဲ့တဲ့ ပူပူနွေးနွေးဖြစ်ရပ်တွေဟာ သူနှုတ်ဆက်လိုက်သလိုပါလား။

သူကွယ်လွန်သွားခြင်းသည် ဌာနအတွက်ရော ပြည်နယ်အတွက်ပါ များစွာသောဆုံးရှုံးမှုတစ်ခုဟု ဆိုချင်ပါသည်။

မကြာခင်မှာ သူ့ကိုခင်မင်လွမ်းဆွတ်သူများစွာ၏ အကောင့်ထဲမှတစ်ဦးက

"ပြည်သူ့အကျိုးပြုစိတ်ဓာတ်ပိုင်ရှင်တစ်ဦးဆုံးရှုံးသွားခြင်း"ဟုလည်းကောင်း၊ နောက်တစ်ဦးကတော့ "နှင်းဆီပန်းအနီတွေ ကြိုက်တဲ့ဦးစီးရယ်၊ ရောဂါဖိစီးနေချိန်မှာတောင် နှင်းဆီပန်း ၄၂ ပွင့် လိုချင်တယ်ဆိုလို့ ဈေးမဖွင့်သေးတဲ့ မနက်စောစောကြီး ၂ နာရီမှာ သူများခြံကသွားခူးလာခဲ့တယ်လေ၊ နှင်းဆီပန်းအနီတွေ ရောက်နေပြီ၊ ထကြည့်ပါတော့"တဲ့။

လွမ်းစရာကောင်းပါဘိ။

အတွေးနှင့် ရသ

လူနှင့်မယ်မိုရီ

မောင်မြင့်အောင်

ကျွန်တော်ငယ်စဉ်ကတည်းက စာရေးစာဖတ်ဝါသနာပါတယ်။ ဒါပေမယ့် ကျောင်းမပြီးခင် မိန်းမလည်းရပြီးရော ကျွန်တော့်တစ်ကိုယ်လုံး စာပေလောကထဲနစ်ထားလိုက်တယ်။ စာမူတွေရေးပို့တယ်မပါဘူး။ ဒါနဲ့ လိုင်းနည်းနည်းပြောင်းပြီး စာနယ်ဇင်းအလုပ်လုပ်ဖြစ်တယ်။

သရုပ်ဆောင်မင်းသား မင်းသမီး အင်တာဗျူး၊ မိတ်ဆက်ပွဲ အမျိုးမျိုး၊ ဟိုသတင်း ဒီသတင်း ဧည့်ခံပွဲသတင်း၊ ဟိုပွဲတက် ဒီပွဲတက်နဲ့ ဆူလွယ်နပ်လွယ်သတင်းလေးတွေရေးဖြစ်တယ်။ ပုဂ္ဂလိကသတင်းစာတွေရှိလာတော့ ပိုအဆင်ပြေသွားတယ်။ ဝတ္ထုနဲ့ ဆောင်းပါးတချို့တော့ ရေးဖြစ်တယ်။ ဒါပေမယ့် အပါကျဲတယ်။

ဒီလိုနဲ့ဂျာနယ်တစ်စောင်မှာ "ပြင်ပဆက်သွယ်ရေး"ဆိုတဲ့ အလုပ်ကို ဝင်လုပ်ဖြစ်တယ်။ ဂျာနယ်မှာ စာမူလက်ခံ၊ ပွဲတက်သတင်းရေးဂျာနယ်နဲ့ ပတ်သက်တဲ့အလုပ်တွေ လုပ်ဖြစ်တယ်။ တစ်ခါတလေ ဆောင်းပါးရေးပေါ့။

ဒါပေမယ့် ကျွန်တော် အဲဒီဂျာနယ်မှာ ကြာကြာမလုပ်လိုက်ရဘူး။ ဖလလောက်အကြာမှာ ဂျာနယ်က လေတစ်ခြမ်းဖြတ်သွားပြီး နောက် လုံးဝမထနိုင်တော့ဘူး။ ဂျာနယ်အသက်ရှူရပ်သွားသလို ကျွန်တော်လည်း ရပ်သွားတယ်။

ကျွန်တော့်ယောက်ဖက ကုမ္ပဏီတစ်ခုမှာ အလုပ်ပြောပေးမယ်လို့ ဆိုတယ်။ ကျွန်တော်ငြင်းလိုက်တယ်။ စာပေအသိုက်အဝန်းနဲ့ ဝေးသွားမှာ စိုးလို့ပါ။ အလုပ်မရှိတော့ စာပိုဖတ်ဖြစ်တယ်။ စာရေးဖြစ်တယ်။ ဒါပေမယ့် စာမျက်နှာပေါ်ရောက်မလာခဲ့ဘူး။ အမျိုးသမီးက အလုပ်ရှိတော့ တော်သေးတာပေါ့။

× × ×

ဒီတော့မြို့ထဲကို တစ်ရက်ခြားလောက်ထွက်ဖြစ်တယ်။ အလုပ်စုံစမ်းရင်း စာရေးဆရာတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်းပေါ့။ ဒါနဲ့ တစ်ရက်မှာ 'ချစ်သူ'ဆိုတဲ့ဂျာနယ်မှာ ကဗျာတစ်ပုဒ်ဝင်ပေးရင်း အယ်ဒီတာနဲ့ စကားပြောဖြစ်ကြတယ်။

"မင်းအခု ဘယ်မဂ္ဂဇင်းမှာလဲ"

"ဘယ်မှာမှ မဟုတ်ဘူးဆရာ၊ အရင်လုပ်တဲ့ဂျာနယ်ကလည်း အခြေအနေမကောင်းလို့ရပ်သွားပြီ၊ လောလောဆယ် ဂျော့ဘလက်ပေါ့ ဆရာရယ်"

ဆရာက တစ်ခုခုစဉ်းစားနေပုံရတယ်။

"အေး–မင်းလုပ်နိုင်မယ်ဆိုရင် မဂ္ဂဇင်းတစ်ခုတော့ရှိတယ်။ လစာကတော့ နည်းတယ်၊ သူလည်း အသက်ငင်နေတဲ့ အနေအထားရှိတယ်"

"ဟုတ်ကဲ့ စာနယ်ဇင်းနဲ့ပတ်သက်တဲ့အလုပ်ဆိုရင် ကျွန်တော် စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် လစာနဲ့ကျွန်တော့်အသွားအပြန်စရိတ်နဲ့ဆိုတော့ ကျွန်တော်စဉ်းစားဦးမယ် ဆရာရယ်"

"ဟုတ်ပါတယ်၊ စဉ်းစားပေါ့ နောက်နှစ်ရက်သုံးရက်လောက် အကြောင်းပြန် ဟုတ်ပြီလား"

"ဟုတ်ကဲ့ဆရာ သြော် ဒါနဲ့ ဆရာ့ကိုပြောထားတယ်ဆိုတာ ဘယ်မဂ္ဂဇင်းလဲဟင်"

သူကချက်ချင်းပြန်မပြောဘူး၊ ခဏကြာမှ ကျွန်တော့်ကို ပြောလိုက်တယ်။

"အေး–ဟုတ်သားပဲ နေဦးကွ၊ ပြောထားတဲ့မဂ္ဂဇင်းနာမည်ကို ငါပြန်စဉ်းစားရဦးမယ်"

"ဗျာ"

ဖျာပုံမြို့နယ် မထော်ရေတံခါး အကြီးစားပြင်ဆင်မှု ပြီးစီး ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာ၍ အောင်ရေထိန်းပေးနိုင်မည်

ဖျာပုံ ဇွန် ၁၉

ဖျာပုံ ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖျာပုံမြို့နယ် ဘန့်ဘွေးစုကျွန်းပတ်တာ၊ တာမိုင် (၆/၃) ရှိ မထော်ရေတံခါးကို အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီးသွားပြီဟု သိရသည်။ (ပုံ)

အဆိုပါရေတံခါးတည်ရှိသည့် ဘန့်ဘွေးစုကျွန်းပတ်တာသည် ဖျာပုံမြို့နယ်အတွင်း တည်ရှိပြီး ရေတံခါး ခုနစ်လုံး၊ အလျား ၂၆ မိုင်ဖြင့် (၁၉၈၅–၁၉၈၆) ခုနှစ်တွင် စပါး ၁ စီမံကိန်းက အောက်မြန်မာပြည်စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ်ကာလကြာမြင့်ခြင်းနှင့် နာဂစ်မုန်တိုင်းဒဏ်ထိခိုက်ခံခဲ့ရခြင်းတို့ကြောင့် ချို့ယွင်းချက်များရှိလာခဲ့သဖြင့် အကြီးစားပြန်လည်ပြင်ဆင်ရခြင်းဖြစ်သည်။

မထော်ရေတံခါးပြီးစီးသွား၍ မိုးရာသီရေကြီးနစ်မြုပ်မှုကို အတိုင်းအတာတစ်ခုထိ လျော့ချပေးနိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးမှုအတွက် အောင်ရေထိန်းသိမ်းပေးကာ အကျိုးပြုဧရိယာ ၁၁၃၀ ဧကကို အထောက်အကူပြုနိုင်မည်ဟု သိရသည်။

သပြေထွန်း

ဆန်စပါးတစ်ဧကထုတ်လုပ်မှုစရိတ် လျှော့ချရန် စီမံခြင်း

အောင်ဆန်း (စိုက်ပျိုးရေး)

မြန်မာ နိုင်ငံမှာ ဆန်စပါးဈေးတွေကျဆင်းနေလို့ တချို့ဒေသတွေမှာ လယ်သမားတွေ ဆန္ဒပြတာတွေတောင် ရှိလာတာတွေ့ရတယ်။ ဆန်စပါးဈေး ကျဆင်းနေတာကတော့ ပြည်ပတင်ပို့မှု အနုတ်အသိမ်းနည်းနေပြီး ပြည်တွင်းလက်ကျန်များနေတဲ့အတွက်ကြောင့်ပါပဲ။ မြန်မာ့ဆန်စပါးဈေးဟာ ပြည်ပက အနုတ်အသိမ်းများရင် ဆန်ဈေးတက်ပြီး အနုတ်အသိမ်းနည်းရင် ဈေးကျပါတယ်။

မြန်မာ့ဆန်ကို နယ်စပ်ဒေသ (တရုတ်နယ်စပ်) လမ်းကြောင်းနဲ့ပုံမှန်ရေလမ်းကြောင်းက တင်ပို့နေပါတယ်။

အခုအခါမှာ တရုတ်နယ်စပ်ဒေသက ဆန်တင်ပို့မှု ပိတ်ထားတာ လေးလကျော်ကြာခဲ့ပါပြီ။ နယ်စပ်ဒေသကနေ ဆန်တင်ပို့နေတဲ့ အညာက ဆန်စက်ပိုင်တွေ၊ ကုန်သည်တွေ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြရပါတယ်။ ပုံမှန် ရေလမ်းကြောင်းကလည်း G to G ရော P to P ရော တင်ပို့မှုလျော့နည်းနေတော့ ပို့ကုန်သမားတွေလည်း အကျပ်ရိုက်နေကြပါတယ်။

ဒီအထဲမှာ အီးယူက ဆန်လုံးရှည်အချွန်ကို အကောက်ခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းခံလိုက်ရတော့ ဘူးလေးရာဖရုံဆင့်ဖြစ်သွားပါတယ်။ ဒါကြောင့် ပြည်တွင်းစပါးတွေ၊ ဆန်တွေအရောင်းအဝယ် အေးနေပြီး လက်ကျန်တွေများနေကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် တောင်သူလယ်သမားကြီးတွေရဲ့ အကျိုးစီးပွားအတွက် နိုင်ငံတော်နဲ့ အဖွဲ့အစည်းတွေက ကြားခံဝယ်ယူပေးဖို့ အကြိတ်အနယ် စဉ်းစားနေကြရပါတယ်။

တောင်သူလယ်သမားကြီးများရဲ့ အကျိုးစီးပွား မထိခိုက်စေဖို့ စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်းကို ကျပ်ငါးသိန်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတ်မှတ်ပေးခဲ့ပါတယ်။

ဒါပေမယ့် စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ ပျမ်းမျှ ၃၂၀၀၀၀ မှ ၃၅၀၀၀၀ ထိ ကုန်ကျနေကြပါတယ်။ ဒါကြောင့် ပုံမှန်ဆိုရင် တစ်ဧက အကျိုးအမြတ် ၁၈၀၀၀ မှ ၁၅၀၀၀ ရှိနေတာ တွေ့ရပါတယ်။

ဒါပေမယ့် စပါးတင်း ၁၀၀ အခြေခံဈေးနှုန်း လိုချင်ရင် စပါးဟာအရည်အသွေးကောင်းရမယ်။ အဖျင်းအမှော်၊ ဖုန်ခဲသလဲကင်းရမယ်။ မျိုးကွဲပါဝင်မှု သတ်မှတ်ချက်အတိုင်း ရှိရမယ်။ အထူးသဖြင့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိရမယ်။ တချို့ဒေသတွေမှာ စပါးအရည်အသွေးကလည်း ညံ့၊ အစိုဓာတ်ကလည်း ၁၄ ရာခိုင်နှုန်းထက် ကျော်နေရင် ဝယ်ယူသူက တစ်တင်း ၄၆ ပေါင်မဟုတ်တော့ဘဲ ၅၂ ပေါင်၊ ၅၄ ပေါင်၊ ၅၆ ပေါင်စသည်ဖြင့် ဝယ်နေကြပါတယ်။ ဝယ်သူဟာ သူ့အတွက် အလျော့တွက်ကာမိအောင် ဒီလိုပေါင်ပိုယူလိုက်တော့ သတ်မှတ်တဲ့အတိုင်းမရတော့ဘဲ စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်းဟာ ကျပ်ငါးသိန်းအောက် လျော့သွားပါတယ်။ ဒါကိုပဲ အခြေခံဈေးနှုန်းနဲ့ပေးမဝယ်ဘူးဆိုပြီး အချို့တောင်သူ လယ်သမားများဘက်က စောဒကတက်နေကြ ပါတယ်။

ဒါကြောင့် လယ်သမားကြီးများဘက်ကလည်း သတ်မှတ်အရည်အသွေးနဲ့ စံချိန်စံညွှန်းကိုက်အောင် စီမံခဲ့ကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဆန်စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် လွှမ်းမိုးနေမှုကို ဘယ်လိုဖြေရှင်း ဖယ်ရှားမလဲဆိုတာ အလွန်အရေးပါလာပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများထဲမှာ စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ် အများဆုံးနိုင်ငံနဲ့စပါးတင်း ၁၀၀ ဈေးနှုန်းလည်း အမြင့်မားဆုံးနိုင်ငံလို့ သုံးသပ်ထားတာ တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ စပါးတစ်ဧကထုတ်လုပ်မှုစရိတ် မြင့်မားနေတဲ့အတွက် ဆန်စပါးဈေးကလည်း မြင့်နေခြင်းပါပဲ။

အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ဆန်စပါးဈေးမြင့်တယ်ဆိုတာ မရှိသလောက်ပါပဲ။ ဆန်စပါးဈေးနှုန်းကြောင့် နှစ်စဉ် ဆန်စပါးဈေးကွက် ကမောက်ကမဖြစ်ရတယ်ဆိုတာလည်း မရှိပါ။ တစ်နှစ်ဆန်တန်ချိန် ခြောက်သန်း မှ ကိုးသန်းအထိ ရောင်းချနေတဲ့နိုင်ငံပါ။ ပြည်ပကို ဆန်တန်ချိန်သန်းနဲ့ချီပြီး နှစ်စဉ် ရောင်းချနေနိုင်လို့ပဲ ပြည်တွင်းဆန်စပါးဈေးကွက်ဟာ တည်ငြိမ်နေတာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုနဲ့ ရောင်းချမှုဟာ ညီမျှခြေဖြစ်နေတဲ့သဘောပါပဲ။

အဲဒီနိုင်ငံတွေမှာ ဘယ်လိုမူဝါဒတွေ ဘယ်လို ဥပဒေတွေပြဋ္ဌာန်းထားပြီး ဆောင်ရွက်နေသလဲဆိုတာ လေ့လာကာ နမူနာယူသင့်ပါတယ်။ ပုံစံခွက်ကြီးထဲကနေထွက်ပြီး ပြောင်းလဲချိန်တန်ပြီ ဖြစ်ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံမှာ ဆန်တစ်တန်ရဲ့ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၄၅၀ မှ ၅၀၀ လောက်ကုန်ကျနေပါတယ်။ ပြည်ပတင်ပို့တဲ့ဈေးဟာ ဆန်တစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၇၀ မှ ၄၂၀ ဈေးပဲရရှိနေတာဖြစ်လို့ ပြည်ပဆန်တင်ပို့နေတဲ့ ဆန်စက်ပိုင်ကြီးများ၊ ပို့ကုန်လုပ်ငန်းရှင်ကြီးများ၊ ကုန်သည်ကြီးများဟာ အရှုံးခံပြီး အမြင့်ဈေးပေးမဝယ်နိုင်ကြဘဲ ဖြစ်နေပါတယ်။

ပြည်ပမှာ အခြားနိုင်ငံတွေနဲ့ ဈေးကွက်ယှဉ် မရောင်းနိုင်ဘူး ဖြစ်နေပါတယ်။ မြန်မာ့ဆန်အရည်အသွေးကလည်း ထိပ်တန်းမဟုတ်လို့ ယှဉ်ရခက်သွားပါတယ်။ ဒီလိုနဲ့ပဲ ဈေးကွက်ဟာ မတည်မငြိမ် ကမောက်ကမ အစဉ်ဖြစ်နေရပါတယ်။

မြန်မာနိုင်ငံမှာ ဆန်စပါးလောကကြီးတစ်ခုလုံးကို တည်ငြိမ်အောင် ထိန်းကွပ်ဖို့ ဆန်စပါးမူဝါဒ (Rice Policy)၊ ဆန်စပါးဥပဒေ (Rice Law) တွေ ပီပီပြင်ပြင် မရှိသေးတာလည်း အချက်တစ်ခုပါပဲ။

စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားနေရတဲ့အကြောင်းရင်းများကို သုံးသပ်ကြည့်တဲ့အခါ (၁) စိုက်ပျိုးတဲ့နည်းစနစ်နဲ့ လုပ်သားရှားပါးမှု၊ လုပ်သားခဈေးကြီးမြင့်မှု၊ (၂) ပံ့ပိုးပစ္စည်း မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဈေးတွေ အဆမတန်ကြီးမြင့်နေမှု၊ (၃) စက်မှုလယ်ယာအပြည့်အဝ အသုံးမချနိုင်ရှိနေမှု၊ (ထိုင်းနိုင်ငံထက် နှစ်ဆ) စတဲ့ အကြောင်းတရားတွေ တွေ့ရပါတယ်။

လက်ရှိ ပျိုးထောင်ကောက်စိုက်စနစ် (တစ်ဧကကုန်ကျစရိတ် ပျမ်းမျှ ၃၂၀၀၀၀ မှ ၃၅၀၀၀၀)၊ စနစ်တကျကြဲခင်းအထွက်တိုးစနစ် (ကြဲခင်းအထွက်တိုး ငါးချက်နှင့်အညီ) (တစ်ဧကကုန်ကျစရိတ် ၂၀၀၀၀၀ မှ ၂၂၀၀၀၀)၊ ဘောင်ကြဲခင်းစနစ် (မလေးရှားစနစ်)၊ (တစ်ဧကကုန်ကျစရိတ် ၂၁၀၀၀၀ မှ ၂၂၀၀၀၀)၊ စပါးအတန်းလိုက်မျိုးစေ့ချကိရိယာနှင့်စိုက်စနစ် (တစ်ဧကကုန်ကျစရိတ် ၂၁၀၀၀၀ မှ ၂၂၀၀၀၀) အထက်ပါနည်းစနစ်များဟာ စပါးတစ်ဧကတင်း ၈၀ မှ ၁၀၀ ထွက်ဖို့ သေချာတဲ့စနစ် ဖြစ်ပါတယ်။

ဒါဆိုရင် အကျိုးအမြတ်ရှိစေမယ့် ဘယ်နည်းစနစ်ကို ရွေးကြမလဲ။ သက်ဆိုင်ရာဌာနက တောင်သူလယ်သမားကြီးတွေကို လက်တွေ့ပြသ စိုက်ပျိုးပြီး ပညာပေးလုပ်ငန်းတွေကို ကွင်းထဲမှာ ထိထိရောက်ရောက် ဆောင်ရွက်ဖို့ လိုနေပါတယ်။

မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးရည်များ ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ဖို့ နည်းလမ်းနှစ်ခုနဲ့ ဆောင်ရွက်ဖို့ လိုပါတယ်။ (၁) ပံ့ပိုးပစ္စည်းဈေးနှုန်းကို သင့်တော်တဲ့ဈေးနှုန်းဖြစ်အောင် ညှိနှိုင်းကြီးကြပ်ကွပ်ကဲခြင်း၊ ယခုမြေပြင် လက်တွေ့မှာ ပံ့ပိုးပစ္စည်းရောင်းချတဲ့ကုမ္ပဏီနဲ့ လုပ်ငန်းရှင်ကြီးတွေ အလွန်ချမ်းသာသွားပြီး တောင်သူလယ်သမားကြီးတွေမှာတော့ ဈေးကြီးပေးဝယ်သုံးနေရပါတယ်။ (၂) ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးတွေအစား သဘာဝမြေဩဇာ၊ နွားချေး၊ မြေဆွေး၊ ဇီဝမြေဩဇာတွေ၊ တမာပိုးသတ်ဆေး၊ ကြက်သွန်ဖြူရည် ပိုးသတ်ဆေး၊ မြန်မာဆေးရွက်ကြီးအရည်၊ ဘက်စုံပိုးမွှားကာကွယ် နှိမ်နင်းနည်းတွေနဲ့ ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းနည်းတွေကို အစားထိုးသုံးစွဲကြရဖို့ သက်ဆိုင်ရာဌာနက ပညာပေးဆောင်ရွက်ဖို့ လိုပါတယ်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်နည်းဥပဒေ အခန်း ၃ ပုဒ်မ ၆၊ အပိုဒ်ခွဲ ဂ မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးအစားအစာနှင့် ဆေးဝါးတို့ကို တောင်သူလယ်သမားများ မှန်ကန်စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တောင်သူလယ်သမားအဖွဲ့၊ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဖွဲ့စည်းထားတဲ့ ဦးဆောင်အဖွဲ့ဟာ တောင်သူလယ်သမားကြီးများရဲ့ အကျိုးစီးပွားအလို့ငှာ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေး၊ ပေါင်းသတ်ဆေး ရောင်းချတဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေနဲ့ တောင်သူလယ်သမားကြီးတွေကို ခေါ်ယူညှိနှိုင်းပြီး ပစ္စည်းစံချိန်စံညွှန်းမှန်ကန်ရေး၊ သင့်တင့်လျောက်ပတ်သော ဈေးနှုန်းများဖြစ်စေရေး (ဈေးမကြီးမြင့်စေရေး) တို့ကို ထိထိရောက်ရောက် ညှိနှိုင်း ဆောင်ရွက်ပေးသင့်ပါတယ်။

တစ်ဖန် နည်းဥပဒေအခန်း ၅ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)တွင် "အရည်အသွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများနှင့် အပိုပစ္စည်းများကို သင့်တင့် မျှတသည့်ဈေးနှုန်းဖြင့် လက်ငင်းငွေချေစနစ် (သို့မဟုတ်) အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း" ဟု ဆိုထားပြန်ရာ ဦးဆောင်အဖွဲ့ဟာ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နည်းဥပဒေ အခန်း ၅ ပုဒ်မ ၁၃၊ ပုဒ်မခွဲ က တွင် "ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများက မိမိတို့၏ ဆန္ဒအရ လယ်ယာမြေများကို စက်မှုလယ်ယာစနစ်သို့ပြောင်းလဲ ဖော်ထုတ်ရန် ငွေကြေး၊ အရင်းအနှီးရရှိရေးအတွက် တင်ပြလာပါက စိစစ်၍ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရမည်" ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားနေမှုနောက်ကို လိုက်ပြီး စပါးဈေးနှုန်းချိန်ညှိဖို့ စဉ်းစားမနေဘဲ တစ်ဧကထုတ်လုပ်မှုစရိတ်မြင့်မားနေရတဲ့ အခြေခံအကြောင်းတရားတွေကို အဖြေရှာကာ ဖြေရှင်းပေးနိုင်မှသာ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ကျကာ အားလုံးအဆင်ပြေမှာ ဖြစ်ပါတယ်။ ■

ဒါကြောင့် စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားနေမှုနောက်ကို လိုက်ပြီး စပါးဈေးနှုန်းချိန်ညှိဖို့ စဉ်းစားမနေဘဲ တစ်ဧကထုတ်လုပ်မှုစရိတ် မြင့်မားနေရတဲ့ အခြေခံအကြောင်းတရားတွေကို အဖြေရှာကာ ဖြေရှင်းပေးနိုင်မှသာ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ကျကာ အားလုံးအဆင်ပြေမှာ ဖြစ်ပါတယ်။

တောင်ငူခရိုင်တွင် လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်

ရေတာရှည် ဇွန် ၂၆

လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေးသင်တန်းကို ရေတာရှည်မြို့နယ်တွင် ၂၄.၆.၁၉ ရက်မှ ၂၈.၆.၁၉ ရက်ထိ ငါးရက်ကြာဖွင့်လှစ်သည်။ (ပုံ)

အဆိုပါသင်တန်းတွင် လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများ၊ Private Farm ဆိုင်ရာမူဝါဒများ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေ စိုက်ပျိုးနည်းစနစ်များ၊ ဆီထွက်သီးနှံ ကြံသီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်း၊ လယ်ယာသီးနှံဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်ပညာရပ်များကို သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတို့အား ပို့ချပေးသည်။

အလားတူ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းနှင့်သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲနည်းသင်တန်းကို ရေတာရှည်မြို့နယ်တွင် ၁၀.၆.၁၉ မှ ၁၄.၆.၁၉ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ရာ စိုက်ပျိုးရေးဦးစီးဌာန ရေတာရှည်မြို့နယ်ရှိ ဝန်ထမ်းများနှင့် တောင်ငူခရိုင်အတွင်း ခြောက်မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။ ■

၂၀၁၈-၂၀၁၉ ခုနှစ် နွေရာသီအရည်အသွေးကောင်း စပါးမျိုးများ ကွင်းသရုပ်ပြပွဲ ကျောက်တံတားစိုက်ပျိုးရေးသုတေသနခြံတွင် ကျင်းပ

နေပြည်တော် ဇွန် ၂၂

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) တို့ ပူးပေါင်းဆောင်ရွက်သည့် စပါးသုတေသနစီမံကိန်း အစီအစဉ်ဖြင့် ၂၀၁၈–၂၀၁၉ ခုနှစ်၊ နွေရာသီအရည်အသွေးကောင်းစပါးမျိုးများ ကွင်းသရုပ်ပြပွဲကို ကျောက်တံတား စိုက်ပျိုးရေးသုတေသနခြံ၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေနှင့် စိုက်ပျိုးရေးသုတေသန ပညာရှင်များ၊ စဉ့်ကူး၊ ပုသိမ်ကြီး၊ မတ္တရာမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူးနှင့် စပါးသီးနှံသုတေသနဌာနစု တာဝန်ခံတို့က သုတေသနရလဒ်များကို ရှင်းလင်းပြောကြားကာ ပေါ်ဆန်းစပါးမျိုးနှင့် ကိုရီးယားစပါးမျိုးတို့ကို သားဆက်အဆင့်ဆင့်ရွေးချယ်ပြီး ရရှိလာသည့် ဗီဇမျိုးလိုင်းများ လက်တွေ့စမ်းသပ်ကွက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများသည် စပါးစမ်းသပ်ကွက်သို့ သွားရောက်ကာ စပါးမျိုးများ ရွေးချယ်ပေးကြသည်။

ယနေ့ကွင်းသရုပ်ပြပွဲတွင် အရည်အသွေးကောင်းစပါးမျိုးလိုင်း ၁၄ မျိုးနှင့် စံထားမျိုးအဖြစ် ရွှေပြည်ထွေးစပါးတစ်မျိုး၊ စုစုပေါင်းမျိုးလိုင်း ၁၅ မျိုးကို လက်တွေ့စိုက်ပျိုးပြသထားပြီး တောင်သူများက ကြိုက်နှစ်သက်ရာမျိုးများကို မဲပေးရွေးချယ်ကြရာ မျိုးလိုင်း ၁၃ နှင့် မျိုးလိုင်း ၁၄ တို့သည် မျက်မြင်အရ တောင်သူများ ကြိုက်နှစ်သက်ဆုံးဖြစ်သည်။ **စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ပဲခူးမြို့ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ၁၀ မိုင်တွင် ဖွင့်လှစ်

ပဲခူး ဇူလိုင် ၉

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲသည် ကျေးလက်နေပြည်သူ များ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးစေရန်၊ ဆက်စပ်ဌာနများ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပဲခူးမြို့၊ အင်းတကော်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ၁၀ မိုင်သင်တန်းကျောင်းတွင်လည်း နည်းပညာသင်တန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ဖွင့်လှစ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းတွင် နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတို့အား ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့ ပို့ချပေးကာ တစ်ဦးလျှင် မှိုမျိုးထုပ် ၁၀ ထုပ်စီ လက်ဆောင်ပေးသည်။

စိုက်ပျိုးရေးဦးစီးဌာန

တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ရန် စံပြကွက်များထူထောင်

ဘားအံ ဇူလိုင် ၂၃

တောင်သူများကိုယ်တိုင် တစ်ပိုင်တစ်နိုင် မျိုးကောင်းမျိုးသန့်ထုတ်လုပ်လာနိုင်စေရန် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲနှင့် GMSAEDC တို့ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီက ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာ တောင်သူဦးသန်းနိုင်၏ လယ်မြေတွင် RS-CS မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စံပြကွက် ထူထောင်စိုက်ပျိုးကြသည်။

အလားတူပင် ဇူလိုင် ၂၂ ရက်က လှိုင်းဘွဲ့မြို့နယ်ရှိ တဝန်ဖန်ရကျေးရွာ တောင်သူ ဒေါ်နုနုဝေ၏လယ်မြေတွင် ဆင်းသုခမျိုးစပါးခေါင်နှံစံပြစိုက်ခင်းကို တောင်သူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြသည်။

ယခုအခါ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် GMSAEDC တို့ပူးပေါင်း၍ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့်ဘားအံမြို့နယ်တို့တွင် RS-CS မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စံပြကွက်များ၊ ခေါင်နှံနည်းဖြင့် စိုက်ပျိုးခြင်းနှင့် စံပြကွက်များကို တောင်သူများအား သရုပ်ပြသ၍ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **မြတ်သဥ္ဇာလှိုင်**

ရှမ်းပြည်နယ် တောင်သူလေ့လာရေးအဖွဲ့

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတများ၊ သီးနှံမျိုးသစ်များ၊ ခေတ်မီ စိုက်နည်းစနစ်များကို လေ့လာရန် စိမ်းလန်းဝေတောင်သူဝန်ဆောင်မှု လေ့လာရေးအဖွဲ့က ဦးဆောင်၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ တောင်သူများပါဝင်သည့် အဖွဲ့သည် ၁၀.၇.၂၀၁၉ ရက်က ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် စပါး၊ ပြောင်းနှင့် အခြားသီးနှံ၊ ဆီထွက်၊ ပဲမျိုးစုံ၊ စက်မှုသီးနှံ၊ သီးနှံစိုက်ပျိုးရေးနည်းစနစ်၊ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံပြခန်းများ၊ မြေဆီလွှာသုတေသန၊ ရေအသုံးချရေး၊ အပင်ရောဂါ၊ ပိုးမွှား၊ ဇီဝနည်းပညာ၊ စပါးဇီဝဥယျာဉ်ပြခန်းများ၊ ထိန်းသိမ်းသိုလှောင်ထားသော သီးနှံမျိုးရိုးဗီဇကွဲများပြခန်းများကို လေ့လာကြသည်။ (ပုံ)

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

ကျေးလက်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးသိပ္ပံစာပေ

ဦးဇာရက်သိန်းဇေ

စာရေးဆရာကြီး ဆရာမကြီးများက မြန်မာပြည်သားများအား ရသစာပေနှင့်သုတစာပေများကို လေ့လာဖတ်ရှုရန် တိုက်တွန်းလျက်ရှိသည်။ မျက်မှောက်ကာလ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် နိုင်ငံတော်က အရင်းအနှီးနှင့်နည်းပညာပံ့ပိုးရန် တောင်းဆိုလျက်ရှိသည်။ အရင်းအနှီးအတွက် ရရှိသောအရင်းအနှီးများ မလုံလောက်မှုနှင့် နည်းပညာရရှိမှု လုံးဝမရှိသလောက်ဟု ဆိုကြသည်။

သို့သော် နည်းပညာနှင့်ပတ်သက်၍ များစွာသောသင်တန်းများကို အစိုးရက စီစဉ်ပို့ချလျက်ရှိသကဲ့သို့ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများစွာကလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိသည်။ မျိုးစေ့ကုမ္ပဏီများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကုမ္ပဏီများကလည်း စိုက်ပျိုးသူများကို သင်တန်းများပေးလျက် ရှိသည်။ သို့တိုင်အောင် နည်းပညာများနှင့်ပတ်သက်၍ လုံလောက်မှုမရှိ၍ အခက်အခဲကြုံနေရကြောင်း ယနေ့တိုင် ကျယ်လောင်စွာကြားနေရသည်။ သင်တန်းပို့ချသူများနှင့် တာဝန်ယူစီစဉ်သူများအနေဖြင့် ထိုအဖြစ်ကိုလက်ခံလိုကြမည်မဟုတ်ပေ။ လက်တွေ့ဘဝတွင်ကား လက်တွေ့စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုနေသူများတွင် နည်းပညာအရ အခက်အခဲကြီးမားစွာဖြစ်နေသည်ကား အမှန်ပင်ဖြစ်သည်။

မြန်မာပြည်အရပ်ရပ်မှ သီးနှံအမျိုးမျိုး စိုက်ပျိုးသူများ၏အရင်းအနှီးနှင့်နည်းပညာအခက်အခဲအကြောင်း အမြဲကြားနေရသည်။ လွန်ခဲ့သောလအနည်းငယ်က ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်မှ ချင်း(ဂျင်း) စိုက်ပျိုးသော တောင်သူများက ချင်းစိုက်ပျိုးရာတွင် ရှေးကာလနှစ်များနှင့်မတူတော့ဘဲ ဈေးကျရသည့်အကြောင်း ထိုသို့ဈေးကျသည့်အထဲ အထွက်နှုန်းပါကျဆင်းလာကြောင်း ထိုအခက်အခဲကို ဖြေရှင်းရန်အတွက် နိုင်ငံတော်အနေဖြင့် လုံလောက်သော အမတော်ကြေးတောင်းခံသည်ကို ကြားရပါသည်။

စာရေးသူကိုယ်တိုင် ထိုဒေသမှ လူအချို့နှင့် ရင်းနှီးပါသည်။ ချင်းစိုက်ပျိုးခြင်းဖြင့်သာ ထိုတောင်သူဘဝမှ ချမ်းသာလာပြီး အလှူအတန်းများနှင့် ဘုရားစေတီများပင် တည်ထားနိုင်ကြောင်း ပြောဖူးပါသည်။ သို့သော် ထိုချင်းလုပ်ငန်းကိုလုပ်ရင်း အရှုံးပေါ်ပြီး သာမန်ဆင်းရဲသားတစ်ယောက်ဘဝပြန်ရောက်ခဲ့ရကြောင်း ကြားသိရဖူးပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ရာတွင် စိုက်ပျိုးသူက အားထုတ်လုပ်ကိုင်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အခြားကူညီနိုင်သောသူများထံမှ အကူအညီမျှော်လင့်သည်ကို အပြစ်မပြောနိုင်ပေ။ ကာယကံရှင်၏ ကြိုးစားမှုနှင့် အစိုးရနှင့် အခြားသောဝန်းကျင်မှ အကူအညီများရလျှင်ကား အတိုင်းထက်အလွန် ဖြစ်ပါလိမ့်မည်။ သို့သော် အောင်မြင်မှုကျဆုံးမှု၏ အရင်းခံကား မိမိကိုယ်သာ ဖြစ်ပါလိမ့်မည်။ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုကို ဖော်ဆောင်လုပ်ကိုင်ရာတွင် မိမိတို့၏ ကာယလုံ့လတစ်မျိုးတည်းကို အားကိုး၍ မရပေ။

စိုက်ပျိုးသူအနေဖြင့် စဉ်ဆက်မပြတ် လေ့လာရန် လိုပါသည်။ ထိုသို့လေ့လာသည်ဆိုရာ၌ မိမိတို့လက်တွေ့ရင်ဆိုင်ရသောအတွေ့အကြုံနှင့် စိုက်ပျိုးရေးသိပ္ပံစာပေကို ပေါင်းစပ်ရန် လိုပါသည်။ **လူသားတစ်ယောက်၏ လေ့လာမှုမှာ မွေးကင်းစကလေးဘဝ ပုခက်တွင်းမှ ခေါင်းထဲရောက်သည့်အချိန်ထိ လေ့လာရန် ပညာရှိများက အကြံပြုပါသည်။**

နိုင်ငံတော်အစိုးရက အခြေခံကျောင်းများအတွက် ထုတ်ဝေသော စိုက်ပျိုးရေးစာအုပ်များကို စိုက်ပျိုးသူတိုင်း လေ့လာနိုင်ပါသည်။ အကြောင်းကြောင်းကြောင့် **မိမိတို့စာသင်သား၊ ကျောင်းသားဘဝ စိုက်ပျိုးရေးပညာကို မသင်ခဲ့ရသည့်တိုင်အောင် ထိုစာအုပ်များကို တစ်ရက်လျှင် တစ်နာရီခန့် အချိန်ပေး လေ့လာဖတ်ရှုကျက်မှတ်လျှင် နှစ်ချီ၍ကြာသွားသောအခါ စိုက်ပျိုးရေးသိပ္ပံအမြင် ခိုင်မာစွာရသွားမည်မှာ မလွဲပေ။**

စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ သင်တန်းသားများအတွက် ထုတ်သောစာအုပ်များစွာကိုလည်း သာမန်စိုက်ပျိုးသူများ လေ့လာနိုင်ပါသည်။ စိုက်ပျိုးရေးပစ္စည်းတစ်မျိုးမျိုးရောင်းဝယ်သောကုမ္ပဏီများနှင့် သတင်းစာအပါအဝင် ရုပ်မြင်သံကြားများ၊ စိုက်ပျိုးရေးသိပ္ပံလောကအတွက် အရေးပါသောစာစောင်များ၊ ဂျာနယ်များကိုလည်း လေ့လာနိုင်ပါသည်။ ပုဂ္ဂလိကရပ်ဝန်းမှ ထုတ်ဝေသော တောင်သူလယ်သမားဂျာနယ်နှင့် နိုင်ငံတော်က ထုတ်ဝေသော လယ်ယာစီးပွားသတင်းဂျာနယ်၊ ဒို့ကျေးရွာ စာစောင်တို့မှာ ထင်ရှားသော စိုက်ပျိုးရေးစာစောင်များဖြစ်သည်။ ထိုစာစောင်များသည် သိပ္ပံအမြင်ကိုသာမက စိုက်ပျိုးရေးလုပ်ငန်းနှင့် နီးနွယ်နေသောကဏ္ဍများစွာကို စိတ်ဝင်စားဖွယ် ဖော်ပြလျက် ရှိနေသည်။

သို့သော် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသောမြန်မာပြည်သားအများစုမှာ ထိုစာစောင်များ ရှိနေသည်ကိုပင် မသိသူအလွန်များပါသည်။ အမှန်တကယ်ဆိုလျှင် စိုက်ပျိုးရေးနည်းပညာနှင့် စိုက်ပျိုးရေးသိပ္ပံအမြင်ကို တန်ဖိုးထားလေ့လာရန် ပျက်ကွက်သူများမှာ အများစုဖြစ်သည်။ လမင်းတွင် ဆန်ဖွပ်သည့်အဘိုးအိုထံမှာ ရွှေလင်ပန်းနှင့် ထမင်းဆီဆမ်းတောင်းနေသော အဖြစ်မျိုးကို ရှောင်လွှဲသင့်ပြီဖြစ်သည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်း ၂၀ နီးပါး စာသင်ကြားပို့ချခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း (အထူးသဖြင့် ပျိုးဥယျာဉ်လုပ်ငန်း)ကို လုပ်ကိုင်ပြီး အမှတ်မထင်ဘဲ အမျိုးမျိုးသော အရပ်ဘက်အဖွဲ့အစည်းများကြောင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မြန်မာပြည်တစ်နံတလျားသာမက မြန်မာပြည်အလယ်ပိုင်းဒေသတွင်ပါ နှစ်ပေါင်း ၂၀ ကျော်သင်တန်းများ ပို့ချခဲ့ပါသည်။

ထို့ပြင် ရန်ကုန်နှင့်မြို့ကြီးအချို့၏ ဌာနချုပ်များတွင်လည်း သင်တန်းများပို့ချခဲ့ပါသည်။ ကျွန်တော့်၏ သင်တန်းသားများတွင် ကျွန်တော့်ထက် ပညာတတ်သူများမှ စာရေးစာဖတ်တတ်ရုံပုဂ္ဂိုလ်များအထိ ပါပါသည်။ မြန်မာပြည်အရပ်ရပ်နယ်စွန်ဒေသများမှ လူမျိုးပေါင်းစုံကို သင်ကြားခွင့်ရခဲ့ပါသည်။ ကျွန်တော် အဓိကသင်ကြားသော ဘာသာရပ်မှာ သီးနှံပင်များ၏ အာဟာရစားသုံးခြင်းနှင့် မြေဩဇာအသုံးပြုပုံ စိုက်ပျိုးရေးသုံး၊ ဓာတုဆေးဝါးများ (Agrochemical) များဖြစ်သည်။

ကျွန်တော်၏သင်ကြားမှုကို ဌာနချုပ်များတွင် ထိုင်၍ စုံစမ်းသူများက ရုံဖန်ရံခါ အောင်မြင်မှု အတိုင်းအတာကို မေးဖူးပါသည်။ အရိုးသားဆုံးဝန်ခံရလျှင် ကျွန်တော်၏ကြိုးပမ်းမှုများမှာ ထိုက်တန်သော အောင်မြင်မှုမရခဲ့ပါ။ ကျွန်တော်၏သင်ကြားပို့ချချက်များကို တန်ဖိုးထားအသုံးပြုသူအရေအတွက်ကို လက်ချိုးရေတွက်၍ရပါသည်။ ရှည်လျားသော ထိုနှစ်ကာလများအတွင်း ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကျွန်တော်ကိုယ်တိုင် ထုတ်ဝေသော စိုက်ပျိုးရေးစာအုပ် ၆၀ နီးပါးရှိခဲ့သည်။ စာအုပ်များကို သောင်းချီ၍ ရောင်းချခဲ့ပြီးပါပြီ။ သို့သော် လက်တွေ့ဘဝ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများတွင် အရာမထင်ခဲ့သည်ကို ရိုးသားစွာ ဝန်ခံရပါလိမ့်မည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ကမ္ဘာအရပ်ရပ်တွင် ခေတ်စားလာသော ဇီဝနှိုးဆွပစ္စည်းများ (Biostimulants) များကို နိုင်ငံခြား စိုက်ပျိုးရေးသိပ္ပံစာပေများမှ ကျွန်တော်ခြေရာခံမိခဲ့သည်။ ထိုဘာသာရပ်အတွက် အခြေခံမရှိသေးသောသူအနေဖြင့် အချိန်ပေး၍ လေ့လာခဲ့ရသည်။ ကမ္ဘာ့စိုက်ပျိုးရေးလောကတွင် လျင်မြန်သောအဟုန်ဖြင့် တိုးတက်နေသော ထိုဇီဝနှိုးဆွပစ္စည်းများကို ငါးနှစ်ခန့်လေ့လာပြီးသောအခါ ကျွန်တော်ကိုယ်တိုင် စာတွေ့သာမက လက်တွေ့ပါ လုပ်ကိုင်လာနိုင်ပြီ ဖြစ်သည်။

ထိုသို့သော အဖိုးတန်ထိရောက်ပြီး လွယ်ကူစွာ ဖော်စပ်အသုံးပြုနိုင်သော ဇီဝနှိုးဆွပစ္စည်းများကို မြန်မာ့စိုက်ပျိုးသူများကိုယ်တိုင် ပြုလုပ်အသုံးပြုနိုင်မည့်နည်းကို ဖော်ပြရန် ကြိုးစားခြင်းအဖြစ် စာအုပ်ငယ်တစ်အုပ်ကို ရေးဖြစ်ခဲ့သည်။ မြန်မာဘာသာဖြင့် အလွယ်ကူဆုံး အရိုးရှင်းဆုံးအတိုဆုံး ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်ငယ်မှာ ကျွန်တော့်ကိုယ်ပိုင်အတွေးအခေါ်မှ ပေါ်ပေါက်လာသော စာအုပ်မဟုတ်သည့်တိုင်အောင် သာမန်စိုက်ပျိုးသူတိုင်း လွယ်ကူထိရောက်စွာအသုံးပြုနိုင်သည့် လမ်းကြောင်းတစ်ခုကို ဖော်ထုတ်လိုက်ခြင်းဖြစ်၍ ဂုဏ်ယူမိပါသည်။ သို့သော် ထိုစာအုပ်မှာ အောင်မြင်သောစာအုပ်မဟုတ်ခဲ့ပါ။ ပြောင်မြောက်သောစာအုပ်တစ်အုပ်မဖြစ်ခဲ့ပါ။

ဇီဝနှိုးဆွပစ္စည်း (Biostimulants) ဆောင်းပါး သုတေသနစာစောင်များကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာကြည့်လျှင် အစမှအဆုံးကို ရုပ်လုံးပေါ်အောင် ရေးမထားတော့ဘဲ အထူးပြုသည့်အစိတ်အပိုင်းများလောက်ကိုသာ ဖော်ပြခြင်းကြောင့် ဂျစ်ဆော ဆက်ရုပ်စများဖြင့် ပုံဖော်ရသော ပန်းချီကားများ၌ အစမစုံ၍ ရုပ်လုံးကွဲပြားစွာမပေါ်သကဲ့သို့ဖြစ်သွားတတ်သည်။ စတင်လေ့လာသူများအတွက် အခက်အခဲများစွာဖြစ်စေပါသည်။ ကျွန်တော်အနေဖြင့် ဇီဝနှိုးဆွပစ္စည်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှ အသုံးပြုမှုအတိုင်းအတာအထိ စုံလင်စွာဖော်ပြထားပါသည်။ ဇီဝနှိုးဆွပစ္စည်းများကို အဓိပ္ပာယ်ဖော်ရာတွင် အနားသတ် သပ်ရပ်မှုမရှိပါ။ ဇီဝနှိုးဆွပစ္စည်းဟူသည် သက်မဲ့ဓာတုဓာတ်ပေါင်းများဖြစ်သကဲ့သို့ ဒြပ်စင်များလည်းဖြစ်နိုင်သည်။ ပရိုတင်းများ၊ ကာဘိုဟိုက်ဒရိတ်များဖြစ်နိုင်သကဲ့သို့ အင်ဇိုင်းများလည်း ဖြစ်နိုင်သည်။ ဤမျှဝေဝါးစရာအဓိပ္ပာယ်ဖော်ပြချက်အောက်၌ပင် တိကျသောအဓိပ္ပာယ်လည်း ထင်ရှားစွာ ရှိသည်။

ဇီဝနှိုးဆွပစ္စည်းများသည် မြေဩဇာမဟုတ်သော်လည်း မြေဩဇာကဲ့သို့ အသုံးပြုနိုင်သည်။ ယင်းတို့မှာ ပိုးသတ်ဆေး၊ မှိုသတ်ဆေးမဟုတ်သော်လည်း ပိုးမွှားများကိုကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်သည်။ အပင်ဟိုမုန်းများမဟုတ်သည့်တိုင်အောင် ဟိုမုန်းများအစား အသုံးပြုနိုင်သည်။ ယနေ့ကမ္ဘာ့စိုက်ပျိုးရေးကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသော ရာသီဥတုပြောင်းလဲခြင်းကြောင့် သီးနှံများတွင် ခံစားရသည့် ဇီဝနှင့်အဇီဝဖိစီးခြင်း (Biotic and Abiotic Stress) ကို ဖြေလျော့ပေးနိုင်သည်။ ကာကွယ်ပေးနိုင်သည်။

ဤမျှတန်ဖိုးရှိသော ဇီဝနှိုးဆွပစ္စည်းများကို သာမန်စိုက်ပျိုးသူမဆိုထားနှင့် မူလတန်းကျောင်းသားများပင် ကိုယ်တိုင်ပြုလုပ်အသုံးပြုနိုင်ကြောင်း လွယ်ကူ ရိုးရှင်းစွာ တင်ပြခဲ့သည်။

ဇီဝဓာတ်ပြောင်း အကူအင်ဇိုင်းများ Enzynes, ပရိုတင်းမှ ဖြိုချထားသော အမိုင်နိုအက်စစ်များ (Amino Acid)၊ ပင်လယ်ရေမှော်စစ်ရည်များ (Seaweed Extracts)၊ သစ်စိမ်းစစ်ရည်များ (Vegetal Extracts) မှာ အဖိုးတန်ဇီဝနှိုးဆွပစ္စည်းများဖြစ်သည်။ ကျွန်တော့် သင်တန်းသားများမှတ်မိလွယ်ရန် အဖြစ်အပျက်တစ်ခုကို ဥပမာပေး၍ ဖော်ပြလေ့ရှိပါသည်။ ညစ်ညမ်းမှ မှတ်မိတတ်သောသူများအတွက် အထောက်အကူ ဥပမာဖြစ်ပါသည်။

တစ်ခါက ကုလားအဘိုးအိုတစ်ယောက်သည် ကရင်နှင့်ဗမာများအတူရှိသော ကျေးလက်တောရွာတစ်ရွာသို့ ရောက်သွားသည်။ ကုလားကြီးသည် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးမှာ လေထဲမှာရှိနေတုန်း ထိုကုလားကြီး မှာ ထမင်းစားချိန်ကျလာသောအခါ မိမိ၏ထမင်းကို ပဲဟင်း၊ ဒိန်ချဉ်တို့ဖြင့်နယ်ပြီး အားရပါးရစားပါသည်။

ပဲဟင်းများဒိန်ချဉ်များက မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများတွင် မြင်မကောင်းအောင် ပေကျံနေသည်။ သို့သော် ကုလားအဘိုးကြီး၏ ပါးစပ်ပေါက်မှာကား နှုတ်ခမ်းမွေးနှင့်မုတ်ဆိတ်မွေးများ ဖုံးနေ၍ ကလေးများက မမြင်ရပါ။ ကုလားကြီး ထမင်းစားနေသည်ကို စိတ်ဝင်စားစွာ လေ့လာနေကြသော ကလေးများက ကုလားကြီး၌ ပါးစပ်ပေါက်မပါဘဲ အစားစားနေသည်ဟု ဆိုကြသည်။ ထိုအခါ ကုလားကြီးက စိတ်ဆိုးပြီး နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးကို ဖယ်ထုတ်ပြီး မိမိပါးစပ်ကို ပြပါတော့သည်။ ကုလားကြီးသည် ပါးစပ်မှလည်း ဒါပါးစပ်မဟုတ်လို့ မင်းတို့အမေ အပေါက်လားဟု မေးပါတော့သည်။ ကုလားကြီးအဖြေမှာ ကလေးများအတွက် ပွဲကျသွားပါသည်။ ၎င်းတို့ တစ်သက်လုံး မေ့နိုင်တော့မည် မဟုတ်ပေ။

ဇီဝနှိုးဆွပစ္စည်းဟူသည်မှာလည်း ထူးဆန်းသောအရာများမဟုတ် သာမန်စိုက်ပျိုးသူတိုင်း ပြုလုပ်သုံးစွဲနိုင်သောပစ္စည်းများဖြစ်သည်။ အပင်များ၏ မြေဩဇာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအဖြစ်လည်း ပိုးမွှားရောဂါ ကာကွယ်ရေးကိစ္စများတွင် အသုံးပြုနိုင်သည်။ ထိုဖိစီးခြင်းတစ်မျိုးကြောင့် အခက်ကြုံနေရသော စိုက်ပျိုးရေးမှ ဖိစီးခြင်းများကိုလည်း ဖြေလျော့ပေးနိုင်သည်။ ဤမျှအဖိုးတန်နည်းပညာအခြေပြု နှိုးဆွပစ္စည်းများ မြန်မာ့စိုက်ပျိုးသူများနှင့် ကင်းကွာနေခြင်းမှာ မဖြစ်သင့်သောကိစ္စသာဖြစ်သည်။ ■

ဝက်သက်ရောဂါကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးပေါင်း တစ်နှစ်လျှင် သန်း ၂၀ ကျော်ရှိ

၂၀၁၀ နှင့် ၂၀၁၇ နှစ်များအတွင်း ကမ္ဘာတစ်ခွင်ရှိ ကလေးသူငယ်ပေါင်းသန်း ၂၀ ကျော်ခန့်သည် ဝက်သက်ရောဂါကာကွယ်ဆေးကိုမထိုးခဲ့ကြရပါဟု ကမ္ဘာ့ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်၌ ဖော်ပြထား၏။ ယခုအခါ ဝက်သက်ရောဂါ ဗိုင်းရပ်စ်ပိုးများသည် ကမ္ဘာတွင် ပျံ့နှံ့မှုများနေသည်ဟုလည်း ဖော်ပြထား၏။

ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့၏အစီရင်ခံစာတစ်ခု၌ ၂၀၁၀ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ကလေးသူငယ်ပေါင်း ၁၆၉ သန်းခန့်သည် ဝက်သက်ရောဂါကာကွယ်ဆေးကို ပထမအကြိမ်၌ပင် မထိုးခဲ့ကြရပါဟု ဖော်ပြထား၏။



ယခု ၂၀၁၉ ပထမသုံးလအတွင်း ကမ္ဘာတွင် ဝက်သက်ရောဂါဖြစ်နေသည့် ကလေးသူငယ်ဦးရေမှာ တစ်သိန်း တစ်သောင်းကျော်ရှိလာပြီ။ ၂၀၁၈ အလားတူကာလထက် လေးဆများလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့၏။

၂၀၁၇ ခုနှစ်တွင် ဝက်သက်ရောဂါကြောင့် ကလေးသူငယ်ပေါင်း တစ်သိန်းကျော် သေဆုံးခဲ့ရ၏။

ယခုအခါ ဝက်သက်ရောဂါသည် အမေရိကန်နိုင်ငံ ဥပရောပတိုက်၊ ဖိလစ်ပိုင် ကျူးနီးရှားနှင့် ထိုင်းနိုင်ငံစသည်တို့၌ ပျံ့နှံ့နေကြောင်း သိရ၏။

ကလေးသူငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်ဆေးထိုးပေးမှသာ ထိုရောဂါမှ စိတ်ချရကြောင်း သိရ၏။

ကမ္ဘာတွင် ကလေးသူငယ်များ ဝက်သက်ရောဂါကာကွယ်ဆေးကို ထိုးမှု အနည်းဆုံးနိုင်ငံမှာ နိုင်ဂျီးရီးယားဖြစ်ပြီး အိန္ဒိယက ဒုတိယလိုက်၏။ အိန္ဒိယနောက်၌ ပါကစ္စတန်နှင့် အင်ဒိုနီးရှား၊ ၎င်းနောက် အီသီယိုးပီးယားတို့က အစဉ်လိုက် ရှိနေကြကြောင်း သိရသည်။

(စထရိတ်တိုင်းမ်စ် ၂၆.၄.၁၉)

ရာသီဥတုပြောင်းလဲခြင်း ပဟေဠိပုစ္ဆာ

ကယ်လီဖိုးနီးယားပြည်နယ်သည် ပဟေဠိပုစ္ဆာတစ်မျိုးနှင့် ရင်ဆိုင်နေရ၏။ ရာသီဥတုပြောင်းလဲလာမှုကြောင့် ပေါ်ပေါက်လာသည့် မြင့်မားလာသောအပူချိန်များ၊ ပိုများလာသည့်တောမီးများ၊ ဆီးနှင်းများကျသည် ထက်မလိုသောနေရာများ၌ မိုးရွာသွန်းမှု ပိုလာခြင်းများနှင့် ပြည်နယ်၏ အသက်သွေးကြောဖြစ်သည့် ရေနည်းပါးလာမှုတိုးလာခြင်းစသည်တို့ဖြစ်၏။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သည် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ အထက်ပါပြဿနာများနှင့် ရင်ဆိုင်နေရ၏။ ရှေးက မရှိခဲ့၊ မဖြစ်ခဲ့သည့် ပူပြင်းခြောက်သွေ့လာမှုကြောင့် ရေလှောင်ကန်ကြီးများ၌ ရေများ ခန်းခြောက်မှုများလာရာ မြို့ပြ၌ နေသူများသည် ရေကိုချွေတာသုံးလာကြရ၏။ ရေကိုအားကိုး၍ စိုက်ပျိုးရေးလုပ်သူများမှာလည်း ရေအခက်အခဲနှင့်ကြုံနေကြ၏။

ထို့ပြင် ၂၀၁၇ အစောပိုင်းကာလ၌ ပြည်နယ်၏ဒုတိယအကြီးဆုံး ရေလှောင်ကန်ကြီး ကျိုးပေါက်သွားခဲ့ရာ လူပေါင်း နှစ်သိန်းကျော်ကို ရေဘေးနှင့်ကင်းဝေးရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လယ်မြေအိုးအိမ်များစွာမှာ ရေနစ်မြုပ်ခဲ့ရ၏။

လူဦးရေသန်း ၄၀ ခန့်နေထိုင်လျက်ရှိသည့် ကယ်လီဖိုးနီးယားပြည်နယ်သည် ကမ္ဘာတွင် လယ်ယာထွက်ကုန်များစွာထွက်သော ပြည်နယ်တစ်ခုဖြစ်သည်။ ရာသီဥတုစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည့် ပြည်နယ်များ၊ နိုင်ငံများထဲတွင် ကယ်လီဖိုးနီးယားသည် ထိပ်ဆုံးစာရင်းဝင်နေ၏။

၂၀၁၇ ခုနှစ် အမေရိကန်အစိုးရ၏ စီးပွားရေးစစ်တမ်းတွင် ကယ်လီဖိုးနီးယားပြည်နယ်၏ ပြည်နယ်အတွင်း အသားတင်ထုတ်လုပ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ထရီလီယံရှိပြီး ကမ္ဘာ၏ ပဉ္စမအကြီးဆုံး စီးပွားရေးကောင်းသော နယ်ပယ်တစ်ခုဖြစ်၏။ ဥပမာ ၎င်းပြည်နယ်၌ ဗာဒံပင်များကို အများအပြားစိုက်ပျိုးရာ ပြည်နယ်၏ ဗာဒံသီးအထွက်သည် ကမ္ဘာ့စုစုပေါင်း ဗာဒံသီးအထွက်၏ ၈၀ ရာခိုင်နှုန်းအထိရှိပြီး ပြည်နယ်သည် ၎င်းအသီးများမှ နှစ်စဉ်ဒေါ်လာ ၁၁ ဘီလီယံရနေ၏။ ၂၀၁၇ တွင် ထိုပြည်နယ်၏ ဝိုင်အရက်ရောင်းချရမှုမှာလည်း ဒေါ်လာ ၃၅ ဒသမ ၂ ဘီလီယံရှိခဲ့၏။

ထို့ကြောင့် ကယ်လီဖိုးနီးယား၏ အဓိကစိန်ခေါ်မှုမှာ လယ်ယာလုပ်ငန်းအတွက် ရေအလုံအလောက်ရရှိရေးဖြစ်နေ၏။ ကယ်လီဖိုးနီးယား၏ ရေ ၈၀ ရာခိုင်နှုန်းကို လယ်ယာလုပ်ငန်းများ၌ သုံးနေရသည်ဟု သိရသည်။ ရေအထူးလိုအပ်သည့် ကယ်လီဖိုးနီးယားသည် အနာဂတ်ကာလ၌ ရေဖူဖူလုံလုံရပါမည်လောဆိုသည့်မေးခွန်းသည် ပဟေဠိဖြစ်လာလေတော့၏။

ရေရှားလာရခြင်း၏ အခြားအကြောင်းရင်းတစ်ခုမှာ ကယ်လ်ဖိုးနီးယားပြည်နယ်ရှိ မြင့်မားသော တောင်တန်းများ တောင်ထိပ်များပေါ်၌ နှင်းများစုပုံအေးခဲနေမှုသည် လျော့ကျလာနေ၏။ နှင်းများကျဆင်းမှုနည်းလာသည့်အတွက် တောင်တန်းများ၌ မြစ်ဖျားခံသည့်မြစ်များမှာ ရေအရနည်းလာလေတော့၏။

ယခုအခါ ကယ်လီဖိုးနီးယားပြည်နယ်အစိုးရသည် ပင်လယ်ရေကို ရေချိုဖြစ်အောင် ပြုလုပ်ရေး၊ မြေအောက်မှ ရေများကို စုပ်ယူရေးစသည့် နည်းလမ်းများကို အသုံးပြုရန် စဉ်းစားနေရ၏။

(စထရိတ်တိုင်းမ်စ် ၂၁.၅.၁၉)



ကမ္ဘာ့အပူဆုံးနှစ်များ

ကမ္ဘာ အပူချိန်တိုးလာသည်မှာ နှစ်ပေါင်း ၁၀၀ ကျော်လာလေပြီ။ စက်မှုခေတ်စတင်ခဲ့သောနှစ်များနောက်ပိုင်း၌ တရွေ့ရွေ့ပူလာခြင်းဖြစ်ရာ ယခု ၂၁ ရာစု၌ အပူဆုံးဖြစ်လာ၏။ယခုနှုန်းအတိုင်းသာ ဆက်သွားနေပါက ၂၁ ရာစုအလယ်တွင် ပို၍ပူလာဦးမည်မှာ သေချာ၏။

သိပ္ပံပညာရှင်များသည် စက်မှုခေတ်မတိုင်မီနှင့်စက်မှုခေတ်စတင်မှု အားကောင်းချိန်များဖြစ်သော ၁၈၈၀ မှ ၁၉၁၀ အထိ နှစ်များ၏အပူချိန် ပျမ်းမျှအပူချိန်ကို အခြေခံမျဉ်းထား၍ ဖော်ပြရာ၌ ယခုအခါ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ တိုးလာပြီး ၂ ဒသမ ၂၅ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်လုနီးနေပြီဟု ဆိုသည်။

ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီကထက် တိုးလာပြီး ၁၉၉၈ ခုနှစ်မှစ၍ တစ်စတစ်စတိုးလာရာ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် +၂ဒသမ ၀ ဒီဂရီဖာရင်ဟိုက်နှင့် +၂ဒသမ ၂၅ ဒီဂရီဖာရင်ဟိုက်အကြားအထိ ရောက်ခဲ့ကာ ကမ္ဘာ့အပူဆုံးနှစ်ဖြစ်ခဲ့ကြောင်း စံချိန်တင်ထား၏။ ၂၀၁၆ နောက်၌ ၂၀၁၅၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၄၊ ၂၀၁၀၊ ၂၀၀၅၊ ၂၀၁၃၊ ၂၀၀၉၊ ၁၉၉၈ တို့သည် အစဉ်လိုက်ရှိနေကြ၏။ ၁၉၉၈ ပျမ်းမျှအပူချိန်နှင့် ၂၀၁၆ ပျမ်းမျှအပူချိန်မှာ ငါးဆခန့်ကွာ၏။

အာဆီယံနိုင်ငံ ၁၀နိုင်ငံ၏ ယခုအထိ အပူဆုံးနှစ်များကို ဖော်ပြရာ၌ ၂၀၁၀ မေ ၁၄ ရက်က မြန်မာနိုင်ငံ၏ အပူချိန်သည် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် အမြင့်ဆုံးစံချိန်ကို တင်ထားခဲ့၏။ အာဆီယံနိုင်ငံများအတွင်း အနိမ့်ဆုံးအပူချိန်ရှိခဲ့သောနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး ၁၉၈၃ ခုနှစ် ဧပြီ ၁၇ ရက်၌ ၃၇ ဒသမ ၀ ဆဲလ်စီးယပ်စ် ရှိခဲ့၏။

(ဘန်ကောက်ပို့စ် ၆.၅.၁၉)

မြသိန်း ရှားပါးမြွေပါမျိုးနွယ်ဝင် ဖူးဆား

ကမ္ဘာတွင် တောရိုင်းတိရစ္ဆာန်များစွာသည် ကောင်ရေနည်းလာပြီး အချို့တိရစ္ဆာန်များမှာ မျိုးသုဉ်းသွားကာ အချို့တိရစ္ဆာန်များမှာမူ အလွန်ရှားပါးသွား၏။ ရှားပါးသွားသည့်တိရစ္ဆာန်များတွင် မာဒါဂါစကားကျွန်း၌သာ စတင်တွေ့ရသည့် မြွေပါမျိုးနွယ်ဝင် ဖူးဆားတိရစ္ဆာန်ပါဝင်၏။

ယခုအခါ စင်ကာပူတိရစ္ဆာန်ရုံ၌ အဆိုပါရှားပါးဖူးဆားတိရစ္ဆာန်နှစ်ကောင်ကို ပြသထားရာ တိရစ္ဆာန်ချစ်သူများ သွားရောက်လေ့လာနေကြ၏။

အဆိုပါဖူးဆားများသည် အသားစားတိရစ္ဆာန်ဖြစ်ပြီး ၎င်း၌ ကြောင်နှင့်တူသော ဦးခေါင်း၊ ခွေးနှင့်တူသည့် နှုတ်သီးနှင့်နားရွက်များ၊ ရှည်လျားသေးသွယ်ခန္ဓာကိုယ်နှင့် ကြွက်သားများပါသည့် ခြေလက်များ ရှိ၏။

စင်ကာပူတိရစ္ဆာန်ရုံ၌ ယခုပြသထားသည့် ဖူးဆားများမှာ အသက်ကိုးနှစ်သားအထီးတစ်ကောင်နှင့် ငါးနှစ်သားအမတစ်ကောင်ဖြစ်သည်။ သဘာဝအားဖြင့် ၎င်းတိရစ္ဆာန်မျိုးသည် တစ်ကောင်တည်း နေလေ့ရှိကြသည်။

အထီးကို ဂျာမနီတိရစ္ဆာန်ရုံတစ်ရုံ မှ ပေးပို့ထားပြီး အမကိုမူ ပြင်သစ်တိရစ္ဆာန်ရုံတစ်ရုံမှ ပေးပို့ထားသည်။ ရည်ရွယ်ချက်မှာ ဖူးဆားမျိုးပွားရန်ဖြစ်၏။

ဖူးဆားများသည် ကမ္ဘာတွင် အလွန်ရှားပါးသွားရခြင်းမှာ ၎င်းတို့နေစရာများ ကျဉ်းမြောင်းသွားကာ လူတို့၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံနေရသောကြောင့်ဖြစ်သည်။

(စထရိတ်တိုင်းမ်စ် ၂၀.၄.၁၉)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ သီးပင်စားပင် အရိပ်ရပင်နှင့် နှစ်ရှည်ပင် ၃၅၀ ပင် စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ (ပုံ) ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများတက်ရောက်၍ သီးပင်စားပင်များ၊ အရိပ်ရပင်များနှင့် နှစ်ရှည်ပင် ၃၅၀ ပင် စိုက်ပျိုးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သဘာဝရာသီဥတုကို အကျိုးပြုနိုင်စေရန်၊ နှစ်ရှည်ပင်များ၊ သီးပင် စားပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပစေရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေဆင်းတမံပေါ်သို့ရောက်ရှိကြပြီး ဆည်အတွင်းရေဝင်ရောက်မှု၊ မိုးရေချိန်တိုင်းကိရိယာဖြင့် မိုးရွာသွန်းမှု မှတ်တမ်းဆောင်ရွက်ထားရှိမှုနှင့် တမံကြံ့ခိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာလျက်ရှိသည့် ရာသီဥတုဒဏ်ကြံ့ကြံ့ခိုင်ခံနိုင်ရေးအတွက် လေ့လာတွက်ချက်မှုများ ကြိုတင်ပြင်ဆင်ကာ အစီအမံများကို စနစ်တကျရေးဆွဲဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

MOALI ပြန်ကြားရေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ KRC President နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကိုရီးယားကျေးလက်ဒေသဖွံ့ဖြိုးရေးကော်ပိုရေးရှင်း Korea Rural Community Corporation (KRC) President Mr. Kin In Sik ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

လယ်ယာကဏ္ဍ၌ ကျေးလက်ကဏ္ဍများဖွံ့ဖြိုးရေးအတွက် KRCမှ နည်းပညာနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စပါးကြိတ်ခွဲသန့်စင်စက်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံတည်ထောင်ခြင်း စီမံကိန်းဆိုင်ရာများ၊ စပါးသီးနှံစိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းစင်တာ ဖော်ဆောင်၍ စပါးထုတ်လုပ်မှုစွမ်းရည် ပိုမိုကောင်းမွန်စေရေး စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် KRCတို့ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများတွင် နည်းပညာပြန့်ပွားရေး မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် အဆင့်မြင့်လယ်ယာဖော်ထုတ်သုံးစွဲရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

ပဲပုပ်ကုန်စည်တန်ဖိုးမြင့် ဈေးကွက်ချိတ်ဆက်စီမံကိန်းလွှန်ကာလ လုပ်ငန်းစဉ်များ ညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပဲပုပ်သီးနှံသည် လယ်ယာသီးနှံပို့ကုန်များအနက် နိုင်ငံခြားဝင်ငွေများစွာရှာဖွေပေးလျက်ရှိသဖြင့် နိုင်ငံခြားတင်ပို့ရာတွင် အရည်အသွေးကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲရန် သွင်းအားစုများကို အချိုးကိုက်၊ အချိန်မှန်သုံးစွဲရန်၊ မရိတ်သိမ်းမီနှင့် ရိတ်သိမ်းပြီးချိန်တို့တွင် ဆောင်ရွက်မည့်အချက်များ တိကျစွာလိုက်နာရန်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ကိုလည်း လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ယနေ့နံနက်ပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ပဲပုပ်ကုန်စည်တန်ဖိုးမြင့်ဈေးကွက်ချိတ်ဆက်စီမံကိန်း၏ စီမံကိန်းလွှန်ကာလလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောကြားသည်။ (ပုံ)

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Winrock International and USAID အဖွဲ့ဝင်များ၊ တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပဲပုပ်ထုတ်လုပ်မှုနည်းပညာများကို တောင်သူငယ်များလက်ဝယ်အရောက် ပြန့်ပွားစေခြင်းဖြင့် အရည်အသွေးကောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစနစ် တိုးတက်လာစေရန်နှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သူများအား တန်ဖိုးမြင့်ဈေးကွက်တစ်ခု ချိတ်ဆက်ဖြစ်ပေါ်လာစေရန် ဘက်စုံနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ ၂၀၁၇–၂၀၁၈ ခုနှစ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၂၅ ဒသမ ၇ ရာခိုင်နှုန်း၊ စုစုပေါင်း နိုင်ငံခြားဝင်ငွေ၏ ၂၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ၆၁ ဒသမ ၂ ရာခိုင်နှုန်းကို လယ်ယာ၊ သားငါး၊ သစ်တောအပါအဝင် Agriculture Sectorမှရရှိခဲ့ရာ စပါးသီးနှံပြီးလျှင် ဒုတိယအများဆုံးစိုက်ပျိုးသီးနှံဖြစ်သည့် ပဲမျိုးစုံသီးနှံသည် စုစုပေါင်း စိုက်ဧရိယာ၏ ၂၂ ရာခိုင်နှုန်းရှိကာ နိုင်ငံခြားဝင်ငွေ ၄၀ ရာခိုင်နှုန်းကျော်ရှာဖွေပေးနိုင်သည့်သီးနှံဖြစ်ပြီး ပဲအမျိုးပေါင်း ၄၀ ကျော်ရှိသည့်အနက် ၁၉ မျိုးကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲလွှမ်းမျိုးများသည် ပဲမျိုးစုံစုစုပေါင်း စိုက်ဧက၏ ၈၀ ရာခိုင်နှုန်းဖြစ်ပြီး စစ်ကိုင်း၊ မန္တလေးနှင့် မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက် ရှိသည်။

ပဲပုပ်သီးနှံကို စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ ကချင်နှင့် ကရင်ပြည်နယ်တို့တွင် မိုးသီးနှံနှင့်ဆောင်းသီးနှံများအဖြစ် ရာသီ နှစ်မျိုးလုံးတွင် စိုက်ပျိုးကြရာ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် စိုက်ဧက သုံးသိန်းကျော်ရှိသည်။

ပဲပုပ်သီးနှံ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် အရည်အသွေးကောင်းမျိုးများ၊ အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးသွင်းအားစုများနှင့် ရိတ်သိမ်းချိန်လွန်ပုံ့ပိုးပစ္စည်းများ လုံလောက်မှုရှိရန် လိုအပ်လျက်ရှိရာ အစိုးရ၊ ပုဂ္ဂလိက နှင့် NGOs, INGOs များပူးပေါင်း၍ မျိုးစေ့ထုတ်အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖော်ဆောင်ခြင်းနှင့် စမ်းသပ်ကွက်၊ စံပြကွက်များ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

ပဲပုပ်သီးနှံတွင် အာဟာရဓာတ်ပါဝင်မှုမှာ ပရိုတင်း ၃၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၁၉ ရာခိုင်နှုန်း၊ အဆီဓာတ် ၁၉ ရာခိုင်နှုန်း၊ အစိုဓာတ် ၁၃ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၉ ရာခိုင်နှုန်း၊ ပြာဓာတ် ၄ ရာခိုင်နှုန်းတို့ပါဝင်ပြီး အာဟာရတန်ဖိုးမြင့်မားသည့်သီးနှံ ဖြစ်သည်။ ပဲပုပ်သီးနှံမှ တန်ဖိုးမြင့်ထုတ်ကုန်များအနေဖြင့် ပဲပုပ်ဆီ၊ ပဲပြား၊ ပဲနို့၊ ပဲပင်ပေါက်၊ ပဲမှုန့်၊ ပဲပုပ်စေ့လှော်၊ ပဲငပိ (အစို/အခြောက်)၊ အသားတု၊ တိရစ္ဆာန်စာ (ကြက်၊ ငါး၊ ဝက်) စက်မှုကုန်ကြမ်းထွက်ကုန်အနေဖြင့် ဇီဝလောင်စာ၊ သုတ်ဆေး၊ ဆပ်ပြာ၊ ဖယောင်းတိုင်တို့ ထုတ်လုပ်ရရှိသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပဲပုပ်ကို ပဲပြား၊ ပဲမှုန့်၊ ပဲပုပ်စေ့လှော်၊ ပဲငပိ (အစို/အခြောက်)အဖြစ်သာ အဓိကတွေ့ရှိရပြီး ပဲပုပ်ဆီသည် စားအုန်းဆီဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရသည်။ တိရစ္ဆာန်စာကြိတ်ဖတ် ရရှိရန်အတွက်မျှသာ ပဲပုပ်ကို ဆီစက်ရုံများသို့ အနည်းငယ်ပို့ကြသည်။

ယခုအခါ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှုများပြားလာခြင်းကြောင့် တိရစ္ဆာန်အစားအစာအတွက် ဝယ်လိုအားများလာခြင်းနှင့် ပြည်တွင်းဆီစားသုံးမှုများလာခြင်းတို့ကြောင့် ဈေးကွက်ပြောင်းလဲမှုရှိလာရာ ပြည်ပမှ ပဲပုပ်ဆီတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်း၌ပိုမိုထုတ်လုပ်ရန် လိုအပ်လျက်ရှိသည်။

ယခုအခါ ပဲပုပ်တန်ဖိုးမြင့်ထုတ်ကုန်များ စားသုံးမှု မြင့်မားလာလျက်ရှိပြီး မြန်မာနိုင်ငံ၏ ရာသီမရွေး၊ ဒေသမရွေး၊ တောင်ပေါ်မြေပြန့်မရွေး စိုက်ပျိုးနိုင်သည့် ပဲပုပ်မျိုးများလည်း အသုံးပြုနိုင်ပြီဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပုဂ္ဂလိက၊ တောင်သူနှင့် သက်ဆိုင်သူ အားလုံးတို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်သည်။

MOALI ပြန်ကြားရေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Ms.Ellen Goldstein ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစီမံကိန်း (ADSP)၊ လူထုဗဟိုပြုစီမံကိန်း (CDD)၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)၊ စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာဝပြောသော ကျေးလက်လူ့ဘောင်ထူထောင်ရေးစီမံကိန်း (Peaceful and Prosperous Communities Project - PPCP)၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Rakhine Recovery and Development Project - RRDP) နှင့် အမျိုးသားအဆင့် အစားအစာနှင့် စိုက်ပျိုးရေးစနစ်များဆိုင်ရာ စီမံကိန်း (NFASP) စီမံကိန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လယ်ယာမြေနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမှုကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

မြန်မာနိုင်ငံ တီလားပီးယားသားပေါက်ထုတ်လုပ်မှုနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အကဲဖြတ်ခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံ တီလားပီးယား သားပေါက်ထုတ်လုပ်မှုနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အကဲဖြတ်ခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းအလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော် M-Gallery Nay Pyi Taw Sofitel၌ ယနေ့ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ FAO ဒေသဆိုင်ရာရုံးမှ နည်းပညာအရာရှိ မစ္စတာ မြောင်ဝေမင်၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး ဦးဆောင်သောဌာနဆိုင်ရာများ၊ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းစခန်းများမှ တာဝန်ခံများ တက်ရောက်ကြသည်။

မိမိတို့နိုင်ငံ၌ တီလားပီးယားမွေးမြူရေးနှင့်ပတ်သက်၍ သားပေါက်ထုတ်လုပ်ခြင်း၊ သားပေါက်အရည်အသွေး၊ မျိုးဗီဇပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများဆိုင်ရာ နည်းပညာအခက်အခဲကြုံတွေ့နေရကြောင်း၊ တီလားပီးယားသားဖောက်ထုတ်လုပ်မှုအစီအစဉ်များ သေချာစေခြင်းဖြင့် နည်းပညာများတိုးတက်ကောင်းမွန်စေရန်၊ တီလားပီးယားသားပေါက်အရည်အသွေးများ ကောင်းမွန်စေခြင်းနှင့် အရည်အသွေးမြင့်သားပေါက်များ ရရှိမွေးမြူနိုင်ခြင်းဖြင့် ငါးမွေးမြူသူများ အကျိုးအမြတ်ပိုမိုရရှိစေရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် တီလားပီးယားမွေးမြူမှု ရေရှည်ဖွံ့ဖြိုးစေရန် ငါးလုပ်ငန်းဦးစီးဌာနနှင့်ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ တီလားပီးယား သားပေါက်ထုတ်လုပ်မှုနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက် ကောင်းမွန်ရေး စီမံကိန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ အကောင်အထည်ဖော်ဆောင်လျက်ရှိရာ အဆိုပါစီမံကိန်း၏ အကောင်အထည်ဖော်ဆောင်မှု အကဲဖြတ်ခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းတို့ဆောင်ရွက်နိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းသည် ကျေးလက်ဒေသ အသေးစားငါးမွေး တောင်သူများအတွက်သာမက စီးပွားဖြစ်ငါးမွေးမြူသူများ၏ တီလားပီးယားမွေးမြူထုတ်လုပ်မှုလုပ်ငန်းကို အကျိုးရှိစေရန် မြန်မာနိုင်ငံ၌ လက်ရှိမွေးမြူထုတ်လုပ်လျက်ရှိသည့် တီလားပီးယားမျိုးငါးများ၏ အခြေအနေနှင့် မွေးမြူနည်းစနစ်များကို ကွင်းဆင်းလေ့လာခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းများ၊ ပုဂ္ဂလိကငါးမွေးမြူသူများနှင့် ရန်ကုန်တက္ကသိုလ်မှ ဆရာမများ စုစုပေါင်းသင်တန်းသား/သင်တန်းသူ ၄၂ ဦးတို့ကို တီလားပီးယားမျိုးငါးပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်း၊ သားဖောက်ထုတ်လုပ်ခြင်းနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ သင်တန်းပို့ချပေးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းသုံးဦးကို တရုတ်နိုင်ငံ၊ ရေချိုငါးလုပ်ငန်း သုတေသနဗဟိုဌာနသို့စေလွှတ်ပြီး တီလားပီးယားသားဖောက်ထုတ်လုပ်ခြင်းနှင့် မွေးမြူနည်းပညာများ လေ့လာစေခြင်း၊ ကောင်းမွန်သော မျိုးငါးများ ပြုစုစီမံခန့်ခွဲခြင်းကျင့်ရပ်များနှင့်အတူ ထောက်ပံ့ပေးသော တီလားပီးယားမျိုးကောင်းငါးများ အောင်မြင်စွာ တင်သွင်းခြင်းဖြင့် တီလားပီးယားမျိုးကောင်းငါးများ တိုးတက် ကောင်းမွန်စွာရရှိစေခြင်း၊ တီလားပီးယားသားဖောက်ထုတ်လုပ်ခြင်းနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ နည်းပညာပေးလက်စွဲပုံနှိပ် ဖြန့်ဝေခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်းနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့တွင် တီလားပီးယားသားဖောက်ရုံများ အဆင့်မြှင့်တင်ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကငါးမွေးတောင်သူ ၂၀ ဦး တို့ကို တီလားပီးယားငါးသားပေါက်နှင့် ငါးစာများထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုများ အကဲဖြတ်ကြပြီး စီမံကိန်းရလဒ်များကိုအသုံးပြု၍ ရှေ့ဆက် ဆောင်ရွက်သွားသင့်သည့်လုပ်ငန်းများကို နည်းပညာဆိုင်ရာ အကြံပြုသုံးသပ်ချက်များ ဆွေးနွေးကြကြောင်း သိရသည်။

MOALI ပြန်ကြားရေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E Mrs. Tone Tinnes နှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E Mrs.Tone Tinnes နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံ၍ မြန်မာ–နော်ဝေနှစ်နိုင်ငံငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဂတိကင်းစင်ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နှစ်ဖက်ဆွေးနွေးစဉ် အစိုးရ၊ လုပ်ငန်းရှင်၊ လူထုအဖွဲ့အစည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပင်လယ်ဂေဟစနစ်ရှင်သန်ကြီးထွားလာစေရေးကို အထောက်အပံ့ဖြစ်စေရန် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့၌ ကျင်းပမည့် The Our Ocean Conference ညီလာခံ ကျင်းပဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် နော်ဝေနိုင်ငံအခြေစိုက် Stromme Foundation တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ

စာ – ၁၈ သို့

ငါးလုပ်ငန်းဦးစီးဌာန၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်းနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့တွင် တီလားပီးယားသားဖောက်ရုံများ အဆင့်မြှင့်တင်ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကငါးမွေးတောင်သူ ၂၀ ဦး တို့ကို တီလားပီးယားငါးသားပေါက်နှင့် ငါးစာများထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုများ အကဲဖြတ်ကြပြီး စီမံကိန်းရလဒ်များကိုအသုံးပြု၍ ရှေ့ဆက် ဆောင်ရွက်သွားသင့်သည့်လုပ်ငန်းများကို နည်းပညာဆိုင်ရာ အကြံပြုသုံးသပ်ချက်များ ဆွေးနွေးကြကြောင်း သိရသည်။

MOALI ပြန်ကြားရေး

ရွှေခရုကာကွယ်နှိမ်နင်းနည်းသင်တန်း လောင်းလုံးတွင် ဖွင့်လှစ်

သီးနှံများအတွက်နှုန်းမထိခိုက်စေရေးအတွက် ရွှေခရု (Golden Apple Snail) ကာကွယ်နှိမ်နင်းနည်းသင်တန်းကို ဇူလိုင် ၄ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မင်းရပ်ကျေးရွာတွင် ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာနတာဝန်ခံများက ရွှေခရုများပြန့်ပွားပုံ၊ ဘဝစက်ဝန်း၊ သီးနှံဖျက်ဆီးပုံ၊ ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများကို ပညာပေးဆွေးနွေးကြသည်။ ■

လှိုင်းဘွဲ့မြို့နယ်တွင် မိုးစပါးလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ကွင်းဆင်း ဆောင်ရွက်

ဘားအံ ဇူလိုင် ၂၃

ကရင် ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးစပါး လျာထားဧက ပြည့်မီစေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သီးနှံအထွက်နှုန်းမလျော့နည်းစေရန် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာရှိ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းများ၊ ပိုင်ကျုံမြို့ ကစိုကျေးရွာနှင့် ရှမ်းရွာသစ်မြို့ မောခီးကျေးရွာများ၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေများ အပါအဝင် လုပ်ငန်းများကို ဇူလိုင် ၂၁ ရက်က သွားရောက်ကြည့်ရှုကြပြီး ဝန်ထမ်းများ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရီရီစိန်

စီမံကိန်းသုံးသပ်ပွဲ

ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ဖြင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ် အားကောင်းလာစေခြင်း စီမံကိန်းသုံးသပ်ပွဲကို ပွင့်ဖြူမြို့နယ် စိန်ခန်းမတွင် ၈.၇.၁၉ ရက်ကကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းတို့က ဆွေးနွေးမှာကြားပြီး ဖိတ်ကြားထားသူများနှင့် တောင်သူများ ၁၃၀ ဦး တက်ရောက်ကြသည်။ (ပုံ)

မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)

ဓာတ်မြေသြဇာထောက်ပံ့ခြင်းနှင့် ဓာတ်မြေသြဇာကြဲပက်ပွဲ လောက်ကိုင်တွင် ဆောင်ရွက်

ဓာတ်မြေသြဇာထောက်ပံ့ခြင်းနှင့် ဓာတ်မြေသြဇာကြဲပက်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ကုန်းဆာရွာ တောင်သူ ဒေါ်လီရှောက်အဲ၏ မိုးစပါး စိုက်ခင်းတွင် ဆောင်ရွက်ရာ ဒေသဦးစီး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် တာဝန်ရှိ သူတို့က တောင်သူများအား ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပြီး မိုးစပါး အထွက်တိုးရန် ပညာပေးဆွေးနွေးကြသည်။

ထို့နောက် ဓာတ်မြေသြဇာကြဲပက်ပွဲကို ဆက်လက်ဆောင်ရွက်ရာ စိုက်ပျိုးရေး ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ လယ်ယာလုပ်သားများ ပါဝင် ဆောင်ရွက်ကြသည်။ (ပုံ) ■

ပေါင်စနစ် မျိုးစေ့ချ ကွင်းလက်တွေ့ပြပွဲ တောင်ကုတ်တွင် ကျင်းပ

သိန်း၆၀ စုစည်းတင်ပြသည်

ပေါင်စနစ်မျိုးစေ့ချကွင်းလက်တွေ့ပြပွဲကို ဇူလိုင် ၅ ရက်နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကင်ကောင်ကျေးရွာ (SGA) မျိုးစေ့ထုတ်အသင်း တောင်သူ ဦးငမဲ၏လယ်မြေတွင် ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ဇင်မောင်၊ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့ဌာနတာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်တောင်သူများ၊ လယ်ယာလုပ်သားများ တက်ရောက်ကြသည်။

အဆိုပါကွင်းလက်တွေ့ပြပွဲတွင် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆားရည်စိမ်စနစ်ဖြင့် မျိုးသန့်မျိုးစေ့ရွေးချယ်ခြင်း၊ ပေါင်ပျိုးထောင်ခြင်းစနစ်နှင့် အကျိုးကျေးဇူးများ၊ SRI စပါးအစွမ်းဖွင့် စိုက်ပျိုးထုတ်လုပ်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများ၊ လယ်ယာလုပ်သားများက မျိုးစပါးအသုံးပြု၍ ပေါင်ပျိုးစနစ် ပျိုးထောင်ဆောင်ရွက်ခြင်းလုပ်ငန်းကို လက်တွေ့ပူးပေါင်း ဆောင်ရွက်ကြသည်။ ■

ငမြှောင်တောင် (FAW) ကာကွယ်နှိမ်နင်းခြင်း မိုင်းလားတွင် ဆောင်ရွက်

စိုက်ပျိုးသီးနှံများ အထွက်နှုန်း မထိခိုက်စေရေးအတွက် ငမြှောင်တောင် (Fall Army Worm) ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းကို ဇွန် ၂၉ ရက်နေ့လယ်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့နယ် ပန်ယောင်းကျေးရွာ ဒေါ်ဘုအော၏ ယာခင်းတွင် ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ ယာခင်းလုပ်သားများ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါကွင်းလုပ်ငန်းခွင်တွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံက ငမြှောင်တောင်ကျရောက်ပျံ့နှံ့မှုအခြေအနေ၊ ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းနည်းလမ်းများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ဟေမန်ဦးက မြေဆီအာဟာရတိုးတက်ရေးနည်းလမ်းများ၊ မြေချဉ်ငန်တိုင်းကိရိယာအသုံးပြုခြင်း နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူးက တောင်သူလယ်သမားများထံသို့ တမာကြိတ်ဖတ်ပိုးသတ်ဆေးနှင့် ဆေးဖျန်းအကာအကွယ်ဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ယာစိုက်တောင်သူများ၊ ယာလုပ်သားများက ငမြှောင်တောင် (FAW)ဖျက်ပိုးများကို စုပေါင်းကောက်ယူဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းနှိမ်နင်းခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ ■

အလေးထားရမည့် ရခိုင်လယ်ယာစီးပွား

ကျွန်းသားမေန်း

ဝါဆို ဝါခေါင် ရေဖောင်ဖောင်။ သည်အချိန်ဆိုလျှင် ရေဘောင်ဘင်ဝေကာ မြစ်ချောင်းအင်းအိုင်တို့၌ ရေတွေပြည့်နေတတ်ပြီ။ လယ်ကွင်းများတွင်လည်း ရေတွေပြည့်လျှံ နေတတ်သည်။ မိုးရေ၊ တက်ရေတို့ကြောင့် မြစ်ချောင်းကမ်းစပ်နှင့် ရေပြင်သည် တစ်ပြင်တည်းလို ဖြစ်နေသည်။

ဤကာလကို စိုက်ပျိုးရာသီဟုလည်း ဆိုကြသည်။ အထူးသဖြင့် မိုးစပါးရာသီဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ဧက ၁၁၂၇၂၉၃ ဧက ရှိနေကြောင်း ၂၀၁၇ ခုနှစ်စာရင်းအရ သိရသည်။

ရခိုင်ပြည်နယ်၏စပါးကျီဟု တင်စားရသော စစ်တွေခရိုင်တွင် စပါးစိုက်ဧက ၂၇၅၇၃၅၊ မြောက်ဦးခရိုင်တွင် ၃၇၈၄၂၄၊ မောင်တောခရိုင်တွင် ၁၅၁၉၅၃၊ ကျောက်ဖြူခရိုင်တွင် ၁၆၃၁၁၂ ဧကနှင့် သံတွဲခရိုင်တွင် ၁၃၄၅၃၈ ဧကရှိသည်။

ရခိုင်ဒေသတွင် ဆည်ရေသောက်ဧရိယာတွေ များများစားစား မရှိသေး။ မြစ်ရေတင်စိုက်ပျိုးရေးအတွက်ကိုလည်း စတင်ဆဲဖြစ်သည်။ ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်းတွေ မဖြစ်ထွန်းသေးမှု၊ မြစ်ရေတင်စီမံကိန်းများ ရေစုန်မျောနေမှုစသည်များကို ပြည်နယ်လွှတ်တော်တွင် ထောက်ပြဝေဖန်ကြသည်။

အထူးသဖြင့် ကျောက်တော်မြို့နယ်သည် ဆည်ကြီးများကို အသုံးပြု၍ စိုက်ပျိုးရေး၊ သရီချောင်းမြစ်ရေတင်စီမံကိန်း၊ အပေါက်ဝမြစ်ရေတင် စီမံကိန်း၊ ကန်စောက်မြစ်ရေတင်စီမံကိန်းများ အသုံးပြုကာ အောင်မြင်မှု၊ မအောင်မြင်မှုများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးဝေဖန်ကြသည်။ နိုင်ငံတော်က ခွင့်ပြုပေးခဲ့သော အသုံးစရိတ်ကုန်ကျငွေနှင့် ဆည်ရေသောက်စိုက်ပျိုးသီးနှံများ မည်မျှအောင်မြင်မှုမရှိမရှိ လွှတ်တော်တွင် ဆွေးနွေးကြခြင်းဖြစ်သည်။ တကယ်တော့လည်း ဆည်ရေသောက် မြစ်ရေတင်စိုက်ပျိုးသီးနှံများအတွက် နည်းပညာကျွမ်းဝင်မှုအားနည်းနေသေးကြောင်း တွေ့ရသည်။ ထိုကြောင့်ပင် ရခိုင်ဒေသတောင်သူများမှာ မိရိုးဖလာမိုးစပါးစိုက်ပျိုးခြင်းကိုသာ အလေးထားနေကြသေးသည်။

ထို့ကြောင့် မိုးရေကိုသာ အသုံးပြုကာ ထွန်ယက်စိုက်ပျိုးနေကြသည်။ ရခိုင်ဒေသ စပါးစိုက်ခင်းများ၏အသက်သည် မိုးရေရရှိနိုင်ရေးဖြစ်သည်။ မိုးရွာတုန်း စပါးသီးနှံတွေအပြီးစိုက်ပျိုးနိုင်ဖို့ ကြိုးစားနေကြရဆဲဖြစ်သည်။

သဘာဝမိုးသည် အစိုးမရ။ လယ်သမားတို့ရေလိုအပ်ချိန်တွင် ရွာချင်မှရွာမည်။ မလိုအပ်သည့်အချိန်တွင်လည်း သဲကြီးမဲကြီး ရွာချသည်။ အစိုးမရသောမိုး၏အရိပ်အကဲကိုကြည့်ကာ လှောင်တန်လျှင်လှောင်၊ ထိန်းသင့်လျှင်ထိန်း၊ ရေပိုလျှင်ဖောက်ချ၊ အချိန်နှင့်အမျှ ဂရုစိုက်နေကြရသည်။

ရခိုင်ဒေသလယ်သမားများမှာ လယ်ယာစိုက်ပျိုးခြင်းကို အတွေ့အကြုံနှင့်ပေါင်းစပ်ကျင့်သုံးတတ်၍ တော်ရုံတန်ရုံ ဥတုရာသီဖောက်ပြန်ရုံလောက်ကိုတော့ ဂရုစိုက်ကြသည်မဟုတ်။

ရခိုင်ပြည်နယ်၏ မိုးရေချိန်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော်က မိုးရေချိန်လက်မ ၂၀၀ ကျော် ရွာသွန်းခဲ့ကြောင်း မှတ်တမ်းများအရ သိခဲ့ရသည်။ သို့ရာတွင် ယခုအခါ မိုးရွာသွန်းမှုနည်းပါးလာကာ မိုးရေချိန်လက်မ ၁၉၀ မှ ၁၉၀ ကျော်သာ ရွာသွန်းခဲ့သည့်နှစ်များ ရှိလာခဲ့သည်။ ၂၀၀၆ ခုနှစ်က ရခိုင်ပြည်နယ်၏ ပျမ်းမျှမိုးရွာရက်မှာ ၁၂၀ ရက်ရှိခဲ့ပြီး မိုးရေချိန် လက်မ ၁၉၃ ဒသမ ၂၈ လက်မသာရွာသွန်းခဲ့သည်။ ထို့အတူ ၂၀၀၇ ခုနှစ်တွင်လည်း မိုးရွာရက်မှာ ၁၁၈ ရက်သာရှိခဲ့ပြီး မိုးရေချိန်လက်မ ၁၉၄ ဒသမ ၃၀ လက်မထိသာ ရွာသွန်းခဲ့ကြောင်း တွေ့ရသည်။ သို့ရာတွင် ဆယ်စုနှစ်အကြာ ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၏ ပျမ်းမျှ မိုးရွာသွန်းရက်မှာ ၁၁၆ ရက်ရှိခဲ့ပြီး မိုးရေချိန်လက်မ ၂၀၄ သမ ၇၀ လက်မထိ ရွာသွန်းခဲ့သည်ကို တွေ့ရပြန်သည်။ မိုးရွာရက်တိုတောင်းပြီး မိုးရေချိန်များပြားခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်ပေ။ ရက်ဆက်လိုပင် မိုးရွာသွန်းခြင်းဖြင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စသည်များလည်း ဖြစ်နိုင်ပေရာ သဘာဝဘေးအန္တရာယ်အတွက် သတိထားရမည်လည်း ဖြစ်ပေသည်။

ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၌ မိုးရွာသွန်းခြင်းမှာ အနောက်တောင်မုတ်သုံလေကြောင့် ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသို့ မုတ်သုံရာသီဝင်ရောက်မှုမှာ ၁၅ ရက်ခန့်နောက်ကျလာကြောင်း သိရသည်။ ထို့အတူ မုတ်သုံရာသီဆုတ်ခွာမှုမှာလည်း ခါတိုင်းထက် ၁၅ ရက်ခန့် စောကြောင်း သိရသည်။ မုတ်သုံမိုးရွာခြင်းမှာ ရက်ပေါင်း ၃၀ ခန့် တိုတောင်းသွားခြင်းဖြစ်သည်။ သို့ရာတွင် မုတ်သုံမဝင်မီ မိုးရွာသွန်းမှုဖြစ်စဉ်များလည်း ရှိတတ်သည်။ ထိုသို့သော မိုးရွာသွန်းမှုမှာ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်တတ်သည့်မုန်တိုင်းများကြောင့်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်တတ်သော မုန်တိုင်းရာသီမှာ မိုးကြိုကာလဖြစ်သည့် ဧပြီ၊ မေလများဖြစ်ပြီး မိုးနှောင်းကာလဖြစ်သော အောက်တိုဘာနှင့် နိုဝင်ဘာလများဖြစ်ရာ ရခိုင်ကမ်းရိုးတန်းတွင် မုတ်သုံမဝင်မီ မိုးကြိုကာလ မေလခန့်မှစတင်မိုးရွာသွန်းတတ်ကြောင်း တွေ့ရသည်။ ထို့အတူ အောင်ရေလိုအပ်သော မိုးနှောင်းကာလအောက်တိုဘာများတွင်လည်း မုန်တိုင်းမိုးများကြောင့် မိုးရေကိုရရှိတတ်သည်။

မုန်တိုင်းများသည် လေပြင်းတိုက်ခြင်းကဲ့သို့ အဖျက်အဆီးများကို သယ်ဆောင်လာသလို မိုးကဲ့သို့သော အကျိုးပြုလက်ဆောင်များကို ပေးတတ်ပြန်သည်။ အတွေ့အကြုံရင့်ကျက်သည့် လယ်သမားကြီးတစ်ဦးကမူ မုတ်သုံမိုးဆိုတာကို မစဉ်းစား။ မုတ်သုံအဝင်နောက်ကျတာလည်း သူမသိ။ အထွက်စောသည်ကိုလည်း နားမလည်။ ထယ်ရေးနူးဖို့ ရေလိုအပ်သည့်မေလဆိုလျှင် မုန်တိုင်းမိုးတွေရွာလာပြီ။ မုန်တိုင်းမိုးတွေကြောင့် စိုက်ရေးပျိုးရေးတွင် အဆင်ပြေကြောင်း စာရေးသူအား ပြောခဲ့ဖူးသည်။ မုန်တိုင်းကပေးသော လက်ဆောင်မိုးမှာ တောင်သူလယ်သမားတို့အတွက် ရွှေမိုး၊ ငွေမိုးဖြစ်နေလေသည်။

လယ်ယာစိုက်ပျိုးရေးတွင် ရာသီဥတုကို အကြောင်းပြုကာ အချိန်မီ ပြီးစီးအောင် ထွန်ယက်စိုက်ပျိုးကြရသည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် လယ်ယာလုပ်သားတွေ ရှားပါးလာသည်။ ထို့အတူ ကျွဲနွားရှားပါးမှုများကိုလည်း ကြုံတွေ့နေကြရသည်။ ၂၀၁၂ ခုနှစ်က စတင်ခဲ့သောပဋိပက္ခများကြောင့် မောင်တော၊ ဘူးသီးတောင်နှင့်ရသေ့တောင်မြို့နယ်များတွင် လယ်ယာစိုက်ပျိုးရာ၊ ရိတ်သိမ်းရာ၌ လယ်ယာလုပ်သားမလုံလောက်မှု၊ ကျွဲနွားမပြည့်စုံမှုများကြောင့် အခက်အခဲများရှိလာခဲ့သည်။ ထို့အတူ ၂၀၁၅ ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သော နှစ်ဖက်တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာ မြို့နယ်များဖြစ်သော ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားမြို့နယ်များတွင် ၂၀၁၉ ခုနှစ် စပါးစိုက်ပျိုးရာသီ၌ အခက်အခဲများ ရှိနေကြောင်း ကြားသိနေရသည်။

ခိုင်းကျွဲ၊ ခိုင်းနွားရှားပါးမှု၊ လယ်ယာလုပ်သားရှားပါးမှုများကြောင့် လက်တွန်းထွန်စက်များကို အသုံးပြုမှုများပြားလာသကဲ့သို့ လယ်ထွန်စက်များကိုလည်း ဝယ်ယူအသုံးပြုလာကြသည်။ လယ်ထွန်စက်များကို ပုဂ္ဂလိကအရောင်းဆိုင်များသာမက စက်မှုလယ်ယာဦးစီးဌာနကလည်း အရစ်ကျပေးအကြွေးစနစ်ဖြင့် ရောင်းချပေးသည်။

"အခုဆိုရင် ကျွန်တော်တို့ဒေသမှာ ခိုင်းကျွဲ၊ ခိုင်းနွားတွေက ရှားပါးလာတယ်။ ကိုယ်ပိုင်ဝယ်မယ်။ ကိုယ်ပိုင်ထိန်းကျောင်းမယ်ဆိုရင်တောင် အခက်အခဲတွေရှိတယ်။ ကိုယ်ပိုင်ကျွဲတွေ၊ နွားတွေမရှိဘဲ သူများဆီက အငှားယူထွန်မယ်ဆိုရင်တောင် ကိုယ့်အတွက် အလှည့်ကျဖို့ တော်တော်စောင့်ရတယ်။ လယ်ယာလုပ်သားကလည်း နည်းလာတယ်။ နောက်ပြီး ခိုင်းကျွဲခိုင်းနွားဆိုတာက လျှာနာ၊ ခွာနာဖြစ်တာတို့ တစ်ခြားရောဂါဝင်တာတို့ရှိတတ်သေးတယ်။ နောက်ပင်ပန်းတာတွေရှိတော့ ခိုင်းချင်သလောက် ခိုင်းလို့မရဘူး"ဟု ပေါက်တောမြို့နယ်မှ လယ်သမားတစ်ဦးကပြောသည်။

"လယ်ထွန်တယ်၊ စပါးစိုက်တယ်ဆိုတာက အချိန်ကိုလုပြီး လုပ်ရတာပါ။ လယ်သမားတိုင်းမှာ ကျွဲနွားအစုံမရှိကြပါဘူး။ ဒီတော့ လက်စားလိုက်ထွန်တယ်ပြောပြော၊ အငှားထွန်တယ်ပဲပြောပြော ကိုယ့်အလှည့်ကျမယ့်ရက်ကိုစောင့်နေရတာတွေရှိတယ်။ လယ်ထွန်စက်တွေနဲ့ တွက်ခြေကိုက်သလိုဖြစ်လာတယ်။ ကျွန်တော်ဆိုရင် လယ်ဧက ၅၀ ကျော်၊ ၆၀ ရှိတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်ကစပြီး လက်တွန်းထွန်စက်တစ်လုံးဝယ်ပြီး စိုက်ပျိုးရေးကိုလုပ်တယ်။ လက်စားလိုက်အငှားလည်း ထွန်ဖြစ်သေးတယ်"ဟု ၎င်းကပင် ပြောကြားသည်။

"လက်တွန်းလယ်ထွန်စက်တွေက သယ်ယူရတာ၊ ပြောင်းရွှေ့ရတာလည်း လွယ်တယ်။ အခုဆိုရင် ကားလမ်းတွေက ကျေးရွာတွေအထိရောက်နေပြီဆိုတော့ ပိုလွယ်သွားတာပေါ့။ ပြီးတော့ ပေါ့ပေါ့ပါးပါးနဲ့မို့ ကိုင်ရတွယ်ရလည်းလွယ်တယ်။ စက်ပိုင်းဆိုင်ရာ ဆီပျောက်၊ မီးပျောက်ကအစ ပြင်မယ်ဆင်မယ်ဆိုရင် ကျေးလက်တွေမှာ တော်ရုံတန်ရုံအပျက်အစီးလောက်ကိုတော့ ပြင်နိုင်သူတွေပေါ်လာပြီ။ ကျွန်တော်တို့အရောင်းဆိုင်ကတော့ ကျွန်တော်တို့ဆီက ဝယ်သွားတဲ့စက် ဆိုရင်လိုက်ပြီးပြင်ဆင်ပေးနေပါတယ်"ဟု ကြယ်နီစက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမြင့်က ပြောသည်။

ရခိုင်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသူများမှာ မိရိုးဖလာအတိုင်း နံနက် ၄ နာရီခန့်မှစပြီး လယ်ကွင်းထဲဆင်းကာ ကျွဲနှင့်နွားနှင့်ဖက်ရန်းကန်နေသူများ ဖြစ်ကြသည်။ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလာခြင်းဖြင့် နှင်တန်ကိုမြှောက်၊ နွားကိုမငေါက်ရတော့ဘဲ စက်သံဒီးဒီး၊ အငြိမ့်သားစီးကာ ထွန်ယက်လာနိုင်ကြပြီဖြစ်သည်။ စက်မှုလယ်ယာဦးစီးဌာနက ၂၀၁၈ ခုနှစ်တွင် ထွန်စက်ကြီးများဖြင့် ၁၃၅၃၂ ဧကထွန်ယက်ပေးခဲ့ပြီး လက်တွန်းထွန်စက် ၃၉၂ စီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မျိုးကောင်းမျိုးသန့်များပြောင်းလဲ

ရခိုင်ပြည်နယ်၏ လယ်ယာကဏ္ဍသည် ရခိုင်ပြည်သူများ၏ စားဝတ်နေရေးနှင့် ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းကြီးလည်းဖြစ်သည်။ ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်တိုးရေးအတွက် စပါး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုးစပါးစိုက်ပျိုးရာတွင် ဒေသမျိုးရင်းစပါးများသာမက အထွက်ကောင်းမျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဒေသမျိုးရင်းစပါးများမှာ ငါးရာဘို၊ ငကြိမ်သီး၊ ဂေါက်ရ၊ ရီမနိုင် စသည့်ကောက်ကြီးစပါးများဖြစ်ကြသည်။ သို့ရာတွင် အဆိုပါစပါးစိုက်ပျိုးမှုမှာ နည်းပါးလာနေပြီး စုစုပေါင်းစိုက်ဧက၏ ၂၅ ရာခိုင်နှုန်းခန့်သာရှိတော့သည်ဆို၏။ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးခဲ့သည့် အထွက်ကောင်းစပါးများမှာ ဆင်းသွယ်လတ်၊ မနောသုခ၊ ကျော်ဇေယျ၊ ရွှေဝါထွန်း၊ ရေဆင်းလုံးသွယ်နှင့်သုခရင်စပါးမျိုးများဖြစ်ကြသည်။ ရခိုင်ပြည်နယ်၏ စပါးအထွက်နှုန်းကို တစ်ဧကတင်း ၁၀၀ ရည်မှန်းဆောင်ရွက်နေသော်လည်း ၂၀၁၇ ခုနှစ်စာရင်းအရ ပျမ်းမျှတစ်ဧက အထွက်နှုန်းမှာ ၆၅ ဒသမ ၂၇ တင်းသာ ရှိသေးသည်။ ခရိုင်အလိုက် တစ်ဧကအထွက်နှုန်းမှာ စစ်တွေခရိုင်တွင် ၆၂ ဒသမ ၉၅ တင်း၊ မြောက်ဦးခရိုင်တွင် ၆၇ ဒသမ ၆၈ တင်း၊ မောင်တောခရိုင်တွင် ၆၆ ဒသမ ၄၉ တင်း၊ ကျောက်ဖြူခရိုင်တွင် ၆၀ ဒသမ ၄၃ တင်းနှင့် သံတွဲခရိုင်တွင် ၆၇ ဒသမ ၇၄ တင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက် စစ်တွေခရိုင်တွင်ပါဝင်သော ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောမြို့နယ်နှင့် မြောက်ဦးခရိုင်တွင်ပါဝင်သော ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များကို ရခိုင်ပြည်နယ်၏ စပါးကျီအဖြစ် သတ်မှတ်ထားကြသည်။ ၂၀၁၈ ခုနှစ် မိုးရာသီက ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သောမျိုးစေ့များ ဖြန့်ဖြူးထုတ်လုပ်နိုင်ရန် စပါးမျိုးစေ့မျိုးသန့်စုစုပေါင်း ၁၆၈၀၀ တင်းကို ဖြန့်ဖြူးခြင်း၊ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၆၅၀ ဧကနှင့် မျိုးစပါးမျိုးသန့်ဇုန်ဧက ၃၀၀၊ မိုးစပါးစံပြစိုက်ကွက် ၃၃၅ ဧက စိုက်ပျိုးခဲ့သည်ဆို၏။

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ကျေးလက်ဒေသမှ တောင်သူများ စစ်ပွဲရှောင်လာကြသည်များရှိသည်။ အထူးသဖြင့် ထိုမြို့နယ်များမှာ **ရခိုင်ပြည်နယ်၏စပါးကျီဟု သတ်မှတ်ထားပြီး စိုက်ပျိုးမြေအများအပြားရှိရာ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းနှင့် မင်းပြားမြို့နယ်များမှဖြစ်ရာ ၂၀၁၉ ခုနှစ် မိုးရာသီစပါးစိုက်ပျိုးရေးတွင် အခက်အခဲများရှိလာနိုင်သည်။ စစ်ပွဲ မရှောင်ရသော ကျေးလက်ဒေသများတွင်လည်း စိုးရိမ်ကြောင့်ကြစိတ်ကြောင့် ရွာအနီးပတ်ဝန်းကျင်၌သာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြမည်ဟု မှန်းထားကြသည်။ အထူးသဖြင့် ထုတ်ပြန်ထားသော ညမထွက်ရအမိန့်ကြောင့် လယ်ယာထွန်ယက်ရာတွင် အချိန်အကန့်အသတ်များလည်း ရှိနိုင်သည်။**

သို့ဖြစ်ရာ လုံခြုံရေးအခြေအနေအရ စိုက်ပျိုးနိုင်သောမြေများတွင် စိုက်ပျိုးနိုင်ရေးအတွက် စက်ဖြင့်ထွန်ယက်စိုက်ပျိုးခြင်း၊ စက်ဖြင့်ကောက်စိုက်ခြင်းများကို ပိုမိုတိုးချဲ့ကာ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြပေမည်။ ■

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၉- ၂၀၂၀ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc)၊ (၅)နှစ်သင်တန်းအတွက် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည် -

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၀၀)နှင့်အထက်ရရှိသူ ဖြစ်ရမည်။

(ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့်ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကျောင်းအပ်နှံချိန်ကာလအတွင်း (သက်ဆိုင်ရာတက္ကသိုလ်တွင်ရှိသည့် တိုက်နယ်ဆေးရုံ) စစ်ဆေးခံရမည်။

(င) တက္ကသိုလ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၃။ (က) အမျိုးသားဦးရေ (၁၅၀)နှင့်အမျိုးသမီးဦးရေ(၁၅၀) စုစုပေါင်း(၃၀၀)ဦး လက်ခံမည်။

(ခ) နိုင်ငံတော်ကထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ သတ်မှတ်ထားသည့် အမှတ်နှင့်ကိုက်ညီသော လျှောက်ထားသူများကို စုစုပေါင်း လက်ခံဦးရေ၏ ၁၀% အထိ ရရှိရန် ရွေးချယ်ဆောင်ရွက်ပါမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာပုံစံမှာအောက်ဖော်ပြပါအတိုင်းဖြစ်ပြီးမိမိအစီအစဉ်ဖြင့် (A4-Size) ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်သလို အောက်ပါ Link များတွင်လည်း Download ဆွဲ၍ ရယူနိုင်ပါသည်။

(www.yau.edu.mm/category/news)

(https://www.facebook.com/YezinAgriculturalUniversity)

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားများပူးတွဲ တင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းသက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)

(ခ) အမှတ်စာရင်း(မူရင်း)

(ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံချက်(မူရင်း) (သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)

(င) လိုင်စင်ဓာတ်ပုံ (၃)ပုံ

၆။ လျှောက်လွှာကိုကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၁၃ သို့ ၂၃ - ၈ - ၂၀၁၉ (သောကြာနေ့) နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါကရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့်အခြားတက္ကသိုလ်များသို့လည်းလျှောက်ထားရန်လိုအပ်မည် ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၆၇- ၃၄၁၆၅၁၂ နှင့် ဝန်ထမ်းရေးရာဌာနဖုန်း - ၀၆၇ - ၃၄၁၆၅၁၃ တို့ကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

ဆန်(အလတ်စ)	ရေတွက်ပုံ	ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၂၄-၇-၁၉	ယခင်အပတ် ၁၇-၇-၁၉	တက်/ကျ	မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၂၄-၇-၁၉	ယခင်အပတ် ၁၇-၇-၁၉	တက်/ကျ
ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ)	တစ်တင်းခွဲ	၅၂၅၀၀	၅၁၅၀၀	တက်	၅၂၀၀၀	၅၁၅၀၀	တက်
ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ)	တစ်တင်းခွဲ	၃၉၀၀၀	၃၉၀၀၀		၄၈၅၀၀	၄၇၁၆၀	တက်
ဆန်(မနောသုခ)(အလတ်စ)	တစ်တင်းခွဲ	၂၅၀၀၀	၂၅၀၀၀		၂၆၅၀၀	၂၅၅၀၀	တက်
ဆန်(ဧယာ)(အလတ်စ)	တစ်တင်းခွဲ	၁၉၅၀၀	၁၉၅၀၀		၂၃၅၀၀	၂၄၀၀၀	ကျ
ဆန်(ညို့မထ)(အလတ်စ)	တစ်တင်းခွဲ	၁၉၀၀၀	၁၉၅၀၀	ကျ			
ဆန် (ငစိန်) (အလတ်စ)	တစ်တင်းခွဲ	၁၉၅၀၀	၁၉၅၀၀		၂၄၀၀၀	၂၁၀၀၀	တက်
ဂျုံမှုန့်	၂၅ ပိဿာ	၃၂၀၀၀	၃၀၀၀၀	တက်			

စားဖိုဆောင်သီးနှံများ		ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)			မန္တလေး(ကိုင်းတန်းဈေး)		
ငရုတ်ခြောက် (ရှည်)	ပိဿာ	၄၆၂၅	၄၆၅၀	ကျ	၆၀၀၀	၆၅၀၀	ကျ
ငရုတ်ခြောက် (လတ်)	ပိဿာ	၅၅၅၀	၅၅၅၀		၅၇၀၀	၅၀၀၀	တက်
ငရုတ်ခြောက် (အပွ)	ပိဿာ	၆၇၅၀	၆၇၅၀		၉၀၀၀	၁၀၀၀၀	ကျ
ကြက်သွန်နီ (အထူး ၄စမ)	ပိဿာ	၈၈၈	၈၆၃	တက်	၉၅၀	၈၀၀	တက်
ကြက်သွန်နီ(အလတ်၃-၄စမ)	ပိဿာ	၈၁၃	၇၈၃	တက်	၈၅၀	၇၀၀	တက်
ကြက်သွန်နီ (အသေး ၂စမ)	ပိဿာ	၇၃၈	၇၁၃	တက်	၆၁၇	၅၀၀	တက်
ကြက်သွန်ဖြူ (ရှမ်း)	ပိဿာ	၂၅၀၀	၂၅၀၀		၁၄၀၀	၂၀၆၇	ကျ
ကြက်သွန်ဖြူ(ကြူကုတ်)	ပိဿာ	၃၃၅၀	၃၃၇၅	ကျ	၃၂၂၅	၃၄၀၀	ကျ
ကြက်သွန်ဖြူ(မြေပြန့်)	ပိဿာ				၂၂၀၀	၁၉၀၀	တက်
အာလူး (အိုကေ)	ပိဿာ	၈၂၀	၈၂၀		၁၁၀၀	၁၀၅၀	တက်
အာလူး (အေဝမ်း)	ပိဿာ	၇၀၀	၇၀၀		၉၀၀	၉၀၀	တူ
ချင်း	ပိဿာ	၂၈၀၀	၃၀၀၀	ကျ	၂၂၅၀	၂၄၀၀	ကျ

ဟင်းသီးဟင်းရွက်များ		ရန်ကုန်(သီရိမင်္ဂလာဈေး)			မန္တလေး(ကိုင်းတန်းဈေး)		
ခရမ်းချဉ် (ရှမ်း)	သေတ္တာ	၁၆၅၀၀	၁၇၀၀၀	ကျ	၂၁၀၀၀	၂၀၀၀၀	တက်
ဂေါ်ဖီထုပ် (ရှမ်း)	ထုပ်	၅၀၀	၉၀၀	ကျ	၂၀၀	၇၀၀	ကျ
ပန်းမုန်လာ(ရှမ်း)	ထုပ်	၅၀၀	၇၀၀	ကျ	၂၆၀	၇၀၀	ကျ
မုန်လာဉနီ (ရှမ်း)	ပိဿာ	၁၅၀၀	၁၄၀၀	တက်	၈၅၀	၁၂၀၀	ကျ
သခွားသီး	၁၀၀ လုံး	၇၀၀၀	၅၀၀၀	တက်	၇၅၀၀	၈၀၀၀	ကျ
ငရုတ်စို (မိုးထောင်)	ပိဿာ	၁၅၀၀	၁၆၀၀	ကျ			
ငရုတ်စို (ပီနန်)	ပိဿာ	၄၀၀၀	၄၀၀၀				
ငရုတ်စို (အရှည်)					၁၇၀၀	၁၄၀၀	တက်
ငရုတ်စို (လတ်)					၂၀၀၀	၁၇၀၀	တက်
ငရုတ်စို (လုံး)					၂၀၀၀	၁၄၀၀	တက်
စားပြောင်း	၁၀၀ဖူး	၁၆၅၀၀	၁၅၀၀၀	တက်	၁၂၆၆၇	၁၃၀၀၀	ကျ
ရုံးပတီသီး	၁၀၀ တောင့်	၉၀၀	၁၀၀၀	ကျ			
ရုံးပတီသီး	ပိဿာ				၈၀၀	၁၀၀၀	ကျ
ဘူးသီး	လုံး	၈၀၀	၈၀၀				
ဂေါ်ရခါး	၁၀လုံး	၂၀၀၀	၂၀၀၀		၁၄၀၀	၁၄၀၀	တူ
ဘိုစားပဲ	ပိဿာ				၈၀၀	၁၂၀၀	ကျ
မုန်လာဉဖြူ	၁၀လုံးစည်း				၃၀၀	၂၅၀	တက်
မုန်လာဉဖြူ	ပိဿာ	၁၂၀၀	၁၂၀၀				
ရွှေဖရုံသီး	လုံး	၁၅၀၀	၂၀၀၀	ကျ	၉၀၀	၉၀၀	တူ

သစ်သီးဝလံများ		ရန်ကုန်(သီရိမင်္ဂလာဈေး)			မန္တလေး(ကိုင်းတန်းဈေး)		
ငှက်ပျော (သီးမွှေး)	ဖီး	၂၀၀၀	၂၀၀၀		၄၀၀	၄၀၀	တူ
ငှက်ပျော (ဖီးကြမ်း)	ဖီး	၁၅၀၀	၁၅၀၀		၅၀၀	၅၀၀	တူ
ငှက်ပျော (ရခိုင်)	ဖီး	၁၅၀၀	၁၅၀၀		၅၀၀	၅၀၀	တူ
နာနတ်သီး	တစ်လုံး	၅၀၀	၅၀၀		၃၀၀	၃၀၀	တူ
စပျစ်သီး (နီညို)	ပိဿာ	၁၄၃၀	၁၅၀၀	ကျ	၂၃၀၀	၂၂၀၀	တက်
သရက်သီး(စိန်တလုံး)	၁၀ လုံး						
သခွားမွှေး	၁လုံး				၁၀၀၀	၈၀၀	တက်
ဖရဲ	၁လုံး				၁၂၅၀	၆၀၀	တက်
ထောပတ်သီး	၁၀ လုံး	၁၀၀၀၀			၄၀၀၀	၃၅၀၀	တက်
ပန်းသီး(တရုတ်)	တစ်သေတ္တာ		၂၆၀၀၀				
ပန်းသီး(တရုတ်)	၁၀ လုံး				၁၇၀၀	၃၈၃၃	ကျ

စားသုံးဆီ

		ရန်ကုန်(ညောင်ပင်လေးဈေး)	
စားအုန်းဆီ (ကုမ္ပဏီ)	ပိဿာ	၁၄၃၀	တက်
စားအုန်းဆီ (လက်ကား)	ပိဿာ	၁၄၉၀	တက်
မြေပဲဆီ (ရန်ကုန်-ရှယ်)	ပိဿာ	၆၈၀၀	–
မြေပဲဆီ (နယ်မှလာသောဆီ)	ပိဿာ	၆၀၀၀	–
မြေပဲဆီ (ရိုးရိုး)	ပိဿာ	၃၆၀၀	–
နှမ်း (အကြော်ခံ)	ပိဿာ	၇၅၀၀	တက်
နှမ်း (ရိုးရိုး)	ပိဿာ	၆၀၀၀	တက်

မန္တလေး(ကုန်စည်ဒိုင်)

နံ့နံ့စေ့	ပိဿာ	၁၂၂၅၀	၁၂၂၅၀	–
စမုန်နက်	ပိဿာ	၃၂၀၀	၃၂၀၀	–
ပဲဖတ်	ပိဿာ	၁၂၀၀	၁၂၀၀	တက်
နှမ်းဖတ်	ပိဿာ	၁၁၆၅	၁၁၆၅	–
အခြားကုန်စည်ဈေးနှုန်းများ				
မြေပဲဆီ	ပိဿာ	၇၀၀၀	၇၀၀၀	တူ
နှမ်းဆီ	ပိဿာ	၇၃၀၀	၇၃၀၀	တူ
စားအုန်းဆီ	ပိဿာ	၁၅၀၀	၁၄၈၅	တက်

ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး — စပါးတစ်တင်း= ၄၆ပေါင်

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
စပါး (ပထမတန်းစား)			
ရေဝတီပေါ်ဆန်း	၁၀၀ တင်း	၁၀၅၁၄၂၈	
ပေါ်ဆန်းရင်	၁၀၀ တင်း	၉၆၃၈၀၉	
ကောက်ညင်းဖြူ	၁၀၀ တင်း	–	
ဖျာပုံပေါ်ဆန်း	၁၀၀ တင်း	၉၆၃၈၀၉	
စပါး (ဒုတိယတန်းစား)			
ရွှေသွယ်လေး	၁၀၀ တင်း	၇၈၂၀၀၀	
ရေမင်း	၁၀၀ တင်း	၇၈၂၀၀၀	
မနောသုခ	၁၀၀ တင်း	၆၄၄၀၀၀	တက်
မီးကောက်	၁၀၀ တင်း	၆၂၅၆၀၀	
သီးထပ်ရင်	၁၀၀ တင်း	၄၉၆၈၀၀	တက်

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
ဆန် (ထိပ်စ)			
	တစ်တင်းခွဲ	၄၃၀၀၀	
	တစ်တင်းခွဲ	၄၁၀၀၀	
	တစ်တင်းခွဲ	–	
	တစ်တင်းခွဲ	၄၂၀၀၀	
ဆန် (အလတ်စ)			
	တစ်တင်းခွဲ	၃၃၀၀၀	တက်
	တစ်တင်းခွဲ	၃၃၀၀၀	တက်
	တစ်တင်းခွဲ	၂၅၅၀၀	တက်
	တစ်တင်းခွဲ	၂၈၀၀၀	တက်
	တစ်တင်းခွဲ	၂၀၅၀၀	

ပဲ မျိုး စုံ (၃ တင်းအိတ်)	ရေတွက်ပုံ	ယခုအပတ် ၂၄-၇-၁၉	ယခင်အပတ် ၁၇	တက်/ကျ
ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)				
အစေ့ထုတ်ပြောင်း	၅၄ ပိဿာ	၂၆၄၆၀	၂၉၀၂၅	ကျ
မတ်ပဲ (သင်္ဘောတင်)	မ တန်	၇၉၀၀၀၀	၈၁၇၀၀၀	ကျ
ပဲတီရွှေဝါ	၆၀ ပိဿာ	၁၁၄၉၀၀	၁၁၆၁၀၀	ကျ
ပဲလွမ်းဖြူ	၆၀ ပိဿာ	၆၉၄၅၀	၆၉၀၀၀	တက်
ကုလားပဲ (လုံး/ဝါ/ကြီး)	ပိဿာ	၁၄၇၅	၁၄၂၅	တက်
ပဲစင်းငုံ (သင်္ဘောတင်)	မ တန်	၉၃၀၀၀၀		
ဘိုကိတ်	၆၀ ပိဿာ	၅၈၅၀၀	၅၇၄၅၀	တက်
ပဲပုပ် (မြန်မာ)	၆၀ ပိဿာ	၆၁၅၀၀	၆၀၀၀၀	တက်
ထောပတ်ပဲ	၆၀ ပိဿာ	၁၀၄၄၀၀	၁၀၄၄၀၀	
မန္တလေး(ကုန်စည်ဒိုင်)				
အစေ့ထုတ်ပြောင်း	၅၄ ပိဿာ	၂၅၂၅၀	၂၆၀၀၀	ကျ
ဂျုံ (မုံရွာ)	၆၀ ပိဿာ	၅၁၅၀၀	၅၁၅၀၀	တူ
ဂျုံ (ရှမ်း)	၆၀ ပိဿာ	၄၄၅၀၀	၄၃၅၀၀	တက်
မတ်ပဲ (ပြည်တွင်း)	၆၀ ပိဿာ	၇၈၅၀၀	၇၇၅၀၀	တက်
ပဲတီစိမ်း (ရွှေဝါ)	၅၆ .၂၅ပိဿာ	၁၁၆၀၀၀	၁၀၅၀၀၀	တက်
ပဲပုပ် (မြန်မာ)	၆၀ ပိဿာ	၅၇၅၀၀	၅၇၅၀၀	တူ
ပဲပုပ် (ရှမ်း)	၆၀ ပိဿာ	၅၁၃၃၃	၅၁၃၃၃	တူ
ပဲစင်းငုံ(နီ)	၆၀ ပိဿာ	၉၆၀၀၀	၉၉၀၀၀	ကျ
ပဲလွမ်းဖြူ	၆၀ ပိဿာ	၇၀၀၀၀	၆၇၅၀၀	တက်
ကုလားပဲ (လုံးဝါကြီး)	၃တင်း (၅၆.၂၅ ပိဿာ)	၈၁၀၀၀	၈၀၀၀၀	တက်
ကုလားပဲ (လုံးဖြူကြီး)	၃တင်း (၅၆.၂၅ ပိဿာ)	၈၂၇၅၀	၈၁၅၀၀	တက်
စားတော်ပဲ (ကျွန်း)	၅၉ .၂၅ ပိဿာ	၈၈၆၆၇	၉၀၀၀၀	ကျ
ပဲလွမ်းပြာ	၃ တင်း (၅၄ ပိဿာ)	၆၀၅၀၀	၅၆၅၀၀	တက်
ပဲကြီး (လုံးကြီး)	၅၅ .၂၅ ပိဿာ	၁၀၅၃၃၃	၉၈၃၃၃	တက်
ပဲယင်း	၆၀ ပိဿာ	၇၈၀၀၀	၇၇၇၅၀	တက်
ထောပတ်ပဲ(လုံးကြီး)	၅၆ .၂၅ ပိဿာ	၉၉၅၀၀	၁၀၀၀၀၀	ကျ
မြေပဲဆန် (လုံးဆန်)	၁၀၀ ပိဿာ	၃၇၁၂၅၀	၃၇၆၆၆၇	ကျ
မြေပဲဆန် (ဆီဆန်)	၁၀၀ ပိဿာ	၃၃၃၃၃၃	၃၃၁၆၆၇	တက်
ပန်းနှမ်း	၄၅ ပိဿာ	၇၄၀၀၀	၇၀၅၀၀	တက်
နေကြာ	၂၇ ပိဿာ	၄၆၀၀၀	၄၆၀၀၀	တူ

ပခုက္ကူဈေးကွက်

သီးနှံ	ရေတွက်ပုံ	၂၄-၇-၁၉	တက်/ကျ
ဆန် (အလတ်စ)			
မနောသုခ	တစ်တင်းခွဲ	၂၆၀၀၀	
ဧယာ	တစ်တင်းခွဲ	၂၂၇၅၀	
အစေ့ထုတ်ပြောင်း	ပိဿာ	၄၇၇	ကျ
ပဲမျိုးစုံ			
ပဲတီစိမ်း (လုံးကြီး)	ပိဿာ	၁၇၆၃	တက်
ပဲစင်းငုံ (အနီ)	ပိဿာ	၁၆၁၀	
ကုလားပဲ (လုံးဝါကြီး)	ပိဿာ	၁၄၃၇	တက်
ကုလားပဲ (လုံးဖြူကြီး)	ပိဿာ	၁၄၃၂	တက်
ဆီထွက်သီးနှံ			
မြေပဲဆန် (လုံးဆန်)	ပိဿာ	၃၆၀၀	တက်
မြေပဲဆန် (ဆီဆန်)	ပိဿာ	၃၂၀၀	တက်
နှမ်းနက်	ပိဿာ	၄၀၆၇	ကျ
စားဖိုဆောင်သီးနှံ			
ကြက်သွန်နီ (ကြီး)	ပိဿာ	၆၇၅	ကျ
ကြက်သွန်နီ (လတ်)	ပိဿာ	၆၂၅	ကျ
ကြက်သွန်နီ (သေး)	ပိဿာ	၅၂၅	ကျ
စားသုံးဆီ			
မြေပဲဆီ (ရှယ်)	ပိဿာ	၆၇၅၀	
နှမ်းဆီ (ရှယ်)	ပိဿာ	၆၇၀၀	တက်
စားအုန်းဆီ (ရိုးရိုး)	ပိဿာ	၁၆၇၀	

မြင်းခြံဈေးကွက်

အမျိုးအမည်	ရေတွက်ပုံ	၂၃-၇-၂၀၁၉	တက်/ကျ
ဆန်နှင့် အစေ့ထုတ်ပြောင်း			
ပေါ်ဆန်း	တစ်တင်းခွဲ	၄၂၅၀၀	–
မနောသုခ	တစ်တင်းခွဲ	၂၄၇၅၀	–
ပြောင်း (စီပီ)	ပိဿာ	၄၆၀	
ပဲမျိုးစုံ			
ပဲတီစိမ်း (လုံးသေး)	ပိဿာ	၁၇၅၀	
ပဲပုပ်	ပိဿာ	၁၀၃၀	တက်
ကုလားပဲလုံးဝါ (ကြီး)	ပိဿာ	၁၄၄၃	တက်
ကုလားပဲလုံးဖြူ (ကြီး)	ပိဿာ	၁၄၀၅	တက်
ထောပတ်ပဲ (သေး)	ပိဿာ	၁၅၈၈	
ဆီထွက်သီးနှံ			
မြေပဲ (လုံးဆန်)	ပိဿာ	၃၅၅၀	–
မြေပဲ (ဆီဆန်)	ပိဿာ	၃၂၅၀	–
နှမ်းညို	ပိဿာ	၃၁၀၀	–
စားဖိုဆောင်သီးနှံ			
ငရုတ်ခြောက် (လတ်)	ပိဿာ	၆၂၅၀	–
ကြက်သွန်နီ (လတ်)	ပိဿာ	၇၁၃	–
ကြက်သွန်ဖြူ (ကြူကုတ်)	ပိဿာ	၃၅၀၀	–
ကြက်သွန်ဖြူ (ရှမ်း)	ပိဿာ	၂၄၀၀	–
ကြက်သွန်ဖြူ (မြေပြန့်)	ပိဿာ	၂၅၀၀	တက်
စားသုံးဆီ			
မြေပဲဆီ	ပိဿာ	၆၇၅၀	–
နှမ်းဆီ	ပိဿာ	၇၀၀၀	–
စားအုန်းဆီ	ပိဿာ	၁၅၅၅	တက်

မော်လမြိုင်ဈေးကွက်

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
ရာဘာ (RSS-3)	၁ပေါင်	၉၀၀	
ဆန်			
ပေါ်ဆန်း (ရွှေဘို)	တစ်တင်းခွဲ	၅၉၀၀၀	တက်
ပေါ်ဆန်း (ဒေသ)	တစ်တင်းခွဲ	၃၈၅၀၀	တက်
ညို့မထ	တစ်တင်းခွဲ	၁၉၇၀၀	တက်
ကမာကြည် (အလတ်စ)	တစ်တင်းခွဲ	၃၁၀၀၀	
ကောက်ကြီး (အလတ်စ)	တစ်တင်းခွဲ	၃၂၀၀၀	တက်
ပဲမျိုးစုံ			
မတ်ပဲ	ပိဿာ	၁၄၀၀	တက်
ပဲတီစိမ်း	ပိဿာ	၁၅၀၀	
စားသုံးဆီ			
မြေပဲဆီ (ရှယ်)	ပိဿာ	၆၂၀၀	
စားအုန်းဆီ (ရိုးရိုး)	ပိဿာ	၁၆၀၀	ကျ
ပုဇွန်ခြောက်ပုံး	၁၀ ပိဿာ	၂၄၅၀၀	တက်
အခြားတံဆိပ်ပုံးများ	၁၀ ပိဿာ	၁၇၂၀၀	ကျ
စားဖိုဆောင်သီးနှံ			
ငရုတ်ခြောက် (လတ်)	ပိဿာ	၅၀၀၀	ကျ
ကြက်သွန်နီ (အလတ်)	ပိဿာ	၇၂၅	ကျ
ကြက်သွန်ဖြူ (ရှမ်း)	ပိဿာ	၂၂၅၀	ကျ
ကြက်သွန်ဖြူ (ကြူကုတ်)	ပိဿာ	၃၄၀၀	ကျ
အာလူး (အိုကေ)	ပိဿာ	၈၀၀	ကျ
အာလူး (အေဝမ်း)	ပိဿာ	၈၀၀	
ဟင်းသီးဟင်းရွက်			
ခရမ်းချဉ် (ရှမ်း)	၁၈ ပိဿာ	၁၈၀၀၀	ကျ
ပန်းဂေါ်ဖီ (ရှမ်း)	ပွင့်	၈၀၀	တက်
ဂေါ်ဖီထုပ် (ရှမ်း)	၂၀ပိဿာ	၁၁၀၀၀	ကျ
မုန်လာဉနီ (အောင်ပန်း)	ပိဿာ	၁၂၀၀	
မုန်လာဉနီ (မြဝတီ)	ပိဿာ	၁၅၃၈	
ချင်း	ပိဿာ	၂၃၀၀	
သစ်သီးဝလံ			
ကျွဲကောသီး(ပန်းရောင်)	၁၀ လုံး	၂၀၀၀၀	
ကျွဲကောသီး(အဖြူ)	၁၀ လုံး	၁၀၀၀၀	

မုံရွာမြို့ ကုန်စည်ဒိုင်

သီးနှံ	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
ဆန် (အလတ်စ)			
မနောသုခ	တစ်တင်းခွဲ	၂၆၀၀၀	တက်
ရေမင်း	တစ်တင်းခွဲ	၃၉၀၀၀	
အိုင်အာ – ၇၄၇	တစ်တင်းခွဲ	၁၇၀၀၀	တက်
ဟင်းသီးဟင်းရွက်			
ခရမ်းချဉ် (ရှမ်းထောင်)	၂၀ ပိဿာ	၂၄၀၀၀	
စားသုံးဆီ			
မြေပဲဆီ	ပိဿာ	၆၇၀၀	
နှမ်းဆီ	ပိဿာ	၆၅၀၀	
စားအုန်းဆီ	ပိဿာ	၁၅၃၀	တက်
ဆီထွက်သီးနှံ			
မြေပဲဆန် (လုံးဆံ)	ပိဿာ	၃၆၇၅	ကျ
မြေပဲဆန် (ဆီဆံ)	ပိဿာ	၃၃၇၅	တက်
နှမ်းဝါ	၁၅ ပိဿာ	၄၉၅၀၀	တက်
နှမ်းနီ	၁၅ ပိဿာ	၅၁၀၀၀	
နှမ်းနက်	၁၅ ပိဿာ	၈၀၀၀၀	
ပန်းနှမ်း	၁၅ ပိဿာ	၂၁၀၀၀	
မုန်ညင်းစေ့	၁၆ ပိဿာ	၁၉၅၀၀	
နံ့စားသီးနှံ			
အစေ့ထုတ်ပြောင်း	၁၈ ပိဿာ	၈၃၀၀	တက်
ဂျုံဖြူသန့်	၂၀ ပိဿာ	၁၇၂၅၀	
ဂျုံထွက်တိုး	၂၀ ပိဿာ	၁၅၂၀၀	
ပဲမျိုးစုံ			
မတ်ပဲ	၂၀ ပိဿာ	၂၄၀၀၀	ကျ
ပဲတီစိမ်း (ကြီး)	၁၉ ပိဿာ	၃၂၇၅၀	တက်
ပဲပုပ်	၂၀ ပိဿာ	၁၉၅၀၀	
ပဲစင်းငုံ (နီ)	၂၀ ပိဿာ	၃၂၀၀၀	ကျ
ကုလားပဲလုံးဝါကြီး	၁၉ ပိဿာ	၂၅၁၀၀	တက်
ကုလားပဲလုံးဖြူကြီး	၁၉ ပိဿာ	၂၇၁၀၀	တက်
စားတော်ပဲ	၂၀ ပိဿာ	၂၃၀၀၀	တက်
ပဲလွမ်းပြာ	၁၈ ပိဿာ	၁၉၅၀၀	
ပဲကြီး	၁၈ ပိဿာ	၃၀၀၀၀	တက်
နံနံစေ့	၁၈ ပိဿာ	၁၃၂၅၀	ကျ

သကြားဈေးနှုန်း	ရန်ကုန် ၂၄-၇-၁၉	၁၇-၇-၁၉	မန္တလေး ၂၄-၇-၁၉	၁၇-၇-၁၉
သကြား(အထက်စ)ပိဿာ	၁၂၀၀	၁၂၀၀	၁၀၀၀	၁၀၀၀
သကြား(အလတ်စ)ပိဿာ	၁၁၅၀	၁၁၅၀	–	–
သကြား(အောက်စ)ပိဿာ	၁၁၀၀	၁၁၀၀	၉၈၀	၉၈၀

မန္တလေးဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

ဆန်ဈေးနှုန်းများမှာ ယခင်အပတ်ထက် ဧယာဆန်မှလွဲ၍ အမျိုးအစားအားလုံး ဈေးမြင့်နေပါသည်။ ရေဝတီတိုင်းမြို့နယ်အချို့တွင် လက်ကျန်နည်းခြင်း၊ ဆန်စက်ပိုင်ရှင်ကုန်သည်များမှ စပါးရရှိရေးအတွက် ဈေးပေးဝယ်ယူခြင်းတို့ကြောင့် ရန်ကုန်ပေါ်ဆန်းဈေးမြင့်ရခြင်းဖြစ်ပြီး ရွှေဘိုပေါ်ဆန်းမှာလည်း ရွှေဘိုဒေသတစ်ခုတည်းမှထွက်ရှိပြီး၊ စားသုံးမှုများခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ဈေးမြင့်နေပါသည်။ မနောသုခမှာလည်း ပို၍မျိုးကောင်းသော ကောက်ကြီးဆန်များဖြစ်၍ အရည်အသွေးကောင်းခြင်းကြောင့် ဈေးမြင့်နေပါသည်။ ငစိန်ဆန်မှာလည်း လက်ကျန်နည်းခြင်း၊ အသစ်မဝင်သေးခြင်း၊ ပြည်ပတင်ပို့မှုရှိသောဆန်ဖြစ်ခြင်းကြောင့် ဈေးမြင့်နေပါသည်။ ဧယာဆန်မှာ ယခုတစ်ပတ်အတွင်း မိုးမိတ်၊ ရွှေကူသို့တင်ပို့ရမှုနည်းခြင်း၊ ပင်ရင်းဈေးနိမ့်ခြင်းကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်နေပါသည်။

ဆီထွက်သီးနှံများအနေဖြင့် မြေပဲ(လုံးဆန်)အား ပြည်ပတင်ပို့မှုနည်းခြင်း၊ မိုးမြေပဲစိုက်ချိန်ဖြစ်၍ လှောင်လက်ထုတ်ရောင်းမှုရှိခြင်း၊ မြို့တွင်းလုပ်ငန်းရှင်များ ဝယ်ယူမှုနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ် ဈေးနိမ့်ခဲ့သည်။ ဆီဆန်မှာ ဆီစက်သမား အဝယ်များခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ဈေးအနည်းငယ်မြင့်လာပါသည်။ နှမ်း (ဖြူ၊ ညို၊ နက်)တို့မှာ ဝက်လက်မှအသစ်ဝင်ရောက်မှုရှိသော်လည်း လက်ကျန်နည်း အဝင်နည်းခြင်း၊ တရုတ်သို့တင်ပို့မှုပုံမှန်ရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်နေပါသည်။ ပန်းနှမ်းမှာ အထွက်နည်း၊ အဝင်နည်းခြင်း၊ ပစ္စည်းကောင်းရှားခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်နေပြီး နေကြာမှာ အရောင်းအဝယ်အေးခြင်းကြောင့် ဈေးတည်ငြိမ်နေပါသည်။

ပဲတီစိမ်းမှာ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းတို့မှအသစ်များ ဝင်ရောက်မှုရှိသော်လည်း လက်ကျန်နည်းခြင်း၊ တရုတ်ဝယ်လက်ပုံမှန်ရှိခြင်းတို့ကြောင့် ပဲတီ (ရွှေဝါ) ၅၆ ဒသမ ၂၅ ပိဿာလျှင် ယခင်အပတ် ၁၀၅၀၀၀ ကျပ်မှ ယခုအပတ် ၁၁၆၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲတီစိမ်း(အညာ)မှာ ၉၉၀၀၀ ကျပ်မှ ၁၀၆၀၀၀ ကျပ်သို့လည်းကောင်း ဈေးမြင့်နေပါသည်။ မတ်ပဲမှာ ရန်ကုန်ဝယ်လက်နည်းသော်လည်း ကုန်သည်ထံတွင် ဈေးထိန်းရောင်းချမှုရှိခြင်း၊ ယခင်အပတ်က အိန္ဒိယနှင့်အမေရိကန်တင်ပို့မှုရှိခဲ့ခြင်းကြောင့် ဈေးကွက်မျှော်လင့်ချက်ဖြင့် ကြိုက်ဈေးရမှ ရောင်းဝယ်မှုရှိခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ပဲစင်းငုံမှာလည်း ယခုအပတ်တွင် ပြည်ပတင်ပို့ရန် ဝယ်လက်နည်းခြင်း၊ မြို့တွင်းပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းကာ ဈေးအနည်းငယ်နိမ့်နေသည်။

ကုလားပဲ (လုံးဝါကြီး/လုံးဖြူကြီး)တို့ မှာလည်း ပြည်ပစားတော်ပဲများ ဝင်ရောက်မှုနည်းသွားခြင်းကြောင့် မြို့တွင်း ပဲကြော်/လှော်လုပ်ငန်းရှင်များ ဝယ်ယူမှုများခြင်း၊ ကုန်သည်ထံတွင် လက်ကျန် အနေအထားအရ ဈေးထိန်းရောင်းချခြင်းတို့ကြောင့် ဈေးအသီးသီးမြင့်ခဲ့သည်။

စားဖိုဆောင်သီးနှံအနေဖြင့် ကြက်သွန်နီဈေးနှုန်းမှာ မြစ်သားကြက်သွန်များမှာ ဈေးကွက်သို့ဝင်ရောက်မှုမရှိတော့ဘဲ ရှာင်ဘက်မှတစ်ဆင့် တရုတ်သို့တင်ပို့မှုရှိနေပြီး မုံရွာ၊ မြင်းခြံ၊ မြင်းမူ၊ ထီးဆောင်းတို့မှသာ ဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် သုံးမျိုးလုံး ယခင်အပတ်ထက် ဈေးမြင့်နေပါသည်။ ငရုတ်ခြောက် (ရှည်/ပွ)မှာ ယခင်အပတ်ထက် ဈေးနိမ့်နေပြီး ငရုတ်ခြောက်(လတ်)မှာ ယခင်အပတ်ထက် ဈေးမြင့်နေပါသည်။ ငရုတ်ခြောက် (ရှည်)မှာ သာစည်၊ ကျောက်ဆည်ဘက်မှ ဝင်ရောက်စဖြစ်ခြင်း၊ အိန္ဒိယနှင့် ဗီယက်နမ်မှလည်း ဝင်ရောက်ခြင်းတို့ကြောင့်လည်းကောင်း၊ ငရုတ်ခြောက်(ပွ)မှာ ရေဝတီတိုင်းသီးများအပြင် သဲတော၊ ဝမ်းတွင်းမှစတင်ရောက်လာပြီး၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်းတို့ကြောင့်လည်းကောင်း ဈေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ကြက်သွန်ဖြူ (မြေပြန့်)မှာ ရွှေဘိုဘက်မှ အဝင်နည်းခြင်း၊ စားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိဿာ ၁၉၀၀ ကျပ်မှ ၂၂၀၀ ကျပ်သို့ ဈေးမြင့်သွားပါသည်။

ဟင်းသီး/ရွက်ဈေးများအနေဖြင့် ငရုတ်စို(ရှည်)မှာ မိတ္ထီလာ၊ သာစည်ဘက်မှ စတင်ဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဗန်းမော်၊ ကွတ်ခိုင်သို့တင်ပို့မှုရှိခြင်းကြောင့် တစ်ပိဿာ ၁၄၀၀ ကျပ်မှ ၁၇၀၀ ကျပ်သို့ လည်းကောင်း၊ (လတ်)မှာ ရွှေဘို၊ မုံရွာမှဝင်ရောက်ခြင်း၊ အရည်အသွေးကောင်း အဝင်နည်းသေးခြင်းကြောင့် တစ်ပိဿာ ၁၇၀၀ ကျပ်မှ ၂၀၀၀ ကျပ်သို့လည်းကောင်း ဈေးမြင့်နေပါသည်။

သစ်သီးဝလံအနေဖြင့် သခွားမွှေးသီးများမှာ တရုတ်သို့တင်ပို့မှုနည်းသဖြင့် ဈေးကွက်အတွင်း အရည်အသွေးကောင်းများ အဝင်များခြင်းကြောင့် ဈေးမြင့်နေပြီး၊ ဖရဲသီးမှာလည်း ယခင်အပတ်ထက် အရည်အသွေးကောင်းခြင်း၊ လက်လီ သမား အဝယ်များခြင်းတို့ကြောင့် ဈေးမြင့်လာပါသည်။

အင်းလေး

ကောက်ယူချိန် ၁၀း၃၀မှ၁၁း၃၀နာရီ
ကောက်ယူသည့်နေ့စွဲ ၂၃ - ၇ -၂၀၁၉

ယခုတစ်ပတ် ရွှေပြည်စိုး၊ ချယ်ရီပန်း၊ အောင်မြန်မာနှင့် နန်းဝင်းပွဲရုံများတွင် အင်းလေးခရမ်းချဉ် (ပင်သစ်) တစ်တင်းပိဿာ ၃၀လျှင် ၂၀၀၀၀ ကျပ်၊ ခရမ်းချဉ် (ပုံမှန်) တစ်တင်းပိဿာ ၃၀လျှင် ၁၇၀၀၀ ကျပ်၊ ခရမ်းချဉ် (ပင်ကျ) တစ်တင်းပိဿာ ၃၀လျှင် ၁၂၅၀၀ ကျပ်၊ ညောင်ရွှေလှေဆိပ်တွင် အမှည့် တစ်ပိဿာလျှင် ၉၅၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေမှ ရန်ကုန်သို့ နေ့စဉ် ၁၂ဘီးကား ၅ စီးခန့် တင်ပို့လျက်ရှိပြီး သယ်ယူစရိတ်ကားခမှာ တစ်သေတ္တာလျှင် ၁၄၀၀ ကျပ်၊ ရန်ကုန်ဈေးနှုန်းမှာ တစ်သေတ္တာ ၁၇ပိဿာလျှင် ၁၇၅၀၀ ကျပ်၊ မန္တလေးသို့ နေ့စဉ် ၁၂ဘီးကား ၇စီး၊ သယ်ယူစရိတ်ကားခမှာ အသွားအပြန် ၁၁၀၀ ကျပ်၊ မန္တလေးဈေးနှုန်းမှာ တစ်သေတ္တာ ၂၀ပိဿာလျှင် ၂၁၀၀၀ ကျပ် ဈေးရှိသည်။ အင်းလေးခရမ်းချဉ် အထွက်နည်းခြင်း၊ မြစ်ကြီးနားသို့ တင်ပို့မှုရှိခြင်းကြောင့် မန္တလေးမှ ဝယ်လိုအား ကောင်းခြင်း၊ အရောင်းအဝယ်သွက်ခြင်းတို့ကြောင့် အင်းလေးခရမ်းချဉ် ဈေးမြင့်သည်။ ဒေသတွင်း လက်လီရောင်းဈေးမှာ တစ်ပိဿာလျှင် ၁၂၀၀ ကျပ် ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

		ပျဉ်းမနား ၂၁-၇-၁၉	တက်/ကျ	တပ်ကုန်း ၂၁-၇-၁၉	တက်/ကျ	လယ်ဝေး ၂၁-၇-၁၉	တက်/ကျ
ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀)	ပေါ်ဆန်း	၄၁၅၀၀	ကျ	၄၆၀၀၀	တက်	၄၅၀၀၀	တက်
	မနောသုခ (ရန်ကုန်)	၂၈၀၀၀		၂၅၂၅၀	တက်	၂၅၀၀၀	တက်
	မနောသုခ (ဒေသ)	၂၈၀၀၀	တက်	၂၂၅၀၀	ကျ	၂၅၀၀၀	
	သုခထွန်း (ဒေသ)	၂၀၀၀၀		၂၁၀၀၀	ကျ	၂၁၀၀၀	ကျ
	ဧယာ	၂၅၅၀၀	တက်	၂၂၀၀၀		၂၅၀၀၀	
စားဖိုဆောင်သီးနှံ (ပိဿာ)	ငရုတ်ခြောက် (ရှည်)	၇၀၀၀		၇၀၀၀		၈၀၀၀	
	ငရုတ်ခြောက် (မိုးထောင်)	၇၀၀၀		၇၀၀၀		၈၀၀၀	
	ငရုတ်ခြောက် (ပွ)	၁၀၀၀၀		၆၀၀၀		၁၂၀၀	
	ကြက်သွန်ဖြူ (ရှမ်း-လတ်)	၃၀၀၀		၂၂၀၀		၃၀၀၀	ကျ
	ကြက်သွန်ဖြူ (ကြူကုတ်)	၄၂၀၀	ကျ	၃၈၀၀		၄၀၀၀	ကျ
	ကြက်သွန်နီ (ကြီး)	၁၀၀၀		၁၄၀၀		၁၄၀၀	
	ကြက်သွန်နီ (လတ်)	၉၀၀		၁၂၀၀		၁၃၀၀	တက်
	ကြက်သွန်နီ (သေး)	၇၀၀		၁၀၀၀		၁၀၀၀	
	အာလူး (ကြီး)	၁၃၀၀	တက်	၁၄၀၀		၁၄၀၀	တက်
	အာလူး (လတ်)	၁၀၀၀		၁၂၀၀		၁၃၀၀	တက်
	အာလူး (သေး)	၈၀၀		၉၀၀		၁၂၀၀	တက်
စားသုံးဆီ (ပိဿာ)	မြေပဲဆီ (ရှယ်)	၇၀၀၀	တူ	၇၅၀၀		၈၀၀၀	တက်
	မြေပဲဆီ (ရိုးရိုး)	၃၀၀၀		၆၀၀၀	တက်	၃၅၀၀	
	နှမ်းဆီ (ရှယ်)	၇၀၀၀		၈၀၀၀		၇၅၀၀	တက်
	နှမ်းဆီ (ရိုးရိုး)	၃၀၀၀		၆၅၀၀	ကျ	၃၀၀၀	
	စားအုန်းဆီ (ကန်ဆီ)	၁၅၅၀		၁၆၀၀		၁၆၀၀	
ဟင်းသီးဟင်းရွက်	ခရမ်းချဉ် (ပိဿာ)	၁၃၀၀	ကျ	၁၆၀၀	ကျ	၁၃၀၀	ကျ
	ရွှေပဲသီး (ပိဿာ)	၂၅၀၀	ကျ	၄၈၀၀	ကျ	၅၀၀၀	
	ဂေါ်ဖီထုပ် (ထုပ်)	၅၅၀	ကျ	၈၀၀		၈၀၀	ကျ
	ပန်းမုန်လာ (ပွင့်)	၆၅၀	တက်	၈၀၀	တက်	၆၀၀	ကျ
	ဂျူးမြစ် (ပိဿာ)	၁၀၀၀	တက်	၁၉၀၀		၁၅၀၀	
	ဂေါ်ရခါးသီး (လုံး)	၁၂၀		၃၀၀	ကျ	၁၅၀	ကျ
	မုန်လာဥနီ (ရှမ်း) (ပိဿာ)	၂၀၀၀	တက်	၃၂၀၀		၂၀၀၀	
	ဘိုစားပဲ (ပိဿာ)	၁၄၀၀		၃၁၀၀		၁၅၀၀	
	ငရုတ်စိမ်းပွ (ပိဿာ)	၉၅၀	တက်	၂၅၀၀		၂၀၀၀	ကျ
	ချင်း (ပိဿာ)	၂၉၀၀		၂၉၀၀	တက်	၃၂၀၀	တက်

စစ်တွေဈေးကွက်

အမျိုးအမည်	ရေတွက်ပုံ	၂၂-၇-၂၀၁၉	တက်/ကျ
လယ်ယာထွက်ကုန်			
ပေါ်ဆန်းမွှေး(ရှယ်)	၁ အိတ်	၄၆၀၀၀	တက်
ပေါ်ဆန်းမွှေး(ရိုးရိုး)	၅၀ ကီလို	၄၀၀၀၀	တက်
မီးဒုံး (အသစ်)	၅၀ ကီလို	၂၇၀၀၀	တက်
ဧည့်မထ	၅၀ ကီလို	၂၆၀၀၀	–
ငစိန်	၅၀ ကီလို	၂၅၀၀၀	–
ကောက်ညှင်းဆန်	၅၀ ကီလို	၄၉၀၀၀	တက်
ကုလားပဲ	၁ပိဿာ	၂၆၀၀	–
ပဲနီလေး	၁ပိဿာ	၄၇၀၀	တက်
မြေပဲဆန်	၁ပိဿာ	၃၆၀၀	တက်
ပဲဆီ	၁ပိဿာ	၅၅၀၀	တက်
စားအုန်းဆီ	၁ပိဿာ	၂၈၀၀	–
ကြက်သွန်နီ (လတ်)	၁ပိဿာ	၁၆၀၀	–
ကြက်သွန်ဖြူ	၁ပိဿာ	၂၇၀၀	ကျ
ငရုတ်သီး	၁ပိဿာ	၁၆၀၀	ကျ
နနွင်း	၁ပိဿာ	၂၇၀၀	–
ဂျင်း	၁ပိဿာ	၂၄၀၀	–
ခရမ်းသီး	၁ပိဿာ	၁၈၀၀	–
ခရမ်းချဉ်သီး	၁ပိဿာ	၃၀၀၀	–
အာလူး	၁ပိဿာ	၁၇၀၀	–
သကြား (ဖြူ)	၁ပိဿာ	၁၅၀၀	–
အသား/ဥအမျိုးမျိုး			
ဝက်သား	၁ပိဿာ	၁၁၀၀၀	–
အမဲသား	၁ပိဿာ	၁၄၀၀၀	–
ဆိတ်သား	၁ပိဿာ	၁၅၀၀၀	–
ကြက်သား(အိမ်ကြက်)	၁ပိဿာ	၁၃၀၀၀	–
ကြက်သား(ဥစားကြက်)	၁ ကီလို	၉၀၀၀	–
ရေထွက်ကုန်			
ပုစွန်ခြောက်(အသေး)	၁ ကီလို	၂၆၀၀၀	–
ငါးနီတူခြောက်(ရှယ်)	၁ ကီလို	၈၅၀၀	တက်
ငါးနီတူခြောက်	၁ ကီလို	၇၇၀၀	–
ငါးဂျင်လိပ်ခြောက်	၁ ကီလို	၉၅၀၀	–
ငါးပိ	၁ ကီလို	၃၈၀၀	–

မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

အမျိုးအမည်	ရေတွက်ပုံ	၂၁-၇-၂၀၁၉	တက်/ကျ
ရေငန်ငါး			
ကုလားကုတ်	၁ ကီလို	၇၀၀၀	တူ
ငါးကွမ်းရှပ် (ကြီး)	၁ ကီလို	၅၅၀၀	–
ငါးကွမ်းရှပ် (သေး)	၁ ကီလို	၃၈၀၀	–
ငါးပါးနီ	၁ ကီလို	၆၀၀၀	–
ကျောက်ငါး	၁ ကီလို	၅၅၀၀	–
ကုလားငှ	၁ ကီလို	၅၅၀၀	–
ဓားဖျက်	၁ ကီလို	၃၀၀၀	–
ဇလုံး	၁ ကီလို	၆၅၀၀	–
ကြိမ်မွှေ့တောင်း	၁ ကီလို	၅၃၀၀	–
ငါးရောင် (ကြီး)	၁ ကီလို	၃၈၀၀	–
ငါးရောင် (သေး)	၁ ကီလို	၁၈၀၀	–
ငါးသဲတိုး	၁ ကီလို	၂၂၀၀	–
ကဏ္ဍူရုံ	၁ ကီလို	၁၄၅၀၀	–
ကကတစ်	၁ ကီလို	၆၃၀၀	–
ငါးလိပ်ကျောက်	၁ ကီလို	၅၅၀၀	–
ငါးမုတ်မဲ	၁ ကီလို	၅၈၀၀	–
ငါးမုတ်ဖြူ	၁ ကီလို	၁၃၀၀၀	–
သဲကဏန်း	၁ ကီလို	၁၅၀၀၀	–
ကင်းမွန် (ကြီး)	၁ ကီလို	၁၀၀၀၀	–
ကင်းမွန်(သေး)	၁ ကီလို	၅၀၀၀	–
ရေငန်ပုစွန်			
ရေငန်ပုစွန်ကျား (Tiger)	၁ ကီလို	၂၉၀၀၀	–
ရေငန်ပုစွန် (Pink)	၁ ကီလို	၁၀၀၀၀	–
ရေငန်ပုစွန်မီးနီ (White)	၁ ကီလို	၁၂၅၀၀	–
မျှင်ငါးပိ	၁ ကီလို	၃၅၀၀	–
ပုစွန်ခြောက် (ကြီး)	၁ ကီလို	၃၅၀၀၀	–
ပုစွန်ခြောက် (လတ်)	၁ ကီလို	၂၇၀၀၀	–
ပုစွန်ခြောက် (သေး)	၁ ကီလို	၂၂၀၀၀	–

တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

	၂၁-၇-၁၉	တက်/ကျ
ပျဉ်းမနား		
ပဲမျိုးစုံ (သုံးတင်းအိတ်)		
မတ်ပဲ (၆၀ ပိဿာ)	၇၇၀၀၀	–
ပဲတီစိမ်း (၆၀ ပိဿာ)	၉၆၀၀၀	–
ပြောင်း (၅၄ ပိဿာ)	၂၅၅၀၀	–
ဆီထွက်သီးနှံ		
မြေပဲ (ဆီဆန်) (ပိဿာ)	၃၅၀၀	–
မြေပဲ (လုံးဆန်) (ပိဿာ)	၃၈၆၀	တက်
တပ်ကုန်း		
ပဲမျိုးစုံ(တစ်တင်း)		
မတ်ပဲ (၂၀ ပိဿာ)	၂၁၀၀၀	ကျ
ပဲတီစိမ်း (၂၀ ပိဿာ)	၃၆၀၀၀	တက်
ဆီထွက်သီးနှံ		
နှမ်းနီ (၁၅ ပိဿာ)	၅၅၀၀၀	တက်
နှမ်းနက် (၁၅ ပိဿာ)	၈၅၀၀၀	တက်
မြေပဲ (လုံးဆန်) (ပိဿာ)	၄၂၀၀	တက်
မြေပဲ (ဆီဆန်) (ပိဿာ)	၃၅၀၀	တက်
မြေပဲ (အတောင့်) (ပိဿာ)	၁၉၀၀	တက်
နေကြာ (ပိဿာ)	၂၀၀၀	တက်
လယ်ဝေး		
ပဲမျိုးစုံ		
မတ်ပဲ (၂၀ပိဿာ)	၂၄၀၀၀	ကျ
ဆီထွက်သီးနှံ		
မြေပဲ (လုံးဆန်) (ပိဿာ)	၃၈၀၀	တက်
မြေပဲ (ဆီဆန်) (ပိဿာ)	၃၀၀၀	တက်
မြေပဲ (အတောင့်) (ပိဿာ)	၁၆၀၀	တက်

တောင်ကြီး

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
ဆန် (အလတ်စ)			
ရောဝတီပေါ်ဆန်း	တစ်တင်းခွဲ	၄၈၀၀၀	
ဖျာပုံပေါ်ဆန်း	တစ်တင်းခွဲ	၄၇၈၃၃	တက်
ပေါ်ကျွဲ	တစ်တင်းခွဲ	၃၃၀၀၀	ကျ
ဧယာ	တစ်တင်းခွဲ	၂၅၈၃၃	ကျ
မနောသုခ	တစ်တင်းခွဲ	၃၁၈၃၃	ကျ
အင်းမရဲဘော်	တစ်တင်းခွဲ	၂၂၅၀၀	
ခေါက်နှမ်းခမ်းဆန်	နှစ်တင်း	၇၆၀၀၀	တက်
နံ့စားသီးနှံ			
အစေ့ထုတ်ပြောင်း	ပိဿာ	၄၅၇	တက်
ဂျုံစေ့ (ရှမ်း)	ပိဿာ	၈၀၀	
ပဲမျိုးစုံ			
ပဲပုပ် (ရှမ်း)	ပိဿာ	၁၂၅၀	တက်
ပဲစင်းငုံ (အနီ)	ပိဿာ	၁၃၅၀	ကျ
စားဖိုဆောင်သီးနှံ			
ကြက်သွန်ဖြူ (ဥလတ်)	ပိဿာ	၁၃၅၀	တက်
ကြက်သွန်ဖြူ (ရှယ်)	ပိဿာ	၁၄၀၀	
ကြက်သွန်ဖြူ (ကြူကုတ်)	ပိဿာ	၁၉၀၀	တက်
စားသုံးဆီ			
မြေပဲဆီ (ရှယ်)	ပိဿာ	၄၀၀၀	တက်
နှမ်းဆီ (ရိုးရိုး)	ပိဿာ	၄၉၀၀	တက်
စားအုန်းဆီ (ရိုးရိုး)	ပိဿာ	၁၉၀၀	တက်
ဆီထွက်သီးနှံ			
ပန်းနှမ်း	ပိဿာ	၁၄၅၀	တက်

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

အမျိုးအမည်	ရေတွက်ပုံ	၂၁-၇-၂၀၁၉	တက်/ကျ
လယ်ယာထွက်ကုန်			
ဧည့်မထ(၂၅%)	တန်	၁၈၅၀ယွမ်	တူ
ပဲတီစိမ်း	တန်	၆၇၅၀ယွမ်	–
ပဲပုပ်	တန်	၃၇၅၀ယွမ်	–
ပဲလွန်းဖြူ	တန်	၅၇၅၀ယွမ်	
ထောပတ်ပဲ	တန်	၅၅၀၀ယွမ်	–
အစေ့ထုတ်ပြောင်း	တန်	၁၀၅၀ယွမ်	–
မြေပဲဆန်	တန်	၁၂၅၀၀ယွမ်	–
နှမ်း	တန်	၁၁၀၀၀ယွမ်	–
ကြက်သွန်နီ	တန်	၃၅၄၅ယွမ်	–
ကြက်သွန်ဖြူ(ရှမ်း)	ပိဿာ	၁၆၀၀ကျပ်	–
သကြားဖြူ	ပိဿာ	၂၈၆၀ယွမ်	
RSS 3	ပိဿာ	၈၇၅၀ယွမ်	–
ရေထွက်ကုန်			
ကဏန်း (အမာ)	တန်	၂၂၈၀ဒေါ်လာ	–
ငါးရှဉ့်	တန်	၃၂၀၀ဒေါ်လာ	–
နိုင်ငံခြားငွေလဲလှယ်နှုန်း			
အမေရိကန်ဒေါ်လာ	၁ဒေါ်လာ	၁၅၁၀ကျပ်	–
ယွမ်	၁ ယွမ်	၂၂၀ကျပ်	–

အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT FAQ =Fair Average Quality

နေ့စွဲ	ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ	မတ်ပဲ Urad(Black Mape) FAQ
၁၉.၆.၂၀၁၉	၈၀၇	၆၆၅
၂၅.၆.၂၀၁၉	၈၀၉	၆၆၉

လားရှိုးဈေးကွက်

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၂၀၁၉	တက်/ကျ
ဆန်			
ဇောတိကပေါ်ဆန်း	တစ်တင်းခွဲ	၄၉၀၀၀	
ရွှေဘိုပေါ်ဆန်း	တစ်တင်းခွဲ	၅၈၀၀၀	
လုံးသွယ်မွှေး	တစ်တင်းခွဲ	၃၉၀၀၀	တက်
ဧည့်မထ	တစ်တင်းခွဲ	၂၆၀၀၀	
စားသုံးဆီ			
မြေပဲဆီ	ပိဿာ	၂၆၀၀	
စားအုန်းဆီ (ပုလွန်နစ်ကောင်)	ပိဿာ	၁၉၀၀	တက်
စားဖိုဆောင်သီးနှံ			
ကြက်သွန်နီ (ကြီး)	ပိဿာ	၁၀၀၀	
ကြက်သွန်နီ (လတ်)	ပိဿာ	၉၅၀	
ကြက်သွန်နီ (သေး)	ပိဿာ	၉၀၀	
ကြက်သွန်ဖြူ (ရှမ်း)	ပိဿာ	၂၅၀၀	
ကြက်သွန်ဖြူ (တရုတ်)	ပိဿာ	၃၅၀၀	
အာလူး (အိုကေ)	ပိဿာ	၉၅၀	
ကုန်စည်ဒိုင်			
အစေ့ထုတ်ပြောင်း	ပိဿာ	၄၀၀	

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း - ၂၁၆.၆၈

နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

ပြည်မြို့မဈေးကြီး

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၁၉	တက်/ကျ
ဆန် (အလတ်စ)			
မနောသုခ	တစ်တင်းခွဲ	၂၀၀၀၀	
အင်းမရဲဘော်	တစ်တင်းခွဲ	၂၃၀၀၀	
ရွှေဝါထွန်း	တစ်တင်းခွဲ	၁၈၆၆၇	ကျ
ပဲမျိုးစုံ			
ဘိုကိတ်	၂၀ ပိဿာ	၂၁၃၃၃	တက်
မတ်ပဲ	၂၀ ပိဿာ	၂၅၇၃၃	ကျ
ပဲတီစိမ်း (သေး)	၂၀ ပိဿာ	၃၃၅၀၀	
ပဲပုပ် (မြန်မာ)	၂၀ ပိဿာ	၂၂၀၀၀	
ပဲစင်းငုံ (အနီ)	၂၀ ပိဿာ	၃၂၅၀၀	တက်
ပဲလွန်းဖြူ	၂၀ ပိဿာ	၂၀၃၃၃	ကျ
ကုလားပဲ (လုံးဝါကြီး)	၂၀ ပိဿာ	၂၈၉၃၃	တက်
ပဲကြီး (ကြီး)	၂၀ ပိဿာ	၃၅၃၃၃	တက်
ထောပတ်ပဲ (သေး)	၂၀ ပိဿာ	၃၂၀၀၀	တက်
ဆီထွက်သီးနှံ			
မြေပဲ (လုံးဆန်)	ပိဿာ	၃၉၃၃	တက်
မြေပဲ (ဆီဆန်)	ပိဿာ	၃၇၃၃	တက်
နှမ်းနက်	၄၅ ပိဿာ	၂၃၅၀၀၀	တက်
နှမ်းနီ	၄၅ ပိဿာ	၁၅၈၃၃၃	ကျ
စားဖိုဆောင်သီးနှံ			
ငရုတ်ခြောက် (ရှည်)	ပိဿာ	၅၂၀၀	
ငရုတ်ခြောက် (လတ်)	ပိဿာ	၆၂၀၀	
ငရုတ်ခြောက် (ပွ)	ပိဿာ	၆၅၀၀	
ကြက်သွန်နီ (ကြီး)	ပိဿာ	၈၉၇	တက်
ကြက်သွန်နီ (လတ်)	ပိဿာ	၈၂၅	တက်
ကြက်သွန်နီ (သေး)	ပိဿာ	၆၀၀	ကျ
အာလူး (အိုကေ)	ပိဿာ	၉၅၀	ကျ
အာလူး (အေဝမ်း)	ပိဿာ	၉၀၀	
ကြက်သွန်ဖြူ (ရှမ်း)	ပိဿာ	၂၃၅၀	ကျ
ကြက်သွန်ဖြူ (ကြူကုတ်)	ပိဿာ	၃၃၅၀	ကျ
ချင်း	ပိဿာ	၂၄၅၀	ကျ
စားသုံးဆီ			
မြေပဲဆီ (ရှယ်)	ပိဿာ	၆၅၀၀	
မြေပဲဆီ (ရိုးရိုး)	ပိဿာ	၅၅၀၀	ကျ
နှမ်းဆီ (ရှယ်)	ပိဿာ	၇၆၀၀	
နှမ်းဆီ (ရိုးရိုး)	ပိဿာ	၇၄၀၀	
စားအုန်းဆီ	ပိဿာ	၁၄၈၅	တက်

ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

အမျိုးအမည်	ရေတွက်ပုံ	၂၀-၇-၂၀၁၉	တက်/ကျ
နံ့စားသီးနှံ			
အစေ့ထုတ်ပြောင်း	ပိဿာ	၄၂၀	
ဂျုံစေ့ (ရှမ်း)	ပိဿာ	၆၅၀	ကျ
ဆီထွက်သီးနှံ			
ပန်းနှမ်း	ပိဿာ	၁၅၀၀	တက်
နေကြာ	ပိဿာ	၈၅၀	
စားဖိုဆောင်သီးနှံ			
အာလူး (အိုကေ)	ပိဿာ	၁၀၀၀	တက်
အာလူး (အေဝမ်း)	ပိဿာ	၈၅၀	
ချင်း (အစို)	ပိဿာ	၂၁၅၀	ကျ
ကြက်သွန်ဖြူ (အလတ်)	ပိဿာ	၂၆၀၀	တက်
ပဲမျိုးစုံ			
ပဲပုပ်	ပိဿာ	၁၂၀၀	တက်
ဟင်းသီးဟင်းရွက်			
ခရမ်းချဉ် (ရှမ်း)	ပိဿာ	၈၀၀	တက်
ဂေါ်ဖီထုပ်	ထုပ်	၄၀၀	
ပန်းမုန်လာ (ရှမ်း)	ပွင့်	၃၅၀	
မုန်လာဥနီ	ပိဿာ	၈၅၀	ကျ
ဂေါ်ရခါးသီး	လုံး	၁၄၀	တက်
ဂျူး	ပိဿာ	၈၅၀	ကျ
ရွှေပဲသီး	ပိဿာ	၂၅၀၀	ကျ
ဘိုစားပဲ	ပိဿာ	၅၀၀	
သစ်သီးဝလံ			
နာနတ်သီး	လုံး	၅၀၀	တက်
သစ်တော်သီး	ပိဿာ	၃၃၀၀	ကျ

ဝက်ပုတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

အမျိုးအမည်	ရေတွက်ပုံ	၂၄-၇-၁၉	တက်/ကျ
ဟင်းသီးဟင်းရွက်			
သခွားသီး	၁၀၀ လုံး	၅၅၀၀	တက်
ခရမ်းသီး (လတ်)	၁၀၀ လုံး	၄၅၀၀	ကျ
ငရုတ်သီးစိမ်း (ရှည်)	ပိဿာ	၁၀၃၃	တက်
ရုံးပတီသီး	၁၀၀ တောင့်	၄၀၀	
ကြက်ဟင်းခါးသီး	၁၀၀ တောင့်	၅၀၀၀	တက်
ရွှေဖရုံသီး	လုံး	၆၀၀	တက်
မုန်လာဥဖြူ	၁၀၀ လုံး		
ပဲတောင့်ရှည် (တိုင်ပေ)	စည်း	၂၀၀	ကျ
ကျောက်ဖရုံ	လုံး	၂၈၃	ကျ
နံနံ	ပိဿာ		
ပဲစောင်းလျားသီး	စည်း	၂၅	ကျ

ပြည်တွင်းဓာတ်မြေသြဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

အမျိုးအမည်	၂၄-၇-၂၀၁၉ ရန်ကုန်	မန္တလေး
ယူရီးယား		
ယူရီးယား(တရုတ်)	၂၆၅၀၀	၂၇၂၀၀
ကွန်ပေါင်း		
အာမို(၁၆း၁၆း၈း၁၃)(၄-ရောင်ခြယ်)	၃၇၅၀၀	၃၉၂၀၀
အာမို(၁၅း၁၅း၁၅း၇)	၄၀၅၀၀	၄၄၄၀၀
ရွှေခြင်္သေ့(၁၅း၇း၈)		၂၅၀၀၀
ရွှေခြင်္သေ့(၁၀း၁၀း၅)		၁၇၀၀၀
တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅)	၁၉၂၀၀	၁၈၂၀၀
တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀)	၄၀၀၀၀	၃၉၀၀၀
တီဆူပါ		
GTSP ၄၆%	၂၆၅၀၀	၂၂၅၀၀
တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$	၂၅၃၀၀	
တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>37\%$		၂၄၃၀၀
ပိုတက်ရှ်		
ပိုတက်ရှ် (အိန္ဒိယအနီ)	၂၈၅၀၀	၂၇၇၀၀
မြန်မာ့သြဘာဓာတ်မြေသြဇာမှ ကိုယ်စားလှယ်ဆိုင်လက္ကားဈေးများ		
Gပုလဲအလုံးကြီး (၄၆ %)	၂၈၀၀၀	၂၉၀၀၀
ရွှေကောမက် (၂၀း၁၂း၁၂)	၃၈၂၀၀	၃၈၂၀၀
ကောမက်သီးစုံ	၂၇၇၀၀	၂၈၉၀၀
Premo lite (၁၆း၁၆း၁၆)	၄၃၆၀၀	၄၄၇၀၀

US$/MT စက်မှုကုန်ကြမ်းဈေးနှုန်းများ

သကြား	၂၄. ၇. ၂၀၁၉	၁၆. ၇. ၂၀၁၉
Refined sugar	၃၂၃	၃၁၅
Raw	၂၇၉	၂၈၂
ကော်ဖီ	၂၄. ၇. ၂၀၁၉	၁၅. ၇. ၂၀၁၉
Columbia Mild	၂၉၆၇	၃၁၀၄
Brazilian Natural	၂၂၇၁	၂၄၀၁
Robustas	၁၅၈၅	၁၆၄၈
ရာဘာ	၂၄. ၇. ၂၀၁၉	၁၅. ၇. ၂၀၁၉
RSS - 1	၁၈၁၀	
RSS - 2	၁၇၉၁	
RSS - 3	၁၇၇၃	
RSS - 4	၁၇၆၃	
RSS - 5	၁၇၄၉	
စားအုန်းဆီ	၂၃. ၇. ၂၀၁၉	၁၅. ၇. ၂၀၁၉
RBD P. OLEIN	၄၈၉	၄၈၇

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

		၂၄-၇-၂၀၁၉	၁၆-၇-၂၀၁၉
ဥရောပ	(ယူရို)	၀.၈၉၇၅၀၄	၀.၈၀၄၅၀၆
ဗြိတိန်	(ပေါင်စတာလင်)	၀.၈၀၀၂၃၈	၀.၈၉၁၂၁၆
သြစတြေးလျ	(ဒေါ်လာ)	၁.၄၃၀၆၁၁	၁.၄၂၂၄၉၈
ဂျပန်	(ယန်း)	၁၀၈.၀၉၇၈	၁၀၇.၉၈၇၈
တောင်ကိုရီးယား	(ဝမ်)	၁၁၇၈.၀၆၄	၁၁၇၈.၈၅၄
တရုတ်	(ယွမ်)	၆.၈၇၇၅၈၉	၆.၈၇၆၅၅၆
အိန္ဒိယ	(ရူးပီး)	၆၈.၉၇၅၀၄	၆၈.၆၃၆၂၁
ဟောင်ကောင်	(ဒေါ်လာ)	၇.၈၁၃၉၅၅	၇.၈၁၉၆၈၅
ဘင်္ဂလားဒေ့ရှ်	(တာကာ)	၈၄.၅၁၉၃၃	၈၄.၅၁၉၃၃
တိုင်ဝမ်	(ဒေါ်လာ)	၃၁.၀၇၅၃၅	၃၁.၀၆၃၄၇
စင်္ကာပူဒေါ်လာ	(ဒေါ်လာ)	၁.၃၆၄၂၃၄	၁.၃၅၇၄၄၆
အင်ဒိုနီးရှား	(ရူးပီးယား)	၁၃၉၇၇.၇၈	၁၃၉၁၇.၇၄
ဖိလစ်ပိုင်	(ပက်ဆို)	၅၁.၁၄၂၂၈	၅၀.၈၉၈၄၈
ထိုင်း	(ဘတ်)	၃၀.၉၀၄၅၆	၃၀.၉၀၀၀၂
ဗီယက်နမ်	(ဒေါင်)	၂၃၂၆၉.၉	၂၃၂၆၉.၉
မလေးရှား	(ရင်းဂစ်)	၄.၁၁၆၅၄၇	၄.၁၀၈၃၁
ကမ္ဘောဒီးယား	(ရီးရယ်)	၄၀၂၅.၂၃၇	၄၀၂၅.၂၃၇
ဘရူနိုင်းဒါရူစလမ်	(ဒေါ်လာ)	၁.၃၆၄၂၃၄	၁.၃၅၇၄၄၆
လာအို	(ကစ်ပ်)	၈၆၆၅.၅၂၉	၈၆၆၅.၅၂၉

ပြည်ပဆန်ဈေးနှုန်း (US$/MT)

Source: riceonline.com

		၂၄-၇-၁၉	၁၇-၇-၁၉
ထိုင်း	100%B	၄၃၁	၄၂၈
	5%	၄၁၅	၄၁၂
	25%	၄၀၈	၄၀၆
	Parboiled	၄၂၂	၄၁၈
ဗီယက်နမ်			
	5%	၃၈၅	၃၈၀
	25%	၃၅၅	၃၅၀
အိန္ဒိယ			
	5%	၃၇၀	၃၇၀
	25%	၃၄၅	၃၄၅
	Parboiled	၃၇၉	၃၇၅
ပါကစ္စတန်			
	5%	၃၆၅	၃၆၀
	25%	၃၄၅	၃၃၀

သဘော်မဲဇလီသည် ရေပြင်ညီအတိုင်း ပေါက်ရောက်ကြီးထွားသည့် ချုံပင်ပုမျိုးဖြစ်ပြီး အရွက်များမှာ အစိမ်းရင့်ရောင် စုပေါင်းရွက်မွှာရှစ်စုံမှ ၁၂ စုံအထိထွက်သည်။ အရွက်ပြား ရှည်ပြီး ထိပ်နှစ်ဖက်တွင် ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ရှိ၏။ ပန်းပွင့်များသည် အဝါရောင် အစုလိုက်ပွင့်၏။ အနက်ရောင် ရှည်လျားပြီး သေးသွယ်ပြားကပ်သည့်ထောင့်လေးများရှိသည့် အသီးတောင့်များသီးပြီး အစေ့များမှာ လေးထောင့်ပုံသဏ္ဌာန်ရှိကာ ၅၀ မှ ၆၀ စေ့ခန့်ထိ ပါရှိတတ်၏။

သဘော်မဲဇလီ၏ အင်္ဂလိပ်အမည်မှာ ringworm bush ဟုခေါ်ပြီး သိပ္ပံအမည်မှာ *Cassia alata* ဖြစ်ကာ မျိုးရင်း Fabaceae တွင် ပါဝင်၏။

သဘော်မဲဇလီသည် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သည့် ပွေးနှင့် အခြားသော အရေပြားယားယံခြင်းရောဂါများ ဖြစ်ပွားစေတတ်သည့် မှိုရောဂါကို သတ်ပေးနိုင်သည့် အစွမ်းထက်သည့်ဂုဏ်သတ္တိကြောင့် ပွေးကိုင်းပင်ဟုလည်း လူသိများကြ၏။

သဘော်မဲဇလီအရွက်များကို ဆုံထဲတွင်ထည့်ထောင်းပြီး ရရှိလာသည့် အရွက်ကြိတ်ဖတ်ကို မြစိမ်းရောင်ဆေးဂွမ်းနုဟု တင်စားခေါ်ဝေါ်ကြပြီး အရွက်ကြိတ်ဖတ် ပမာဏနှင့်ဆတူညီမျှသည့် ဟင်းသီးဟင်းရွက်ဆီနှင့် ရောစပ်ကာ ကိုယ်ခန္ဓာ အရေပြားပေါ်တွင် ဖြစ်ပွားတတ်သည့် ယားနာများအပေါ်တွင် တစ်နေ့သုံးကြိမ် လိမ်းကျံပေးနိုင်၏။ ယင်းဆေးအနှစ်ကို လတ်ဆတ်စွာ အသုံးပြုနိုင်ရန်အတွက် နေ့စဉ် ပြင်ဆင်ပြုလုပ် အသုံးပြုရန် လိုအပ်၏။ ယင်းဆေးအနှစ်တွင် အဓိက ပါဝင်သည့်အာနိသင်မှာ ခရိုင်ဆိုဖာနစ်အက်စစ်ဓာတ်ဖြစ်၏။ ယင်းခရိုင်ဆိုဖာနစ်အက်စစ်သည် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သည့် မှိုရောဂါများဖြစ်သည့် ပွေး၊ ဝဲ၊ နှင်းခူ အစရှိသည့် ရောဂါများကို သေစေနိုင်သည့် အာနိသင်ရှိ၏။

သဘော်မဲဇလီတွင် အန်သရာကွီနိုန်း anthraquinone ဓာတ်ပါဝင်၍ ဝမ်းပျော့ခြင်းအကျိုးအာနိသင်ကို ပေးစွမ်းနိုင်၏။ သဘော်မဲဇလီပင်၏ လှပသည့်အရွက်နှင့် ပန်းပွင့်များအပြင် ဝမ်းပျော့စေခြင်း၊ မှိုကြောင့်ဖြစ်ပွားတတ်သည့် ယားနာရောဂါများကို သက်သာစေနိုင်ခြင်း အစရှိသည့် ဆေးဖက်ဝင်အာနိသင်လည်းရှိသည့် အတွက် ယင်းအပင်ကို အလှစိုက်ပန်းပင်အဖြစ်သာမက ဆေးဖက်ဝင် ပရဆေးပင်အဖြစ်ပါ စိုက်ပျိုး ကြ၏။

သဘော်မဲဇလီရွက်သည် ချွေးထွက်လွန်ခြင်းကို ထိန်းညှိပေးခြင်း၊ ဝမ်းပျော့စေခြင်း၊ ဝမ်းနုတ်ခြင်းအပါအဝင် အစာအိမ်ဆိုင်ရာ ရောဂါဝေဒနာများဖြစ်သည့် အစာအိမ်အတွင်းရှိ ကပ်ပါးကောင်များကြောင့်ဖြစ်သည့် ဗိုက်နာခြင်းအစရှိသည့် ဝေဒနာများအတွက် အသင့်တော်ဆုံးသော ကုထုံးတစ်လက်ဖြစ်၏။ ထို့မျှသာမက ချောင်းဆိုးရင်ကျပ်နာနှင့် ပန်းနာရင်ကျပ်နာတို့အတွက် အကောင်းဆုံးသော ဆေးဖက်ဝင် ပရဆေးပင်ကောင်းတစ်မျိုးဖြစ်၏။

ယနေ့ခေတ်တွင် ဓာတုပစ္စည်းများကို လျှော့ချသုံးစွဲပြီး သဘာဝဆေးဖက်ဝင်ပစ္စည်းများကို အသုံးပြုကာ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ ဆေးဖက်ဝင်ပရဆေးပင်တစ်မျိုးဖြစ်သည့် သဘော်မဲဇလီကို အဓိကအသုံးပြုကာ အခြေခံလူသုံးကုန်ပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ အလှဆီ၊ အသားအလှလိမ်းဆေး အစရှိသည်တို့တွင် မပါမဖြစ် အသုံးပြုလာကြ၏။

သဘော်မဲဇလီကို ရှေးနှစ်ပေါင်းများစွာကတည်းက အာယုဗေဒဆေးကျမ်းအရ အသုံးပြုခဲ့ကြ၏။ ယင်းကို ညဘက် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ ချွေးထွက်လွန်သူများ၊ အမျိုးသမီးများ ဓမ္မတာမမှန်ခြင်းဆိုင်ရာ ဝေဒနာခံစားနေရသူများ၊ ဆီးပူခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျဉ်ခြင်းဆိုင်ရာ ဝေဒနာခံစားနေရသူများ၊ ဝမ်းဖောဝမ်းရောင်ဝေဒနာခံစားနေရသူများ၊ စိတ်တိုခြင်း၊ စိတ်ဆတ်ခြင်း အစရှိသည့် စိတ်နှင့်ပတ်သက်သည့်ဝေဒနာ ခံစားနေရသူများ၊ ခံတွင်းပျက်ပြီး ကိုယ်အလေးချိန် ကျဆင်းခြင်း ဝေဒနာခံစားနေရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ကုထုံးအနေဖြင့် အသုံးပြုနိုင်၏။

လတ်ဆတ်သည့်အရွက်များနှင့် အပွင့်များကို ဟင်းသီးဟင်းရွက်အဖြစ် အသုံးပြုကာ ကြော်လှော်ချက်ပြုတ်အသုပ်အစရှိသဖြင့် မိမိနှစ်သက်သလို ချက်ပြုတ်စားသုံးပြီး အစားလည်းဆေး၊ ဆေးလည်းအစာအဖြစ် အသုံးပြုနိုင်၏။ ညဘက် အိပ်မပျော်သူများ၊ ရင်တုန်ပန်းတုန်ဖြစ်သူများနှင့် ချွေးထွက်လွန်သူများအနေဖြင့် သဘော်မဲဇလီအမှုန့် ၃ ဂရမ်မှ ၈ ဂရမ်ကို ရေအေးဖြင့် ၄၀၀ မှ ၆၀၀ မီလီလီတာအထိ ရောစပ် သောက်သုံးပေးနိုင်၏။ ဝမ်းပျက်ခြင်း၊ ဝမ်းဖော

ဝမ်းရောင်ဖြစ်ခြင်းနှင့် ခံတွင်းပျက်သူများအတွက် သဘော်မဲဇလီအခေါက်ကို ရေ ၄၀၀ မှ ၆၀၀ မီလီလီတာနှင့်ပြုတ်ကာ ရရှိလာသည့် ပြုတ်ရည်အထဲသို့ ထန်းလျက်ထည့်ပြီး သောက်သုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။ သဘော်မဲဇလီပင်အခေါက်နှင့် အမြစ်မှထုတ်ယူရရှိသည့်အဆီကို အီသနောနှင့်ရောစပ်ပြီး ပြင်ပဒဏ်ရာများကို လိမ်းကျံပေးပါက ဒဏ်ရာအမြန်ဆုံးသက်သာပြီး အနာကျက်မြန်စေသည်ဟု မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ဆေးဖက်ဝင်အပင်များ စာအုပ်တွင် ဖော်ပြထား၏။

အရေပြားဆိုင်ရာပြဿနာများနှင့် ရောဂါကုထုံးများ

သဘော်မဲဇလီကို ဘက်တီးရီးယားနှင့် မှိုရောဂါဆန့်ကျင်တိုက်ဖျက်ရာတွင် အသုံးပြုကြသဖြင့် အရေပြားရောဂါများဖြစ်သည့် ခြေသည်းလက်သည်းမှိုစွဲခြင်း၊ ပွေး၊ ဝဲ၊ နှင်းခူ၊ ယားနာများ၊ ခွေးကြောင်အစရှိသည့် အိမ်မွေးတိရစ္ဆာန်များ၏သန်းများအကိုက်ခံရခြင်း၊ အဆိပ်ရှိသောအင်းဆက်ပိုးများအကိုက်ခံရခြင်းအပါအဝင် အရေပြားယားနာပြဿနာအမျိုးစုံအတွက် အလွယ်တကူအသုံးပြုနိုင်သည့် သဘာဝတရားက ဖန်ဆင်းပေးထားသည့် နတ်ဆေးတစ်မျိုးအဖြစ် အသုံးပြုနိုင်၏။

အစာအိမ်ဆိုင်ရာပြဿနာများ

အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်တွင် ရှိတတ်သည့် ကပ်ပါးကောင်များကြောင့် ဗိုက်နာဗိုက်အောင့်ခြင်းအတွက် သဘော်မဲဇလီရွက်နှင့် အပွင့်ကို ပြုတ်ပြီးဖြစ်စေ၊ မီးအုံးပြီးဖြစ်စေ စားသုံးပေးခြင်းဖြင့် ကပ်ပါးကောင်များကို နှိမ်နင်းပေးနိုင်သည့်အပြင် ဝမ်းကိုပျော့စေခြင်း အာနိသင်ကိုပါ ရရှိစေနိုင်၏။

ရောင်ရမ်းနာဆိုင်ရာရောဂါများ

အဆစ်အမြစ်ရောင်နာရောဂါများ၊ အဆစ်အမြစ်ရောင်ရမ်းကိုက်ခဲပြီး အဖျားတက်သောရောဂါများ၊ အရွတ်ရောင်နာရောဂါများ၊ ကြွက်သားနှင့် အဆစ်ရောင်နာအစရှိသည့် ရောင်ရမ်းနာများကို သဘော်မဲဇလီအရွက်ကိုကြိတ်ပြီး နာကျင်သည့်နေရာ တွင်အုံပြီး စည်းပေးထားခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

အဆုတ်နှင့်ပတ်သက်သည့် ရောဂါများ

ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ လေပြွန်ရောင်ခြင်းအစရှိသည့် ရောဂါများအတွက် သဘော်မဲဇလီအရွက်နှင့် ပန်းပွင့်များကို ပြုတ်ပြီးစားသုံးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ခံတွင်းရောဂါများ

ခံတွင်းပြည်တည်နာခြင်း၊ သွားနှင့် သွားဖုံးရောင်နာခြင်း၊ သွားကိုက်ခြင်းအစရှိသည့် ဝေဒနာများတွင် သဘော်မဲဇလီအရွက်နှင့် အပွင့်ကို ပြုတ်ပြီးရရှိလာသည့် အရည်ဖြင့် အာလုတ်ကျင်းပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

သဘော်မဲဇလီပင်ကို ဥယျာဉ်ခြံသီးနှံပင်အဖြစ် စိုက်ပျိုးကြပြီး ယင်း၏ အရွက်၊ အပွင့်၊ အစေ့တို့ကို အသုံးပြုလိုသည့်အချိန်တွင် အပင်မှ အလွယ်တကူ ဆွတ်ခူးပြီး လိုအပ်သလို အသုံးပြုနိုင်၏။

ဈေးကွက်အတွင်းတွင် သဘော်မဲဇလီကို အမှုန့်၊ တင်ချာဆေးရည်၊ ဖြည့်စွက်စာဆေးတောင့်တို့အနေဖြင့် ဝယ်ယူရရှိနိုင်၏။ အထူးသဖြင့် ကျန်းမာရေးနှင့် ကိုယ်ကာယအလှတို့နှင့် ဆက်စပ်သည့် စတိုးများတွင် အလွယ်တကူ ဝယ်ယူနိုင်၏။

သဘော်မဲဇလီအရွက်ကို ကြိတ်ပြီး ရရှိလာသည့် အရည်ကို အရေပြားပေါ်တွင်ဖြစ်ပွားတတ်သည့် ပွေး၊ ဝဲ၊ နှင်းခူ အစရှိသည့် ယားနာဝေဒနာများအပေါ် အလွယ်တကူ တစ်နေ့လျှင် နှစ်ကြိမ်လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကိုအမြန်ဆုံးသက်သာစေနိုင်၏။ ဖိလစ်ပိုင်ဆေးဈေးကွက်တွင် သဘော်မဲဇလီကြိတ်ရည်ကို ယားနာရောဂါများအတွက် ရည်ရွယ်ထုတ်လုပ်ထားပြီး ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူနိုင်၏။

ပန်းနာရင်ကျပ်ဝေဒနာရှင်များ ချွဲသလိပ်များ အလွယ်တကူပျော်ဝင်စေရန်အတွက် သဘော်မဲဇလီရေနွေးကြမ်းကိုပြုလုပ်ကာ တစ်နေ့လျှင် သုံးကြိမ်နှုန်းဖြင့် သောက်သုံးခြင်းဖြင့် ဝေဒနာကိုလျင်မြန်စွာ သက်သာစေ၏။ အလားတူစွာပင် သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါများဖြစ်ပွားခြင်း၊ အော်ဂလီဆန်ခြင်း၊ ရင်ပူထခြင်းဝေဒနာများခံစားရပါက သဘော်မဲဇလီရေနွေးကြမ်းကို တစ်နေ့လျှင် သုံးကြိမ် အာလုတ်ကျင်းပေးခြင်းဖြင့် ဝေဒနာများကို အမြန်ဆုံးသက်သာပျောက်ကင်းစေနိုင်၏။

သဘော်မဲဇလီရေနွေးကြမ်း ပြုလုပ်ခြင်း

သဘော်မဲဇလီစေ့၊ အရွက်၊ ပန်းပွင့်တို့ကို ခပ်နုပ်နုပ်လှီးပေးပြီး လက်ဖက်ရည်တစ်ပန်းကန်လုံးစာကို ရေ ၂ လီတာဖြင့် ၁၀ မိနစ်မှ ၁၅ မိနစ်ကြာအောင် ပွက်ပွက်ဆူအောင်တည်ပေးပါ။ ရရှိလာသည့် သဘော်မဲဇလီရေနွေးကြမ်းကို အဖတ်များဆယ်ထုတ်ပြီးနောက် အအေးခံကာ တစ်နေ့လျှင် သုံးကြိမ်သောက်သုံးပေးပါ။ ယင်းပြုတ်ရည်ကို ၂၄ နာရီအတွင်း သောက်သုံးရန် လိုအပ်၏။ နောက်ရက်တွင် ထပ်မံသောက်သုံးလိုပါက အသစ်ထပ်မံပြုလုပ်ပေးရန် လိုအပ်၏။

သတိပြုရမည့်အချက်များ

သဘော်မဲဇလီတွင် ကန်နာဗန်နင်း canavanine ခေါ်သည့် အမိုင်နိုအက်စစ်တစ်မျိုးပါဝင်ပြီး ယင်းသည် ကိုယ်ခံစွမ်းအားစနစ်ကို ဖျက်ဆီးနိုင်သည့် ရောဂါတစ်မျိုးကို ဖြစ်စေတတ်၏။ သို့ဖြစ်ရာ သဘော်မဲဇလီကို ပမာဏများများ စားသုံးမိပါက သွေးနီဥများပြိုကွဲခြင်းကို ဖြစ်ပွားစေနိုင်သဖြင့် မှန်ကန်သင့်လျော်သည့် နှုန်းထားအတိုင်းသာ သုံးစွဲသင့်၏။

ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် ဝေဒနာနှင့်ဆက်စပ်သည့် ဆေးဝါးများကို သောက်သုံးနေရသည့်အချိန်တွင် သဘော်မဲဇလီပရဆေးကို အသုံးမပြုမီ ဆရာဝန်၏ ညွှန်ကြားချက်စွာ ဦးစွာခံယူရန် လိုအပ်၏။

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအနေဖြင့် သဘော်မဲဇလီပရဆေးကို ဘေးဥပဒ်ကင်းစွာ သုံးစွဲနိုင်ခြင်းရှိ/မရှိကို လုံလောက်သည့် သုတေသနပြုမှုများ မပြုလုပ်ရသေးသည့်အတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်သင့်၏။

ပရဆေးများကို သုံးစွဲသည့်အခါ တန်ဆေး၊ လွန်ဘေးဆိုသည့်စကားအတိုင်း အလွန်အကျွံ မဟုတ်ဘဲ သင့်တင့်သည့် ပမာဏကိုသာ သုံးစွဲသင့်သည်ကို သတိပြုရန် လိုအပ်လှ၏။

■

သင့်အတွက်ကံကြမ္မာ

စိုးဝင်းထက်
ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

(၃၁-၇-၂၀၁၉) မှ (၁၃-၈-၂၀၁၉) ထိ

တနင်္ဂနွေ

ဆက်တိုက်အလုပ်များနေမည်။ ပြတ်သားသင့်သည့်ကိစ္စများကို ပြတ်သားစွာ ဆုံးဖြတ်ရမည်။ စုဆောင်းငွေများ ကုန်သွားတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေနေမည်။ အိမ်၊ အခန်းကိစ္စ အဆင်ပြေမည်။ ရေဘေးအန္တရာယ် ရှိသည်။

ယတြာ။ ။ အုန်းနို့ခေါက်ဆွဲဒါနပြုလိုက်ပါ။

တနင်္လာ

ဆရာသမားကောင်းများ လမ်းညွှန်မှုရမည်။ မူလအလုပ်၊ လူများနှင့်သာ ဆင်ပြေမည်။ လှုပ်ရှားသွားလာရမှုများနေမည်။ သားသမီးကြောင့် စိတ်ချမ်းသာရမည်။ အချစ်ရေးအလွန်အဆင်ပြေနေမည်။ တောင်ဘက်သို့ ခရီးထွက်ရမည်။ ထိခိုက်ရှနာ ဖြစ်တတ်သည်။

ယတြာ။ ။ ကော်ရည်ခေါက်ဆွဲ ဒါနပြုလိုက်ပါ။

အင်္ဂါ

စိတ်အနှောင့်အယှက်ဖြစ်ရမည့်ကိစ္စများ မကြာခဏပေါ်ပေါက်လာတတ်သည်။ အကောင်အထည်ဖော်ရမည့်ကိစ္စလုပ်ဖြစ်မည်။ အချစ်ရေးအလွန်ဆွေးစရာများနှင့်ကြုံမည်။ ငွေရကုန်ဖြစ်နေမည်။ ပညာထူး၊ ပညာမြတ်များရမည်။ ကျန်းမာရေးအလွန်ညံ့နေသည်။

ယတြာ။ ။ ကော်ဖီမှုန့် ဒါနပြုလိုက်ပါ။

ဗုဒ္ဓဟူး

ပြည်တွင်းပြည်ပခရီးများသွားရမည်။ ဆရာသမားများနှင့် သဘောထား ကွဲလွဲနေမည်။ ကိုယ်စားလှယ်၊ ပွဲစားလုပ်ငန်းများ အကျိုးပေးပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ ငွေသုံးစွဲရန် ရှိနေမည်။ ကျန်းမာရေးသင့်သည်။

ယတြာ။ ။ လက်ဖက်သုပ် ဒါနပြုလိုက်ပါ။

ကြာသပတေး

ငွေများစုမိမည်။ အေးဆေးငြိမ်သက်သော ဘဝကို ပိုင်ဆိုင်မည်။ လူအများအကျိုးအတွက်တော့ အနစ်နာခံပေးရမည်။ မိဘများနှင့် အငြင်းအခုံ ဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ အရိုး၊ အာရုံကြောရောဂါဖြစ်တတ်သည်။

ယတြာ။ ။ ပဲနံပြား ဒါနပြုလိုက်ပါ။

သောကြာ

ခရီးမျိုးစုံသွားနေရမည်။ လုပ်ငန်းမျိုးစုံမှ ဝင်ငွေများဝင်လာမည်။ ပြောစကားများ အဆင်ပြေမည်။ နေရာတကာတွင် အရေးပေးခံရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ အစားမှားတတ်သည်။

ယတြာ။ ။ အမွှေးတိုင် လှူပေးပါ။

စနေ

အသင်းအဖွဲ့အစည်း၊ စုပေါင်းလုပ်ဆောင်ရသည့်ကိစ္စမှန်သမျှ အဆင်မပြေပါ။ အချစ်ရေး၊ အိမ်ထောင်ရေးကြောင့် ဘဝလှုပ်ရှားသွားတတ်သည်။ ဝင်ငွေရရှိမည့် နည်းလမ်းကောင်းများ တွေ့ရမည်။ စိုက်ပျိုးရေးလုပ်ငန်းမှန်သမျှ အဆင်ပြေမည်။ ရောဂါဟောင်း ပြန်ထတတ်သည်။

ယတြာ။ ။ လုံချည် လက်ဆောင်ပေးလိုက်ပါ။

ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းအမှတ်စဉ် ၃၀/၂၀၁၉ ဖွင့်လှစ်

တောင်သူများဝင်ငွေနှင့်အကျိုးအမြတ်သိသာစွာ တိုးတက်ရရှိစေရေး ကြိုးပမ်းရာတွင် သီးနှံအထွက်နှုန်းတိုးတက်ရေးသာမက သီးနှံအရည်အသွေးမြင့်မားမှု၊ အာဟာရပြည့်ဝမှုနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဖြည့်ဆည်းပေးနိုင်မှသာ ဈေးကွက်ဝင်ဈေးကောင်းရနိုင်မည်ဖြစ်သကဲ့သို့ ရေရှည်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုကို ဦးတည်လာနိုင်မည်ဖြစ်၍ သီးနှံများစတင်စိုက်ပျိုးသည်မှ ဆွတ်ခူးရိတ်သိမ်းသိုလှောင်ထုပ်ပိုးခြင်းစသည့်လုပ်ငန်းစဉ် ကွင်းဆက်ဆိုင်ရာ နည်းပညာပြန့်ပွားရေးကို တောင်သူပညာပေးလုပ်ငန်းများ၊ ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းအမှတ်စဉ် ၃၀/၂၀၁၉ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတိုးဝေနှင့် သင်တန်းကျောင်းအုပ်ကြီး ဦးမင်းထိန်ဝင်းတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြပြီး ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာမြင့်မည် ဖြစ်သည်။

ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်းမှ ၂၀၁၄–၂၀၁၅ ခုနှစ်မှ ယနေ့ထိသင်တန်း ၁၁၉ ကြိမ်၊ တောင်သူ ၁၄၇၁ ဦး၊ ဝန်ထမ်းပေါင်း ၂၃၀၃ ဦး နည်းပညာများ ဖြန့်ဖြူးပေးခဲ့ပြီး ရိတ်သိမ်းချိန်လွန်နည်းပညာ (TOT) သင်တန်း တက်ပြီးသောဝန်ထမ်းများက တာဝန်ကျရာဒေသများတွင် ဆင့်ပွားသင်တန်းများပြုလုပ်ရာ ဆင့်ပွားသင်တန်း ၃၃၇ ကြိမ်တွင် တောင်သူ ၆၈၃၉ ဦးနှင့် ဝန်ထမ်းပေါင်း ၄၀၇၈ ဦးတို့အား ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဝေပြီးဖြစ်သည်။**MOALI ပြန်ကြားရေး**

လှိုင်းဘွဲ့မြို့နယ်တွင် ဆင်းသုခမျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုး

ဘားအံ ဇူလိုင် ၂၃

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် GMSAEDCတို့ပူးပေါင်း၍ ပြည်နယ်တွင်းရှိ ငြိမ်းချမ်းရေးဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော "ဒေသဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Project)အစီအစဉ်ဖြင့် လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ နောင်မြလွဲ ကျေးရွာတွင် RS - CS ဆင်းသုခမျိုးစပါး ၁၀ ဧကခန့် မျိုးစေ့ထုတ်စိုက်ခင်း ထူထောင်ရန် ဇူလိုင် ၁၄ ရက်က လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်ဝင်းနှင့် စိုက်ပျိုးရေးပညာရှင်များက တောင်သူများအား နည်းပညာပေး ဆွေးနွေးပြီး တောင်သူ ၆၃ ဦးနှင့်အတူ ဆင်းသုခမျိုးစပါးများ စုပေါင်းစိုက်ပျိုးကြသည်။ (ပုံ)

ဆုဝေယံ

စာ ၁၁ – ပြည်ထောင်စုဝန်ကြီး မှ

နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးသူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ မြန်မာ– နော်ဝေနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။

FAO ၏ အစီအစဉ်အရ မြန်မာနိုင်ငံပိုင် ပင်လယ်ရေပြင်အတွင်း ငါးသယံဇာတများတည်ရှိမှုအခြေအနေနှင့် ရေနက်ဂေဟဆိုင်ရာ အချက်အလက်များကို နော်ဝေနိုင်ငံ Institute of Marine Research မှ Dr.Fridjof Nansen ၏ သုတေသနရေယာဉ်ဖြင့် လေ့လာမှုငါးကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး သုတေသနရလဒ်များကိုအခြေခံ၍ ပိုမိုကောင်းမွန်သော ငါးလုပ်ငန်းစီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများချမှတ်နိုင်ခဲ့ကာ ဝန်ထမ်းများ၏ သုတေသနလုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

မြန်မာ–နော်ဝေငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား အကောင်အထည်ဖော်ရန် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဇူလိုင် ၆ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး သတင်းအချက်အလက်ဆိုင်ရာစနစ်ဖော်ဆောင်ခြင်း၊ ငါးလုပ်ငန်းသုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရေနက်ငါးမွေးမြူရေး သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးလုပ်ငန်းဥပဒေမူဘောင်များဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများ အကောင်အထည်ဖော်ရန် နော်ဝေနိုင်ငံမှ ရေနက်ငါးသုတေသနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတို့အကြား သဘောတူညီချက် နားလည်မှုရေးဆွဲနိုင်ခဲ့ပြီးဖြစ်၍ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

MOALI ပြန်ကြားရေး

ကျောဖုံး – ဒေသဆိုင်ရာ မှ

နယ်မြေရှိ ထီးဝါးပလောဒေသ၊ KAD နယ်မြေရှိ ညားလီးယားသားဒေသနှင့် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အခြားတိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ၊ သက်မွေးမှုမြှင့်တင်ပေးသည့် သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီး ဒေသခံ နေရပ်ပြန် တိုင်းရင်းသားများ ဝင်ငွေရရှိစေရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးသော အဖွဲ့အစည်းဖြစ်သည်။ ယခုနှစ်တွင် အဆိုပါ စီမံကိန်းဧရိယာများအပြင် ဆုံဆည်းမြိုင်ဒေသ DKBA ဧရိယာ နယ်မြေများနှင့် ဘုရားသုံးဆူဒေသ KNU နယ်မြေများ၌လည်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **စမ်းပြည့်ဖြိုး**

ကျိုက်လတ်တွင် ရွှေခရုကောက်ယူနှိမ်နင်း သတင်းအကျယ် စာ–၃

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တီမောလက်စ်တေ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Joao Freitas de Camara နှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီခွဲက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်စ်တေ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Joao Freitas de Camara အား ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ စိုက်ပျိုးမွေးမြူရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

နှစ်ဖက်ဆွေးနွေးရာတွင် ကော်ဖီသီးနှံအပါအဝင် လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်မှု၊ ကုန်းမြင့်စိုက်ပျိုးရေးနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာဖလှယ်ရေး၊ ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အဆင့်မြင့်နည်းပညာအသုံးပြုနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ လက်ရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်သွယ်လိုမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.StephanSakalian ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်နွယ်သောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ICRC က ဖွင့်လှစ်မည့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား (Community Animal Health Worker - CAHW) သင်တန်းအစီအစဉ်တွင် ဌာန၏ CAHW မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်မည့် FMD ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ ICRC မှ စီမံကိန်းဆောင်ရွက်လိုသောဒေသများ၏ အစိုးရအဖွဲ့အသီးသီးတို့ထံမှ သဘောထားများနှင့် ရခိုင်ပြည်နယ်အတွက် ဖွဲ့စည်းထားသောကော်မတီများ၏ သဘောထားများ ရယူရန် ကိစ္စရပ်များ၊ စီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက် RoD လက်မှတ် ရေးထိုးနိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆွေးနွေး မှာကြား

နေပြည်တော် ဇူလိုင် ၁၂

ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ မှာကြားချက်အား လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း စီမံချက်လုပ်ငန်းများကို ပိုမိုအားစိုက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယနေ့ မွန်းလွဲပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ရုံးချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မှာကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ထိရောက်စွာ အကျိုးပြုနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိရန် လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မှုကို စောင့်ကြည့်သုံးသပ်ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်ကိုလည်း သတိပြုကြစေလိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့က မိမိတို့၏အတွေ့အကြုံကောင်းများ၊ ဗဟုသုတများ၊ နည်းပညာများကို မျိုးဆက်သစ်များအား မျှဝေပေးခြင်းဖြင့် အနာဂတ်အတွက် အမွေကောင်းများ ပေးစွမ်းနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ရေရရှိရေးစီမံကိန်းဖြင့် ကျေးရွာ ၂၃၂၃ ရွာရှိ အိမ်ခြေ ၃ ဒသမ ၆၉၇ သိန်းမှ လူဦးရေ ၁၈ ဒသမ ၂၁၉ သိန်းကို အကျိုးပြုလျက်ရှိပြီး မြို့နယ် ၂၂ မြို့နယ်တွင် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်မီးလင်းရေး ICB-2 စီမံကိန်းဖြင့် တစ်အိမ်သုံးဆိုလာစနစ် ၁၃၆၆ ရွာ၊ အသေးစားဓာတ်အားစနစ် ၃၅ ရွာ၊ ICB-3 စီမံကိန်းဖြင့် တစ်အိမ်သုံးဆိုလာစနစ် ၂၃၆၇ ရွာ၊ အသေးစားဓာတ်အားစနစ် ၁၉ ရွာတို့၌ ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည်။

ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်အတွင်း၌ မြို့နယ် ၂၀ မြို့နယ်ရှိ ကျေးရွာ ၁၇၄ ရွာတွင် ကျေးလက်အိမ်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

သီးနှံစိုက်ဧရိယာ ၁၃၉၃၈၉ ဧကကို အကျိုးပြုနိုင်မည့် ကျေးလက်ကုန်ထုတ်လမ်း ၂၆၄ မိုင် ၂ ဒသမ ၆၉ ဖာလုံ၊ ကျေးလက်ကုန်ထုတ်တံတား ၂၂၃ စင်း ဆောင်ရွက်ပေးလျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်း ဆဋ္ဌမနှစ်စက်ဝန်းကို မြို့နယ် ၅၄ မြို့နယ်ရှိ ကျေးရွာ ၁၀၂၁၈ ရွာတွင် စီမံကိန်းလုပ်ငန်း ၆၆၃၃ ခုနှင့် ဖွံ့ဖြိုးရေးသင်တန်း ၅၉၈၅ ကြိမ် ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၈–၂၀၁၉ ခုနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၉၄၄ ရွာ၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄–၂၀၁၈ နှစ်အတွင်း ကျေးရွာ ၁၁၀၉၈ ရွာ၌ ဆောင်ရွက်ပေးခဲ့သဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၁၇ ဒသမ ၃၄ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ခဲ့သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ဖြင့် ကျေးရွာ ၂၇၄၆ ရွာရှိ အိမ်ခြေ ၄ ဒသမ ၅၇ သိန်းမှ လူဦးရေ ၂၀ ဒသမ ၇၆ သိန်းကို အကျိုးပြုလျက်ရှိသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)၊ ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းပေါင်း ၂၁၃၈ ကြိမ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သင်တန်း ၁၉၂ ကြိမ်၊ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာသင်တန်း ၂၇ ကြိမ်၊ ကွန်ပျူတာဆိုင်ရာ သင်တန်း ၅၄ ကြိမ်၊ ဒီဇယ်/လျှပ်စစ်ဆိုင်ရာ သင်တန်း ၇၃ ကြိမ်၊ လက်သမား/ပန်းရံ သင်တန်း ၉၉ ကြိမ်၊ အိမ်တွင်းမှုဆိုင်ရာ သင်တန်း ၃၀၉၉ ကြိမ်၊ အခြားသင်တန်းများ ၂၅၈ ကြိမ်တို့ကို သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး

ရှေ့ဖုံး – မြန်မာ–အိန္ဒိယ မှ

နှစ်ဖက်ဆွေးနွေးရာတွင် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့်ပညာရေး ဗဟိုဌာန (ACARE) နှင့် စပါးဇီဝဥယျာဉ် (Rice Bio Park) နှင့် ပတ်သက်သည့် လေ့ကျင့်ပညာပေးရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မဟာသိပ္ပံနှင့် ဘွဲ့လွန်သင်တန်းများ၊ ကာလတိုသင်တန်းများ အပါအဝင် နည်းပညာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ ခေတ်မီစက်မှုလယ်ယာနည်းပညာကျင့်သုံးနိုင်ရေးဆိုင်ရာများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ–အိန္ဒိယနှစ်နိုင်ငံနားလည်မှုစာချွန်လွှာအရ တိရစ္ဆာန်ကျန်းမာရေးနှင့်စီမံခန့်ခွဲရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးမည့် စီမံချက်ဆိုင်ရာများကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ၂၀ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

လုပ်ကိုင်ခွင့်အသုံးပြုခွင့်ရထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးမှု တည်ငြိမ်သောကာလ၌ လယ်ယာမြေအသစ်များအဖြစ်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့်လည်းကောင်း နိုင်ငံသားများအတွက် ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာထုတ်လုပ်ရာဌာနများအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား ထိရောက်မှန်ကန်စွာ အကျိုးရှိရှိ အသုံးချလုပ်ကိုင်နိုင်ရေးကို စီမံဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မြေယာပြဿနာများအား မှန်ကန်မြန်ဆန်စွာ ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သောမူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သလို တောင်သူလယ်သမားများအတွက် ထိရောက်စွာအကျိုးပြုပေးနိုင်မည့် ခိုင်ခံ့သောတောင်သူလယ်သမားအဖွဲ့အစည်းများဆိုင်ရာ ဥပဒေပေါ်ပေါက်လာရေးသည် အထူးအရေးကြီးပါကြောင်း၊ မိမိတို့ဗဟို ကော်မတီအဖွဲ့ဝင်များအနေဖြင့် အဆိုပါကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ၂၀ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ ဗဟိုကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့် အကြောင်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။

အစည်းအဝေးတွင် စည်းကမ်းချက် သတ်မှတ်ချက်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားသောမြေများအား ခွင့်ပြုမိန့်ရုပ်သိမ်းရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုမိန့်စာအသစ်ထုတ်ပေးနိုင်ရေးဆိုင်ရာများကိုလည်းကောင်း၊ ယခုအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစတင်၍ အတည်ပြု ပြဋ္ဌာန်းခဲ့သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအရ မြေခွန်တော်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီးနောက် အသုံးပြုစိုက်ပျိုးထားသောမြေယာအပေါ် ကောက်ခံရမည့် မြေခွန်တော်ကောက်ခံရရှိရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ၂၀ ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းလုပ်ပိုင်ခွင့်မြေ ၆၁၁၄၅ ဧကအား ပြန်လည်သိမ်းဆည်းကြောင်း ဆုံးဖြတ်ခဲ့ရာ သတ်မှတ်ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြန်လည်သိမ်းဆည်းမြေဧရိယာမှာ စုစုပေါင်း ဧကတစ်သိန်းခြောက်သောင်းကျော်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး

ပဲခူးတိုင်းဒေသကြီးတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့်စီမံကိန်းတွင် ပါဝင်မည့်သူများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ ကျေးရွာ ၃၇၂၆ ရွာတွင် အကောင်အထည်ဖော်မည်

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံ ကျေးလက်ဒေသ များတွင် လောင်စာထင်း သုံးစွဲမှု လျှော့ချလာနိုင်စေရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ခြင်းကို အထောက်အကူပြုနိုင်စေရန် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ကိုရီးယားရာသီဥတု ပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်း၊ စီမံကိန်းစတင်ခြင်းအလုပ်ရုံ ဆွေးနွေးပွဲနှင့် စီမံကိန်းတွင်ပါဝင်မည့် သူများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက် ကြမည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်မည့် သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်း ဒါရိုက်တာ ဦးအေးကိုကိုက စွမ်းအားမြင့်မီးဖိုများဖြန့်ဖြူးခြင်း စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စွမ်းအားမြင့်မီးဖိုများ အသုံးပြုမှုကို လက်တွေ့ပြသပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပကာ ပါဝင်တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းမှုများကို စီမံကိန်းဒါရိုက်တာနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် Carbon Credit များ ရရှိလာနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း၊ မြန်မာ ဆယ်မာအုးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှုမှ လုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများအပြင် ကျေးလက်ဒေသအခြေခံလူတန်းစားများ၏ အသက်မွေးဝမ်းကျောင်းဘဝ တိုးတက်မြင့်မားလာစေရန်နှင့် လူမှုရေးအသိပညာပေးစောင့်ရှောက်မှုများ တိုးမြှင့်ပံ့ပိုးပေးနိုင်ရန် တို့ကို အကျိုးပြုနိုင်မည်ဟု သိရသည်။

လူတို့နေ့စဉ်ချက်ပြုတ်စားသောက်မှုတွင် ထင်းသုံးစွဲမှု လျှော့ချနိုင်သဖြင့် သစ်တောပြုန်းတီးမှုနှင့် ကာဗွန်ထုတ်လုပ်မှု လျော့နည်းလာစေရန် စွမ်းအားမြင့်မီးဖို သုံးစွဲလာကြစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်ရှိ ကျေးရွာ ၃၇၂၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၄၆၈၀၀၀ တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ MOALI ပြန်ကြားရေး

ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

ဘားအံ ဇူလိုင် ၂၃

ကရင်ပြည်နယ် အစိုးရအဖွဲ့ နှင့် GMSAEDC (Greater Mekong Subregion Agriculture and Education Development Center) တို့ ပူးပေါင်း၍ EAOs ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Project) ၏ နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦး တက်ရောက် လက်မှတ်ရေးထိုးပေးသည်။

ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက စီမံကိန်းများဆောင်ရွက်မှုတွင် အခက်အခဲများရှိပါက သက်ဆိုင်ရာဌာနများမှ Project Coordinator ဒေါ်ရီဆွေအေး တို့က ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးနှင့် EAOs ဒေသများမှ တာဝန်ရှိ

တစ်ဆင့် ပြည်နယ်အစိုးရထံသို့ တင်ပြရန်နှင့် စီမံကိန်းကာလပြီးဆုံးသွားသည့်နောက်တွင် ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ရပ်တည်နိုင်စေရန်အတွက် ရေရှည်တည်တံ့သောလုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ GMSAEDC မှ Mr.Yuki Ozaki (Project Director) နှင့် သူများက စီမံကိန်းအား နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးကြသည်။

အဆိုပါ GMC အဖွဲ့သည် ၂၀၁၇ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်၏ EAOs ဒေသများဖြစ်သော KNU နယ်မြေရှိ လေးကေ့ကော်ဒေသ၊ KNU/KNLA-Pc

စာ - ၁၈ သို့